# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၄ ခုနှစ် ၊ တပို့တွဲလပြည့်ကျော် (၇) ရက် ၊ စနေနေ့ ၊ (11-2-2023) ၊ အတွဲ (၃၁) ၊ အမှတ် (၂၈၇)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်**

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရတနာပလ္လင်တော်ထက်အလယ်ဗဟိုဌာနများတွင် ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အမှူးပြုသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းလုံးမှ ဥပနာတော်ကုသိုလ်ရှင်များ လှူဒါန်းထားရှိသော ဥပနာတော်များသွင်းလှူပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားကျင်းပပြုလုပ်



ဆရာတော်များ၊ ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဘုရားဒါယကာများက ဥပနာတော်သွင်းလှူပူဇော်ခြင်းမဟာမင်္ဂလာအခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ဖွင့်လှစ်စဉ်။



ပါဠိဆရာတော်ကြီးနှင့် ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်တို့က ဥပနာတော်ပစ္စည်းများ ထည့်သွင်းထားသည့် ရွှေသေတ္တာတော်ကို သတ်မှတ်ဥပနာတော်နေရာတွင် ထုံးတမ်းစဉ်လာများနှင့်အညီ သွင်းလှူပူဇော်စဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၁၀** ပြည်ထောင်စုနယ်မြေနေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်း တည်ထားကိုးကွယ်ရန် ဆောင်ရွက်လျက်ရှိသည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနများတွင် ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အမှူးပြုသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းလုံးမှ ဥပနာတော်ကုသိုလ်ရှင်များ လှူဒါန်းထားသည့် ဥပနာတော်များ

**စာမျက်နှာ ၁၆ ကော်လံ ၁ သို့**




ရတနာပုံ
၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်
အယ်ဒီတာ့အာဘော်

# နိုင်ငံ့စီးပွားရေးကို နိုင်ငံသူ၊ နိုင်ငံသားအားလုံး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်

မြန်မာနိုင်ငံ၏ လူဦးရေ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်တွင်နေထိုင်ကြပြီး လူဦးရေ ၃၀ ရာခိုင်နှုန်းသည် မြို့ပြတွင်နေထိုင်ကြသည်။ ထိုသို့ နေထိုင်သည့် လူဦးရေအများစုမှာ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်ကြသည်။ ထို့ပြင် နိုင်ငံ့စီးပွားရေးကို ဆောင်ရွက်ရာတွင် နိုင်ငံသူနိုင်ငံသားအားလုံး ဝိုင်းဝန်းကြိုးပမ်းကြရမည်ဖြစ်သည်။

ပြည်တွင်းစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်တွင်းမှထွက်ရှိသည့် ကုန်ကြမ်းများကို အဓိကထားဆောင်ရွက်ရမည်ဖြစ်သည်။ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့် ကုန်ကြမ်းများမှ တန်ဖိုးမြှင့်ထုတ်ကုန်များကို ထုတ်လုပ်နိုင်ရန် လိုအပ်သည်။

ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ထုတ်ကုန်များ အရည်အသွေးကောင်းမွန်ရန်လိုပြီး ဒေသတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့် ကုန်ကြမ်းများကို အဓိကထားထုတ်လုပ်သည့် ထုတ်ကုန်များ ထုတ်လုပ်ရန်လိုသည်။ ထိုသို့ဆောင်ရွက်မှသာလျှင် ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်မည်ဖြစ်ကာ ဒေသဖွံ့ဖြိုးမှုကို ပိုမိုအထောက်အပံ့ပေးနိုင်မည်ဖြစ်ပြီး လူမှုစီးပွားဘဝလည်း မြင့်တက်လာမည်ဖြစ်သည်။ ထို့ပြင် စဉ်ဆက်မပြတ်သည့် ကုန်ကြမ်းပစ္စည်းကို ရရှိနိုင်မည်ဖြစ်သဖြင့် ခိုင်မာသည့် ကုန်ထုတ်လုပ်မှုနှင့် ပိုမိုအကျိုးဖြစ်ထွန်းမှုကို ဖြစ်စေမည်ဖြစ်သည်။ ဒေသတွင်း လည်ပတ်သုံးစွဲငွေများလည်း ပိုမိုများလာမည်ဖြစ်ပြီး ဒေသနေပြည်သူများ၏ လူမှုစီးပွားဘဝမြင့်တက်လာမှုနှင့်အတူ နိုင်ငံ့စီးပွားရေးသည်လည်း မြင့်တက်လာမည်ဖြစ်သည်။

ပြည်ပသွင်းကုန်နှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် ယခင်က ပြည်တွင်းကုန်ထုတ်လုပ်မှုကို အားပေးခြင်းမရှိခဲ့ခြင်းကြောင့် ပြည်ပမှသွင်းကုန်များကို များစွာတင်သွင်းခဲ့ရပြီး ကုန်သွယ်မှုလိုငွေများ ဖြစ်ပေါ်ခဲ့သည်။ ယခုအခါ နိုင်ငံတော်အနေဖြင့် ပြည်တွင်းကုန်ထုတ်လုပ်မှုများကို အားပေးဆောင်ရွက်လျက်ရှိပြီး ရပ်တန့်ထားသည့်စက်ရုံများ ပြန်လည် လည်ပတ်နိုင်ရေး ဆောင်ရွက်လျက်ရှိသည်။ ထုတ်ကုန်များထုတ်လုပ်ရာတွင် ပြည်တွင်းလိုအပ်ချက်ဖြစ်သည့် လူသုံးကုန်ပစ္စည်းများကို လုံလောက်စွာ ထုတ်လုပ်နိုင်မည်ဆိုပါက နိုင်ငံခြားငွေသုံးစွဲမှုကို လျှော့ချနိုင်မည်ဖြစ်သည်။ နိုင်ငံအတွက်လိုအပ်လျက်ရှိသည့် အခြေခံလူသုံးကုန်ပစ္စည်းများကို ပြည်ပမှတင်သွင်းရသူ **(Importer)** အဆင့်မှ ပြည်တွင်းလိုအပ်ချက် ဖူလုံပြည့်မီအောင်ထုတ်လုပ်ပြီး ပြည်ပသို့တင်ပို့နိုင်သူ **(Exporter)** အဆင့်ထိ ရောက်ရှိအောင် ကြိုးပမ်းဆောင်ရွက်ကြရန်လိုသည်။ ထိုသို့ဆောင်ရွက်ခြင်းဖြင့် ဝင်ငွေ၊ ထွက်ငွေများ မျှတမှုရှိလာပါက နိုင်ငံ့စီးပွားရေးတိုးတက်လာမည်ဖြစ်ပေသည်။

ကုန်ထုတ်လုပ်မှုလုပ်ငန်းများဆောင်ရွက်ရန်အတွက် လိုအပ်သည့် ငွေကြေးအရင်းအနှီးများကို နိုင်ငံတော်အနေဖြင့် အသက်သာဆုံးအတိုးနှုန်းဖြင့် ထုတ်ချေးပေးမည်ဖြစ်သဖြင့် အကျိုးရှိစွာ အသုံးချကြရမည်ဖြစ်သည်။ **MSME** လုပ်ငန်းများအတွက် နည်းပညာရရှိရန်လေ့လာဆောင်ရွက်ရန်လိုသကဲ့သို့ လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံပညာအထက်တန်းကျောင်းများတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုနည်းပညာဘာသာရပ်များကို သင်ကြားပေးမည်ဖြစ်သည်။ လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး အတန်းပညာများ မြင့်မားမှုရှိစေရန် နိုင်ငံတော်အနေဖြင့် အားပေးဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ နိုင်ငံ့စီးပွားရေးကိုဆောင်ရွက်ရာတွင် နိုင်ငံသူ၊ နိုင်ငံသားအားလုံးက အမြင်ကျယ်ကျယ်ဖြင့် ဆောင်ရွက်ကြရန်လိုပြီး ကမ္ဘာကြည့် ကြည့်မြင်ကြရမည်ဖြစ်ကာ အတူတကွ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။

# မန္တလေးဈေးကွက်တွင် ပဲယဉ်း အရောင်းအဝယ်ကောင်းလာပြီး သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၆၀၀၀၀ ပေါက်ဈေးရှိလာ

**မန္တလေး ဖေဖော်ဝါရီ ၁၀**

မန္တလေးဈေးကွက်တွင် ပဲယဉ်း အရောင်းအဝယ် ကောင်းလာပြီး သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၆၀၀၀၀ ပေါက်ဈေးရှိလာကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ယခုအခါ ပဲယဉ်းကို ပြည်တွင်းဈေးကွက်အတွင်း ဝယ်ယူမှုများ ပြားလာကြောင်း၊ ထိုသို့ ပဲယဉ်းများ အရောင်းအဝယ် ကောင်းမွန်လာခြင်းကြောင့် မန္တလေး ဈေးကွက်အတွင်း ဈေးကောင်းရရှိလာကြောင်း သိရသည်။

"အခုလက်ရှိ ပဲယဉ်းတွေ မန္တလေးဈေးကွက်အတွင်း ဝင်ရောက်လာပါတယ်။ ပြည်ပကို အဓိကထားတင်ပို့တဲ့ပဲယဉ်းတွေကို ပြည်တွင်းမှာဝယ်ယူမှုများတာကြောင့် ဈေးကောင်းပြန်ပြီးရလာပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေးဈေးကွက်တွင် ဇန်နဝါရီလ နောက်ဆုံးပတ်အတွင်းက ပဲယဉ်းဈေးနှုန်းမှာ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၄၂၀၀၀ သာရှိခဲ့သော်လည်း ဖေဖော်ဝါရီ ၉ ရက်ပေါက်ဈေးအရ ပဲယဉ်း သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၆၀၀၀၀ ရှိကြောင်း သိရသည်။

"မန္တလေး ကုန်စည်ဒိုင်အတွင်းမှာ ပဲယဉ်းအရောင်းအဝယ်လုပ်တဲ့ ကုန်သည်တွေ အခုလတ်တလော ပြန်ပြီးများလာတယ်။ ပဲယဉ်းအပြင် အချို့ကုန်စည်တွေလဲ အရောင်းအဝယ်ရှိပါတယ်။ အခုကတော့ ပဲယဉ်းက အဝယ်လိုက်နေတာကြောင့် ဈေးကောင်းပြန်ရနေပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

(၁၈၄)

# မန္တလေး ဂေါဝိန်ဆိပ်ကမ်းမှ ကသာနှင့်ဗန်းမော်ဘက်သို့ ရေယာဉ်ဖြင့်လိုက်ပါစီးနင်းသည့် ခရီးသွားဦးရေ များပြား



**မန္တလေး ဖေဖော်ဝါရီ ၁၀**

မန္တလေး ဂေါဝိန်ဆိပ်ကမ်းမှ ကသာနှင့်ဗန်းမော်ဘက်သို့ ရေယာဉ်ဖြင့် လိုက်ပါစီးနင်းသည့် ခရီးသွားဦးရေ ယခင်ကထက် များပြားလာကြောင်း မန္တလေးတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များ စည်းကမ်းထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ ဦးဝင်းမောင်က ပြောပြ၍ သိရသည်။

ဧရာဝတီမြစ် ရေလမ်းကြောင်းအတိုင်း မန္တလေးမြို့မှ အခြားမြို့များသို့ ကုန်စည်များတင်ပို့ရာတွင် ရွှေကြက်ယက်ဆိပ်ကမ်း၊ ချော်ဆိပ်၊ မရမ်းခြံဆိပ်ကမ်းနှင့် ဂေါဝိန်ဆိပ်ကမ်းတို့မှ တင်ပို့လျက်ရှိကြောင်း၊ ယခုအခါ ဂေါဝိန်ဆိပ်ကမ်းမှ ကသာနှင့် ဗန်းမော်ဘက်သို့ ရေယာဉ်ဖြင့် လိုက်ပါစီးနင်းသည့် ခရီးသွားဦးရေ ပိုမိုများပြားလာကြောင်း သိရသည်။

"အရင်က ဂေါဝိန်ဆိပ်ကမ်းမှာ ခရီးသည်လိုက်ပါစီးနင်းမှုက အနည်းအကျဉ်းလောက်ပဲရှိတယ်။ အခုက မန္တလေးကနေ ကသာနဲ့ဗန်းမော်ဘက်ကိုသွားလာနေတဲ့ ခရီးသည်တွေက ဆန်၊ ကြက်သွန် စတာတွေကို အရောင်းအဝယ်လုပ်တဲ့ကုန်သည်တွေများပါတယ်"ဟု ဦးဝင်းမောင်က ပြောပြသည်။

ဂေါဝိန်ဆိပ်ကမ်းမှ ကသာနှင့် ဗန်းမော်ဘက်သို့ ရေယာဉ်ဖြင့် လိုက်ပါစီးနင်းသည့် ခရီးသွားဦးရေမှာ ဇန်နဝါရီလ နောက်ဆုံးပတ်က တစ်ရက်လျှင် ဦးရေ ၅၀ ကျော်သာရှိကြောင်း၊ ဖေဖော်ဝါရီလ ပထမပတ်မှစ၍ လိုက်ပါစီးနင်းသည့် ဦးရေမှာ တစ်ရက်လျှင် ဦးရေ ၂၅၀ ကျော်ထိရှိလာကြောင်း မန္တလေးတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များ စည်းကမ်းထိန်းသိမ်းရေးကော်မတီမှ သိရသည်။

(၁၈၄)

# တစ်ပတ်အတွင်း မန္တလေး မြေဈေးကွက်

**မန္တလေး ဖေဖော်ဝါရီ ၁၀**

မန္တလေး အိမ်ခြံမြေဈေးကွက်အတွင်း ရင်းနှီးမြှုပ်နှံသူအသစ်များ ဝင်ရောက်လာပြီး အငှားဈေးကွက်လည်း ပို၍များလာကာ မြို့တွင်းပိုင်း အချက်အချာကျသည့်နေရာများ ငှားရမ်းလိုမှု ပို၍မြင့်တက်နေကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

ငှားရမ်းမှုများတွင် လူနေထိုင်မှုနှင့်ဆိုင်ခန်းဖွင့်လှစ်ရန်ကောင်းမွန်သောအချက်အချာကျသည့် အဓိကလမ်းမကြီးများ၊ လူစည်ကားရာရပ်ကွက်ကြီးများတွင် ငှားရမ်းလိုမှုအများဆုံးဖြစ်နေပြီး ဈေးဆိုင်များ၊ ရုံးခန်းများဖွင့်လှစ်ကြရန်နှင့် စီးပွားရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ရန်အတွက် မြေနေရာအကျယ်အဝန်းလုံလောက်စွာရှိသောနေရာများ ပို၍အငှားဖြစ်နေကြောင်း သိရသည်။

"အငှားဘက် ပိုဖြစ်လာတယ်လို့ပြောလို့ရတယ်။ ဈေးနှုန်းတွေလဲ မြင့်လာတယ်။ အရင်က လူပါနေလို့ရတဲ့ ဆိုင်ခန်းတစ်ခန်းဆိုရင် ငွေကျပ် နှစ်သိန်းငါးသောင်း၊ သုံးသိန်းလောက်သုံးနိုင်ရင်ရတယ်။ အခုက အနည်းဆုံးကို ငွေကျပ်သုံးသိန်းကျော်မှ ရတော့တယ်။ မြို့တွင်းပိုင်း လမ်းမကြီးတွေနဲ့ အချက်အချာကျတဲ့နေရာတွေ ပိုရှာခိုင်းတယ်။ စီးပွားရေးသမားတွေတော့ မဟုတ်ပေမဲ့ တစ်နိုင်တစ်ပိုင် ဆိုင်ဖွင့်ကြမဲ့သူမျိုးတွေများပါတယ်"ဟု ချမ်းမြသာစည်မြို့နယ်မှ အိမ်ခြံမြေအကျိုးတော်ဆောင် ဦးဌေးဝင်းက ပြောပြသည်။

ငှားရမ်းမှုဈေးနှုန်းများအနေဖြင့် တစ်လလျှင် ငွေကျပ် ခုနစ်သောင်းမှ ငါးသိန်းခန့်ထိရှိနေပြီး တစ်လလျှင် ငွေကျပ် တစ်သိန်းငါးသောင်းခန့်ဈေးတန်းရှိ အိမ်ခန်းများ၊ လုံးချင်းနေအိမ်များကို ငှားရမ်းမှု အများဆုံးဖြစ်ကြောင်း သိရသည်။

ဈေးကွက်တစ်ခုလုံးအနေဖြင့် အေးနေသော်လည်း အရောင်းအဝယ်လိုက်နေသည့် မြေကွက်များလည်းရှိကြောင်း၊ အဆိုပါနေရာများမှာ မြို့၏ဆင်ခြေဖုံးရပ်ကွက်များနှင့် ကျေးရွာမြေကွက်များဖြစ်ကြောင်း၊ ကျေးရွာမြေကွက်များအနေဖြင့် အမရပူရမြို့နယ် အရှေ့ခြမ်းရှိ ကျေးရွာမြေများ၊ မြစ်ငယ်၊ စဉ့်ကိုင်အနီးရှိ ကျေးရွာမြေများနှင့် ပုသိမ်ကြီးမြို့အနီးရှိ ကျေးရွာမြေများ အရောင်းအဝယ်လိုက်နေကြောင်း သိရသည်။

အိမ်ခြံမြေဈေးနှုန်းများအနေဖြင့် စက်မှုဇုန်နှင့်အနီးဝန်းကျင်ရပ်ကွက်များမှ လမ်းတင်မြေကွက်များမှာ ငွေကျပ်သိန်း ၂၅၀၀ ခန့်နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၇၀၀ မှ သိန်း ၂၀၀၀ ခန့်၊ ပြည်ကြီးတံခွန်မြို့နယ် အရှေ့ခြမ်းနှင့် ပုသိမ်ကြီးမြို့နယ်တွင် ငွေကျပ် သိန်း ၅၀၀ နှင့်အထက်၊ အမရပူရမြို့နယ်တွင် ရပ်ကွက်အတွင်းပိုင်းရှိ လမ်းတင်မြေကွက်များမှာ ငွေကျပ်သိန်း ၈၀၀ ခန့်နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၃၀၀ မှ သိန်း ၁၀၀၀ ခန့်၊ လမ်းမတန်းကြီးများတွင် လမ်းတင်မြေကွက်များမှာ ငွေကျပ်သိန်း ၁၅၀၀ ခန့်နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၇၀၀ မှ သိန်း ၂၀၀၀ ခန့်ရှိကြောင်း အိမ်ခြံမြေအကျိုးတော်ဆောင် ဦးဌေးဝင်းထံမှ သိရသည်။

(၁၇၃)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။



## ပြည်ထောင်စုစိတ်ဓာတ်

တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး အချင်းချင်းအပြန်အလှန်ချစ်ခင်လေးစားယုံကြည်မှုဖြင့် စည်းလုံးညီညွတ်သည့် ပြည်ထောင်စုကြီးတည်ဆောက်မည်ဟူသော ခိုင်မာသည့်သန္နိဋ္ဌာန်သည် ပြည်ထောင်စုစိတ်ဓာတ်ပင်ဖြစ်ပါသည်။


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၇၅)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာမှကောက်နုတ်ချက်

၁၂-၂-၂၀၂၂

# ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံမှ ပြည်ပသို့ ပဲမျိုးစုံတင်ပို့မှုမှ အမေရိကန်ဒေါ်လာ သန်း ၁၄၀၀ ကျော်ရရှိအောင်ဆောင်ရွက်သွားမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၀**

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံမှ ပြည်ပသို့ ပဲမျိုးစုံတင်ပို့မှုမှ အမေရိကန်ဒေါ်လာသန်း ၁၄၀၀ ကျော် ရရှိအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၏ သတင်းများအရ သိရသည်။



မြန်မာနိုင်ငံအနေဖြင့် စိုက်ပျိုးထွက်ရှိနေသည့်ပဲများမှ ပဲအမျိုးအစားပေါင်း ၂၀ ကျော်ထိ ပြည်ပသို့ တင်ပို့ရောင်းချပေးလျက်ရှိပြီး ထိုသို့ တင်ပို့ရောင်းချပေးရာတွင် ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းသာမက နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများကလည်း တင်ပို့ရောင်းချပေးနေခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံမှ ပြည်ပသို့ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၁၃၈၀ ဒသမ ၄၄၉ သန်းတန်ဖိုးရှိ ပဲမျိုးစုံတန်ချိန် ၁ ဒသမ ၈၇ သန်း တင်ပို့ရောင်းချပေးခဲ့ရပြီး ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် မိနီဘတ်ဂျက်ကာလတွင် အမေရိကန်ဒေါ်လာ ၇၇၉ ဒသမ ၄၈၉ သန်းတန်ဖိုးရှိ ပဲမျိုးစုံတန်ချိန် ၁ ဒသမ ၀၃၉ သန်း တင်ပို့ရောင်းချပေးခဲ့ရကြောင်း၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ၂၀၂၂ ခုနှစ် ဧပြီ ၁ ရက်မှ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၂၇ ရက်ထိကာလအတွင်း အမေရိကန်ဒေါ်လာ ၁၀၅၉ ဒသမ ၅၀၅ သန်းတန်ဖိုးရှိ ပဲမျိုးစုံတန်ချိန် ၁ ဒသမ ၃၇၂ သန်း တင်ပို့ရောင်းချပေးနိုင်ခဲ့ကြောင်း သိရသည်။

ထို့ကြောင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပဲမျိုးစုံတန်ချိန် ၁၇ ဒသမ ၉၃၈ သိန်းထိ တင်ပို့ရောင်းချကာ နိုင်ငံခြားဝင်ငွေ အမေရိကန်ဒေါ်လာ ၁၄၁၃ ဒသမ ၅၁၇ သန်း ရရှိအောင်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အမေရိကန်ဒေါ်လာ ၅၂၅ သန်းတန်ဖိုးရှိ မတ်ပဲတန်ချိန် ခုနစ်သိန်း၊ အမေရိကန်ဒေါ်လာ ၅၁၆ သန်းတန်ဖိုးရှိ ပဲတီစိမ်းတန်ချိန် ခြောက်သိန်း၊ အမေရိကန်ဒေါ်လာ ၁၅၇ ဒသမ ၅ သန်း တန်ဖိုးရှိ ပဲစင်းငုံတန်ချိန် ၂ ဒသမ ၁ သိန်း၊ အမေရိကန်ဒေါ်လာ ၁၇ ဒသမ ၄ သန်းတန်ဖိုးရှိ ကုလားပဲတန်ချိန် သုည ဒသမ ၂ သိန်း၊ အမေရိကန်ဒေါ်လာ ၃၁ ဒသမ ၄၈၂ သန်းတန်ဖိုးရှိ ပဲလွမ်းဖြူတန်ချိန် သုည ဒသမ ၄၇၇ သိန်း၊ အမေရိကန်ဒေါ်လာ ၂၅ ဒသမ ၈၁ သန်းတန်ဖိုးရှိ ထောပတ်ပဲတန်ချိန် သုည ဒသမ ၂၉ သိန်း၊ အမေရိကန်ဒေါ်လာ ၁၄၀ ဒသမ ၃၂၅ သန်းတန်ဖိုးရှိ အခြားပဲအမျိုးအစား တန်ချိန် ၁ ဒသမ ၈၇၁ သိန်း စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၄၁၃ ဒသမ ၅၁၇ သန်းတန်ဖိုးရှိ ပဲမျိုးစုံတန်ချိန် ၁၇ ဒသမ ၉၃၈ သိန်းတင်ပို့ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ပဲမျိုးစုံစိုက်ပျိုးလျက်ရှိရာ စိုက်ဧက ၇၂ ရာခိုင်နှုန်းသည် မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ ပဲလွမ်း၊ မြေထောက်ပဲ၊ ထောပတ်ပဲ၊ ပဲယဉ်း၊ ကုလားပဲ၊ ပဲပုပ်နှင့် ပဲလွမ်းဖြူ စသည့်သီးနှံများ စိုက်ပျိုးကြကြောင်း သိရသည်။

(၃၃၆)

# ဇလွန်မြို့နယ် ရွာသာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဇလွန် ဖေဖော်ဝါရီ ၁၀**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ဇလွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန်ရည်ရွယ်၍ ရွာသာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ တတိယအကြိမ်ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဇလွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မူမူသင်းက ရွာသာကျေးရွာရှိ ရပ်မိရပ်ဖများ၊ အသင်းသား၊ အသင်းသူများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့်တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၂၉၄ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များက ရွာသာကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၄ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၂၉၄ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ဇလွန်မြို့နယ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှစတင်ကာ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်ထိ ကျေးရွာယူနစ် ၇၃ ယူနစ် ကျေးရွာပေါင်း ၁၂၀ ရွာတွင် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း ဇလွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မူမူသင်းက ပြောပြ၍ သိရသည်။

**ရိုးသန်းညွန့်**

# မော်လမြိုင်မြို့နယ် မရမ်းကွင်းကျေးရွာ၌ သံကူကွန်ကရစ်မြေထိန်းနံရံတည်ဆောက်ခြင်းနှင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**မော်လမြိုင် ဖေဖော်ဝါရီ ၁၀**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် မော်လမြိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မရမ်းကွင်းကျေးရွာ၌ သံကူကွန်ကရစ်မြေထိန်းနံရံတည်ဆောက်ခြင်းနှင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ဖေဖော်ဝါရီ ၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မော်လမြိုင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်နွယ်ဦး၊ မော်လမြိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းမင်းစိုးနှင့် အင်ဂျင်နီယာဝန်ထမ်းများက မရမ်းကွင်းကျေးရွာ၌ သံကူကွန်ကရစ်မြေထိန်းနံရံတည်ဆောက်ခြင်းနှင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများနှင့်ပတ်သက်၍ အချိန်မီပြီးစီးရေး ဆွေးနွေးမှာကြားသည်။

မရမ်းကွင်းကျေးရွာ၌ အလျား ပေ ၃၄၀၀၊ အနံ ခြောက်လက်မ၊ အမြင့် သုံးပေရှိ သံကူကွန်ကရစ်မြေထိန်းနံရံ တည်ဆောက်ခြင်းနှင့် အရှည်ပေ ၁၇၀၀၊ အကျယ် ၁၄ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၁၂၆ သန်းဖြင့် တင်ဒါအောင်မြင်သည့် Phoenix Eleven ကုမ္ပဏီက ၂၀၂၂ ခုနှစ် စက်တင်ဘာလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပါက မရမ်းကွင်းကျေးရွာရှိ အိမ်ခြေ ၁၄၂ အိမ်မှ လူ ၉၂၇ ဦးတို့၏ လယ်ယာမြေဧကများမှ ထွက်ရှိလာသော ထုတ်ကုန်၊ ထွက်ကုန်များ ဈေးကွက်သို့ လွယ်ကူလျင်မြန်စွာ အချိန်မီတင်ပို့ရောင်းချနိုင်တော့မည်ဖြစ်ကြောင်း မော်လမြိုင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်နွယ်ဦးထံမှ သိရသည်။

**သုတ**



# ဆေးဖက်ဝင်အပင်များနှင့် အဓိကပျောက်ကင်းနိုင်သောရောဂါများ(၄၂)

ကြည်လွင်မြင့်(မုံရွာ)



**နံနံပင်**

အင်္ဂလိပ်အမည် - Coriander
မျိုးရင်း - Umbelliferae (နံနံမျိုးရင်း)
ရုက္ခဗေဒအမည် - Coriandrum sativum Linn.

**အဓိကဆေးဖက်ဝင်ပုံ**

နံနံပင်သည် ခေါင်းကိုက်ရောဂါ၊ နှုတ်မမြိန်ရောဂါ၊ ဝမ်းမီးအားနည်းရောဂါ၊ ကိုယ်ဝန်တည်စပျို့အန်ခြင်းရောဂါ၊ အဆစ်အမျက်ကိုက်ခဲရောဂါ၊ လည်ချောင်းနာရောဂါ၊ ချောင်းဆိုးရောဂါများအတွက်ဆေးဖက်ဝင်သည်။

**ပေါက်ရောက်သည့်ဒေသ**

မြန်မာနိုင်ငံ အနှံ့အပြားတွင် စိုက်ပျိုးပေါက်ရောက်သည်။

**ဆေးဖက်ဝင်အစိတ်အပိုင်း**

အပင်၊ အစေ့

**အပင်ပုံသဏ္ဌာန်**

အပင်။ ။ အပင်သည် တစ်နှစ်ခံပင်ငယ်မျိုးဖြစ်သည်။ အမြင့် တစ်ပေခန့်ထိရှိတတ်ပြီး အမြစ်မီးပင်ဖြစ်သည်။ ပင်စည်လုံးအလွန်သေးငယ်၍ ချောမွေ့သည်။

အရွက်။ ။ အရွက်သည် အရွက်များလွန်စွာဖြာထွက်သည်။ ရွက်နားပိုက်များအလွန်ဟိုက်ကာ အပိုက်သုံးခု သို့မဟုတ် ထို့ထက်ပို၍ ပါရှိသည်။ ရွက်ပြားစိမ်းဖျော့ရောင်ရှိသည်။

**❖ နံနံပင်သည် ခေါင်းကိုက်ရောဂါ၊ နှုတ်မမြိန်ရောဂါ၊ ဝမ်းမီးအားနည်းရောဂါ၊ ကိုယ်ဝန်တည်စပျို့အန်ခြင်းရောဂါ၊ အဆစ်အမျက်ကိုက်ခဲရောဂါ၊ လည်ချောင်းနာရောဂါ၊ ချောင်းဆိုးရောဂါများအတွက် ဆေးဖက်ဝင်သည်။ ❖**

အပွင့်။ ။ အပွင့်သည် အလွန်သေးငယ်၍ အဖြူရောင်ရှိသည်။ ထီးပုံပန်းခိုင်မှပွင့်သည်။

အသီး။ ။ အသီးသည် ညိုဝါရောင်ရှိ၍ လုံးသည်။ အက်ကွဲသီးဖြစ်၍ အခန်းလေးများတွင် တစ်ဖက်ခုံး တစ်ဖက်ခွက်နေသော အစေ့လေးများပါရှိသည်။

**ဆေးကျမ်းများအဆို**

မြန်မာဆေးကျမ်းများအဆိုအရ နံနံစေ့သည် ဖန်၊ ခါး၊ စပ် အရသာရှိသည်။ ပူသည်။ ကြေကျက်ပြီးနောက် အရသာ(ဝိပါက)တွင်ချို၏။ ဝမ်းမီးကိုတောက်စေ၏။ အစာကိုကြေကျက်စေ၏။ သွေး၊ လေ၊ သလိပ်ကို ငြိမ်းစေ၏။

**နံနံပင်၏ ဂုဏ်နှင့်စွမ်းရည်**

နံနံပင် အစေ့၏ ဂုဏ်နှင့်စွမ်းရည်မှာ ဒေါသ သုံးပါးလုံးကို ငြိမ်းစေ၏။ အဖျား၊ ရေငတ်၊ အပူကန်ခြင်း၊ ပန်းနာ၊ ချောင်းဆိုး၊ အားနည်းခြင်းရောဂါတို့ကို ပျောက်ကင်းစေ၏။ သည်းခြေကိုပယ်တတ်၏။

**ဆေးဖက်ဝင်အသုံးပြုပုံ**

၁။ မြင်းသရိုက်ရောဂါခေါ် လိပ်ခေါင်းရောဂါဖြစ်လျှင် နံနံစေ့ကို သကြားနှင့်ကျို၍သောက်ပါက ပျောက်ကင်းစေ၏။ သွေးမြင်းသရိုက်ရောဂါကိုလည်း ပျောက်ကင်းစေနိုင်၏။

၂။ လည်ချောင်းနာရောဂါဖြစ်လျှင် နံနံစေ့ကို ဝါး၍အရည်ကို မျိုချပါက လည်ချောင်းနာပျောက်ကင်းစေနိုင်သည်။

၃။ ခေါင်းကိုက်ရောဂါဖြစ်လျှင် နံနံစေ့ကို ဆီးဖြူသီးနှင့်ရော၍ တစ်ညသိပ် ရေစိမ်ထားပါ။ နံနက်တွင် ထိုရေကို သကြားခဲနှင့်ရော၍ သောက်ပါက ခေါင်းကိုက်ရောဂါပျောက်ကင်းစေနိုင်သည်။

၄။ အစာမကြေခြင်း၊ ဝမ်းမီးအားနည်းခြင်းရောဂါဖြစ်လျှင် နံနံစေ့ကို ချင်းခြောက်နှင့်ရော၍ ပြုတ်ပြီးပါက ၎င်းအရည်ကို အစာစားပြီးတိုင်း သောက်ပေးပါက ဝမ်းမီးကောင်းလာပါလိမ့်မည်။

၅။ မိန်းမများ ကိုယ်ဝန်တည်စဖြစ်တတ်သော အန်ခြင်း၊ ပျို့ခြင်း၊ နလုံးနာခြင်းဖြစ်ခဲ့သော် နံနံစေ့ကို သကြားနှင့်ရောပြုတ်ပြီးလျှင် ၎င်းအရည်ကို အအေးခံထားပြီး ဆန်ဆေးရည်နှင့် ရောသောက်ပါက ကိုယ်ဝန်ဆောင်အော့အန်ရောဂါပျောက်ကင်းပါလိမ့်မည်။

၆။ သူငယ်နာချောင်းဆိုးရောဂါဖြစ်လျှင် ဆန်ဆေးရည်နှင့် နံနံစေ့ကိုစိမ်၍ ၎င်းစိမ်ရည်ကို သကြားသင့်တော်ရုံထည့်ပြီး ရေတိုက်ပါက ကလေးများ ချောင်းဆိုးခြင်း၊ ပန်းနာဖြစ်ခြင်း ပျောက်ကင်းပါလိမ့်မည်။

၇။ ကျပ်တည်းနာခေါ် လည်ပင်းတွင် အကျိတ်ငယ်ကလေးများထွက်သော ရောဂါဖြစ်လျှင် နံနံစေ့နှင့် ဂျုံမှုန့်ကို ကြိတ်အုံပေးပါက အကျိတ်များနုလျှင်ပိန်ပြီး ရင့်လျှင်ပေါက်ပါလိမ့်မည်။

၈။ အဆစ်အမျက်များ ကိုက်ခဲခြင်းရောဂါဖြစ်လျှင် နံနံစေ့အမှုန့် ခြောက်ပဲသားကို သကြား ၁၀ ပဲသားရော၍ စားခဲ့သော် အပူကြောင့်ဖြစ်သော အဆစ်အမျက်ကိုက်ခဲရောဂါ ပျောက်ကင်းစေနိုင်သည်။

**နွယ်ချို**

အင်္ဂလိပ်အမည် - Licorice root
ရုက္ခဗေဒအမည် - Glycyrrhizaglabra

**အဓိကဆေးဖက်ဝင်ပုံ**

နွယ်ချိုကို အစာအိမ်ရောဂါ၊ ချောင်းဆိုးပန်းနာရောဂါ၊ နှလုံးရောဂါ၊ ခံတွင်းအပူဖုများထွက်သည့်ရောဂါ၊ ကြို့ထိုးရောဂါ၊ ဝက်ရူးရောဂါ၊ နှုတ်မမြိန်ရောဂါများအတွက် ဆေးဖက်ဝင်အသုံးပြုသည်။

**ပေါက်ရောက်သည့်ဒေသ**

တောတောင်နှင့်ကုန်းမြင့်ချိုင့်ဝှမ်းရှိသော နေရာများတွင် နွယ်ပင်အဖြစ်ပေါက်ရောက်သည်။ ဆေးဖက်ဝင်အသုံးပြုရန် စိုက်ပျိုးသောဥယျာဉ်ထွက်နွယ်ချိုများလည်းရှိသည်။ နွယ်မျိုးသည် တောင်ပေါ်စိုစွတ်သော နေရာများတွင် အနှံ့အပြားပေါက်ရောက်၏။ ၎င်းကိုလည်း ချုံပင်နွယ်ချိုကဲ့သို့ပင် အသုံးပြုကြသည်။ ထို့ပြင် ရေတွင်ပေါက်သောနွယ်ချိုတစ်မျိုးလည်း ရှိသေးသည်။ နွယ်ချိုကို အိန္ဒိယ၊ စပိန်၊ ဂျပန်၊ တရုတ်နှင့် ရုရှား စသောနိုင်ငံများမှ ထွက်ရှိသည်။ အခြားတိုင်းပြည်များမှ နွယ်ချိုများသည် ချို၍ ခါးသက်သက် အရသာရှိသော်လည်း တရုတ်နိုင်ငံမှထွက်ရှိသော နွယ်ချိုသည် အချိုသက်သက် မခါးသောနွယ်ချိုတစ်မျိုး ဖြစ်သည်ကို တွေ့ရသည်။

**ဆေးဖက်ဝင်အစိတ်အပိုင်း**

နွယ်၊ ပင်စည်

**အပင်ပုံသဏ္ဌာန်**

အပင် ။ ။ အပင်သည် ချုံမျိုးနှင့် နွယ်မျိုးအားဖြင့် နှစ်မျိုးရှိသည်။ ချုံပင်မျိုးသည် အမြင့် သုံးပေမှ ခြောက်ပေထိမြင့်၏။

**❖ နွယ်ချိုကို အစာအိမ်ရောဂါ၊ ချောင်းဆိုးပန်းနာရောဂါ၊ နှလုံးရောဂါ၊ ခံတွင်းအပူဖုများထွက်သည့်ရောဂါ၊ ကြို့ထိုးရောဂါ၊ ဝက်ရူးရောဂါ၊ နှုတ်မမြိန်ရောဂါများအတွက် ဆေးဖက်ဝင်အသုံးပြုသည်။ ❖**

အမြစ် ။ ။ အမြစ်သည် အလွန်ရှည်လျားစွာမြေကြီးအတွင်းသို့ နက်ဝင်သွား၏။ ပင်လုံးဖြောင့်မတ်၏။ အမြစ်သည် တုံး၏။ အမြစ်အပေါ်ခွံအရောင်သည် အဝါရောင်သန်း၍ ပြာနှမ်းနှမ်းအရောင်ရှိသည်။ အတွင်းသားဝါဖန့်ဖန့်ရှိ၏။ အရသာချို၍ ခါးသက်သက်ရှိ၏။ ၎င်းအမြစ်ကို ဖြတ်တောက်၍ ရောင်းဝယ်ခြင်းပြုကြကုန်၏။

အရွက်။ ။ အရွက်သည် လိပ်ဆူးရွှေအရွက်နှင့်တူ၏။ သို့သော် ရှည်လျား၏။ သုံးလက်မခွဲမျှရှိ၏။ ပူသောရာသီတွင် နွယ်ချိုပင်သည် ခြောက်သွေ့သွား၏။ မိုးကျသောအခါ ပြန်၍စိမ်းလန်းလာသည်။

**နွယ်ချို၏ ဂုဏ်နှင့်စွမ်းရည်**

နွယ်ချိုသည် အမြစ်ကိုသုံး၏။ ချို၏။ အေး၏။ ကြေကျက်ပြီးသောအခါ ဝိပါကချို၏။ ပြေပြစ်၏။ ခွန်အားကိုဖြစ်စေ၏။ သုက်ကိုပွားစေ၏။ မျက်စိကိုအကျိုးပြု၏။ အရောင်အဆင်းကိုကောင်း၏။ အသံနှင့် ဆံပင်ကိုကောင်းစေ၏။ လေ၊ သည်းခြေကိုနိုင်၏။ သွေးကြောင့်ဖြစ်သော ရောဂါ၊ အနာပေါက်ရောင်တင်း၊ အဆိပ်၊ အော့အန်၊ ပါဒရက်၊ ရေငတ်၊ ပျို့အန်၊ အားနည်း၊ သွေးအန်၊ သွေးကျရောဂါ စသည်တို့ကို ပျောက်ကင်းစေတတ်၏။

**ဆေးဖက်ဝင်အသုံးပြုပုံ**

၁။ ခံတွင်းအပူဖုများပေါက်လျှင် နွယ်ချိုကို အတုံးငယ်ကလေးများပြုလုပ်၍ ငုံထားပြီး အရည်ကိုစုပ်ယူပါက ခံတွင်းရှိ အပူလွန်၍ ဖြစ်သော အပူဖုများ၊ အကျိတ်များ ပျောက်ကင်းပါလိမ့်မည်။

၂။ ကြို့ထိုးခြင်းဖြစ်လျှင် နွယ်ချိုအမှုန့်ကို ပျားရည်နှင့်ရော၍ လျက်ပေးပါက ကြို့ထိုးခြင်းများပျောက်ကင်းပါလိမ့်မည်။

၃။ ဝက်ရူးနာဖြစ်လျှင် ဘူးသီးကို နွယ်ချိုနှင့်ရော၍ ပြုတ်စားပါက ဝက်ရူးနာ ပျောက်ကင်းစေနိုင်သည်။

၄။ နှလုံးပူ၊ နှလုံးအောင့်သောရောဂါဖြစ်လျှင် နွယ်ချိုနှင့် ဆောင်မေခါးကို ဆတူရော၍ အမှုန့်ပြုပြီး ရေနွေးနှင့်သောက်ပါက နှလုံးရောဂါသက်သာစေနိုင်သည်။

၅။ ချောင်းဆိုးနှင့်ပန်းနာဖြစ်လျှင် နွယ်ချိုသည် ချိုသော်ငြားလည်း အခါးအရသာပါဝင်သဖြင့် လျက်ဆားတွင် ထည့်၍ဖော်စပ်လျက်ပေးခြင်းဖြင့် ချောင်းဆိုးပန်းနာရောဂါများ သက်သာစေနိုင်သည်။

၆။ အိပ်မပျော်သောရောဂါဖြစ်လျှင် ကံ့ကော်ဝတ်ဆံနှင့် နွယ်ချိုကိုရောစပ်ပြီး မှန်ရောင်သကြားခဲနှင့် သွေးဆေးတစ်မျိုးမျိုးတွင် ရောထည့်၍ သောက်သုံးပေးပါက အိပ်ပျော်စေနိုင်သည်။

၇။ အစာအိမ်ရောင်ရောဂါ၊ လေပူအန်ရောဂါ၊ အစာအိမ် အချဉ်ပေါက်ရောဂါများဖြစ်ပါက နွယ်ချိုအမှုန့်ကို သကြားအနည်းငယ်ရော၍ တစ်နေ့လျှင် သုံးကြိမ် ဟင်းစားဇွန်း တစ်ဇွန်းသောက်သုံးပေးခြင်းဖြင့် ပျောက်ကင်းစေနိုင်သည်။

၈။ အပူကြီး၍ ဖျားသောရောဂါ၊ အပူလျှပ်၍ ဖျားပြီးအော့အန်သော အထက်လှန်အောက်လျှောရောဂါများဖြစ်လျှင် နွယ်ချိုအမှုန့်ကို သကြားနှင့် ရောကျိုပြီး တိုက်ကျွေးပါက သက်သာစေနိုင်သည်။

၉။ အမျိုးသားများ ခွန်အားနည်းခြင်း၊ သုက်အားနည်းခြင်းရောဂါဖြစ်ပါက နွယ်ချိုပြုတ်ရည်တွင် ပျားရည်အနည်းငယ်ထည့်၍ သောက်သုံးပေးပါက ခွန်အားဖြစ်စေနိုင်သည်။

၁၀။ သွေးအန်၊ သွေးကျရောဂါဖြစ်ပြီး အားနည်းပိန်ချုံးလျှင် နွယ်ချိုကိုပြုတ်ရည်ကျကျ သုံးခွက် တစ်ခွက်တင်ကျို၍ တိုက်ကျွေးပေးပါက သက်သာစေနိုင်သည်။



၁၁။ နွယ်ချိုကို အမှုန့်အတိုင်းဟင်းစားဇွန်း တစ်ဇွန်းခန့်သွေးချည်းဖြစ်စေ၊ ပျားရည်နှင့်ရောစပ်ပြီးဖြစ်စေ နေ့စဉ်စားသုံးပေးပါက ခွန်အားကို ဖြစ်စေပြီး အသားအရေအရောင်အဆင်းကိုကောင်းစေ၏။ အသံနှင့်ဆံပင်ကိုကောင်းစေ၏။ လေ၊ သည်းခြေကိုနိုင်၏။ သွေးကြောင့် ဖြစ်သောရောဂါ၊ အနာပေါက်ရောဂါ ယားယံခြင်းဖြစ်သောရောဂါများကိုလည်း ပျောက်ကင်းစေနိုင်ပါသည်။

# ၂၀၂၃ ခုနှစ် (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) တိုင်းရင်းသားစည်းလုံးညီညွတ်မှု ထာဝစဉ်တည်တံ့ရေးနှင့် ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲအောင် ပြည်တွင်းအင်အားဖြင့် ကြိုးပမ်းတည်ဆောက်ရေး။

(၂) ရေရှည်တည်တံ့သော ထာဝရငြိမ်းချမ်းရေးရရှိအောင် တိုင်းရင်းသားလူမျိုးများ အားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

(၃) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံစေရေး အမျိုးသားရေး လုပ်ငန်းစဉ်(၂)ရပ် အောင်မြင်စေရေး ပြည်ထောင်စုစိတ်ဓာတ်ဖြင့် တက်ညီ လက်ညီ လက်တွဲဆောင်ရွက်ရေး။

(၄) ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ရေးနှင့် တစ်မျိုးသားလုံး ကျန်းမာ၊ ကြံ့ခိုင်ပြီး အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင် ဆောင်ရွက်ပေးရေး။

(၅) တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရင်နှီးချစ်ကြည်မှု၊ စည်းလုံးညီညွတ်မှု၊ စုစည်းလုပ်ဆောင်မှုတို့ဖြင့် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီ စနစ်ကိုကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရေး။

## တို့ပြည်ထောင်စု

- တောင်တန်းမြေပြန့် သွေးချင်းတွေ
တိုင်းရင်းသားစုံပေ၊
ရိုးမကနေ ပင်လယ်ထိ
အလှပေါင်းစုံဘိ။

- ပေါက်ကွယ်ဝ၏ တွင်းထွက်တွေ
သစ်တောဖုံးလွှမ်းပေ၊
အေးချမ်းကာနေ ပြည်အလှ
ရင်သပ်ရှုမဝ။

- အနုသုခုမ တေးသဘင်
ယဉ်ကျေးမှုပီပြင်၊
ဝတ်စားဆင်ယင် သိမ်မွေ့ရှိ
အမြင်ဆန်းလှ၏။

- ထွန်းကားပါဘိ လက်မှုတွေ
ရှေးဘိုးဘွားအမွေ၊
လေ့လာကြလေ မကုန်ခန်း
မြန်မာပြည်တစ်ဝှမ်း(ဝန်း)။

- ဓလေ့ထုံးတမ်း ချစ်စဖွယ်
ဖော်ရွေကြပါတယ်၊
လူမျိုးစုရယ် ဘယ်လိုကွဲ
တောင်ပေါ်မြေပြန့်မခွဲ၊
တို့ပြည်ထောင်စုပဲ။ ။

မိုးမြင့်စံ(မေတ္တာရိပ်)

# ကျောင်းကုန်းမြို့နယ်ထွက် ဖရဲသီးများကို ရန်ကုန်ဈေးကွက်သို့ တစ်ရက်လျှင် အလုံးရေ ၁၀၀၀၀၀ ထိ တင်ပို့ရောင်းချနေရ

**ကျောင်းကုန်း ဖေဖော်ဝါရီ ၁၀**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်ထွက် ဖရဲသီးများကို ရန်ကုန်ဈေးကွက်သို့ တစ်ရက်လျှင် အလုံးရေ ၁၀၀၀၀၀ ထိ တင်ပို့ရောင်းချနေရကြောင်း ကျောင်းကုန်းမြို့နယ်မှ ဖရဲသီးရောင်းဝယ်ရေးပွဲရုံလုပ်ငန်းရှင် ဒေါ်စုစုလှိုင်က ပြောပြ၍ သိရသည်။

ကျောင်းကုန်းမြို့နယ်တွင် ဒေသထွက်ဖရဲသီးများကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချနေကြောင်း၊ ဇန်နဝါရီလအတွင်းက တစ်ရက်လျှင် ဖရဲသီးအလုံးရေ ၃၀၀၀၀ သာ တင်ပို့ရောင်းချခဲ့ရပြီး ဖေဖော်ဝါရီလ ပထမပတ်မှစ၍ တစ်ရက်လျှင် ဖရဲသီးအလုံးရေ ၁၀၀၀၀၀ ထိ တင်ပို့ရောင်းချနေရကြောင်း၊ ကျောင်းကုန်းဒေသထွက် ဖရဲသီးများ ပိုမိုတင်ပို့ရောင်းချလာရခြင်းသည် အခြားဒေသများမှ ဖရဲသီးများ ရန်ကုန်ဈေးကွက်သို့ အဝင်နည်းနေခြင်းကြောင့် ဖြစ်ကြောင်း သိရသည်။

"ရန်ကုန်ဈေးကွက်ကို ဖရဲသီးတင်ပို့မှုက တစ်လနဲ့တစ်လ မတူပါဘူး။ ပိုမိုတင်ပို့ရောင်းချလာရပါတယ်။ လက်ရှိကျောင်းကုန်းထွက် ဖရဲသီးတွေကို ရန်ကုန်ဘက်က အဝယ်တော်တော်လေး လိုက်နေပါတယ်။ ဒါကလဲ ရန်ကုန်ကို အခြားဒေသတွေက ဖရဲသီးတွေ အဝင်နည်းနေတာကြောင့်လို့ ရန်ကုန်က သစ်သီးပွဲရုံ လုပ်ငန်းရှင်တွေက ပြောပါတယ်။ အခုနှစ် ကျောင်းကုန်းဒေသထွက် ဖရဲသီးကလဲ အထွက်နှုန်းမဆိုးပါဘူး။ အခုနှစ် ရာသီကုန်ထိ ဖရဲသီးကဈေးကောင်းရလိမ့်မယ်လို့ ကုန်သည်တွေက ခန့်မှန်းကြပါတယ်"ဟု ကျောင်းကုန်းမြို့နယ်မှ ဖရဲသီးရောင်းဝယ်ရေးပွဲရုံလုပ်ငန်းရှင် ဒေါ်စုစုလှိုင်က ပြောပြသည်။

ကျောင်းကုန်းမြို့နယ်တွင် ဖရဲသီးကို မြေနုကျွန်းကျေးရွာများ၌ အများဆုံး စိုက်ပျိုးကြကြောင်း၊ ယခုနှစ်တွင် ကျေးရွာ ၁၄ ရွာမှ တောင်သူ ၁၀၄ ဦးက တစ်ဦးလျှင် ဖရဲတစ်ဧကမှ ငါးဧကထိ စိုက်ပျိုးထားကြောင်း၊ လက်ရှိဖရဲသီး တစ်လုံးလျှင် ငွေကျပ် ၁၂၀၀ မှ ၄၀၀၀ ထိ ဈေးပေါက်နေကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# မလှိုင်မြို့နယ် ကျင်းသာကျေးရွာ၌ စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများသင်တန်း ပို့ချ

**မလှိုင် ဖေဖော်ဝါရီ ၁၀**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ပူးပေါင်း၍ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ(GAP) သင်တန်းဖွင့်လှစ်ပို့ချခြင်းကို ယနေ့ နံနက်ပိုင်းက ကျင်းသာကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်းသိရသည်။

အခမ်းအနားတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုက အမှာစကားပြောကြားသည်။

ထို့နောက် မလှိုင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစန်းယုက စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ(GAP) သင်တန်းဖွင့်လှစ်ပို့ချရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ(GAP) သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူဦးရေ ၂၀ တက်ရောက်ကြပြီး သင်တန်းတွင် သဘာဝမြေဩဇာပြုလုပ်နည်းများ၊ ဘိုကာရှိ သဘာဝမြေဩဇာပြုလုပ်နည်းများ စသည်တို့ကို မလှိုင်မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှဝန်ထမ်းများက စာတွေ့၊ လက်တွေ့ဖြင့် တစ်ရက်ကြာ သင်ကြားပို့ချပေးခဲ့ကြောင်း မလှိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုက ပြောပြ၍ သိရသည်။

**ဟိန်းထက်ခိုး(မလှိုင်)**

# နတ်တလင်းမြို့နယ် ကျေးရွာနှစ်ရွာ၌ မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်း စစ်ဆေး

**နတ်တလင်း ဖေဖော်ဝါရီ ၁၀**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် နတ်တလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာ နှစ်ရွာ၌ မြေနီကျောက်စရစ် ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် နတ်တလင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဌေးလွင်စိုး၊ နတ်တလင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းနိုင်ထွန်းနှင့် ဝန်ထမ်းများက ဘွက်တောကျေးရွာနှင့် ရင်တိုက်စမ်းကျေးရွာ၌ မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကိုကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့် တွေ့ဆုံကာ လုပ်ငန်းများ ရေရှည်တည်တံ့ရေးနှင့် အချိန်မီပြီးစီးရေး မှာကြားခဲ့သည်။

ဘွက်တောကျေးရွာ မြေနီကျောက်စရစ်လမ်း အရှည်ပေ ၃၇၉၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မ ခင်းခြင်းလုပ်ငန်းကိုကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၀၀ ဖြင့် ၂၀၂၂ ခုနှစ် ဩဂုတ်လပထမပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ ရင်တိုက်စမ်းကျေးရွာ မြေနီကျောက်စရစ်လမ်း အရှည် ပေ ၄၈၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မ ခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၀၀ ဖြင့် ဇန်နဝါရီလ တတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်း ၈၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါကျေးရွာနှစ်ရွာတွင် မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်မှုကြောင့် ကျေးရွာရှိ အိမ်ခြေ ၃၅၂ အိမ်၊ လူ ၁၃၀၈ ဦး ယခင်ကထက် လမ်းပန်းဆက်သွယ်ရေးပိုမိုကောင်းမွန်၍ လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**သန္တာ**

# နိုင်ငံတကာ သတင်းများ

## ဆေးရုံတက် လျှောင်ဒဏ်သင့်လူနာများကို ဆီးရီးယားသမ္မတ အာဆတ် သွားရောက်ကြည့်ရှု

**ဒမတ်စကတ် ဖေဖော်ဝါရီ ၁၀**

ဆီးရီးယားသမ္မတ ဘာရှား အယ်လ်အာဆတ်သည် အလက်ပို မြို့တော် တက္ကသိုလ်ဆေးရုံသို့ သွားရောက်၍ ဆေးရုံတက်လျှင်ဒဏ်သင့်လူနာများကို သွားရောက်ကြည့်ရှုခဲ့ကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အလက်ပို တက္ကသိုလ်ဆေးရုံ ခရီးစဉ်သည် ဆီးရီးယားသမ္မတ အာဆတ်၏ ပထမဆုံးလျှင်ဒဏ်သင့်ဒေသ ခရီးစဉ်ဖြစ်သည်။

ဆီးရီးယားသမ္မတ အာဆတ်နှင့် သမ္မတဇနီးတို့အလက်ပိုတက္ကသိုလ်ဆေးရုံသို့ သွားရောက်မှုဓာတ်ပုံများကို ဆီးရီးယားသမ္မတရုံးက ယနေ့တွင် ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။


ဖေဖော်ဝါရီ ၆ ရက်တွင် လှုပ်ခတ်ခဲ့သည့် အင်အားရစ်ချ်တာစကေး ၇ ဒသမ ၈ အဆင့်ရှိ လျှင်ကြောင့် တူရကီနှင့် ဆီးရီးယားနိုင်ငံတို့၌ သေဆုံးခဲ့သူစုစုပေါင်းမှာ ယနေ့တွင် ဦးရေ ၂၁၀၀၀ ကျော်ခဲ့ပြီဖြစ်သည်။

အဆိုပါမြေငလျင်ကြောင့် တူရကီနိုင်ငံ၌ အနည်းဆုံး လူပေါင်း ၁၈၃၄၂ ဦးသေဆုံးခဲ့ပြီး ဆီးရီးယား၌ အနည်းဆုံး ၃၃၇၇ ဦးသေဆုံးခဲ့ရသည်။

ဆီးရီးယားနိုင်ငံ အနေဖြင့် အကူအညီများပေးပို့မည့် နိုင်ငံတကာအဖွဲ့အစည်းများအတွက် လိုအပ်သမျှကို ဖြည့်ဆည်းပေးရန် အသင့်ရှိသည်ဟု ဆီးရီးယားအစိုးရက ပြောကြားခဲ့ကြောင်း သိရသည်။

KKO

## ဖိလစ်ပိုင်သမ္မတ ဖာဒီနန်မားကို့စ်ဂျူနီယာနှင့် ဂျပန်ဝန်ကြီးချုပ် ဖူမီယိုကီရှီဒါတို့ တွေ့ဆုံဆွေးနွေး



**တိုကျို ဖေဖော်ဝါရီ ၁၀**

ဂျပန်နိုင်ငံသို့ ရောက်ရှိနေသော ဖိလစ်ပိုင်သမ္မတ ဖာဒီနန်မားကို့စ်ဂျူနီယာသည် ဖေဖော်ဝါရီ ၉ ရက်တွင် ဂျပန်နိုင်ငံ တိုကျိုမြို့၌ ဂျပန်ဝန်ကြီးချုပ် ဖူမီယိုကီရှီဒါနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်းရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

နိုင်ငံတကာ အခြေအနေများ ရှုပ်ထွေးနေသည့် ယနေ့အခါတွင် ဂျပန်နိုင်ငံအနေဖြင့် ဖိလစ်ပိုင်နှင့် ဂျပန်ကြား နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးကို မိမိတို့အလေးထားကြောင်း ဂျပန်ဝန်ကြီးချုပ်က ဖိလစ်ပိုင်သမ္မတနှင့် မဆွေးနွေးမီ ပြောကြားခဲ့သည်။

တရုတ်နိုင်ငံ၏ လှုပ်ရှားဆောင်ရွက်မှုများကြောင့် ဒေသတွင်းတင်းမာမှုများမြင့်တက်နေစဉ် နှစ်နိုင်ငံကြားလုံခြုံရေးအရဆက်ဆံရေးကိုမြှင့်တင်ရန် ဖေဖော်ဝါရီ ၉ ရက်ဆွေးနွေးပွဲ၌ဖိလစ်ပိုင်နှင့် ဂျပန်ခေါင်းဆောင်များက ကတိပြုခဲ့ကြသည်။

သမ္မတ ဖာဒီနန်မားကို့စ်ဂျူနီယာ၏ ဂျပန်ခရီးစဉ်အတွင်း ဖိလစ်ပိုင်နှင့်ဂျပန် တာဝန်ရှိသူများသည် သဘာဝဘေးကယ်ဆယ်ရေးလုပ်ငန်းများ၌ နှစ်နိုင်ငံလက်နက်ကိုင်တပ်များ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာသဘောတူညီချက်ကိုလည်း လက်မှတ်ရေးထိုးနိုင်ခဲ့သည်။

ဖိလစ်ပိုင်သမ္မတနှင့် ဂျပန်ဝန်ကြီးချုပ်တို့သည် နှစ်နိုင်ငံကြား ပူးတွဲစစ်ရေးလေ့ကျင့်မှုများ ပိုမိုအားကောင်း ကျယ်ပြန့်လာရေးအတွက် လုပ်ငန်းမူဘောင်တစ်ရပ်ရေးဆွဲရန်လည်း သဘောတူခဲ့ကြသည်။

ဖိလစ်ပိုင်သမ္မတ ဖာဒီနန်မားကို့စ်ဂျူနီယာသည် ပြီးခဲ့သည့်နှစ် ဇူလိုင်လအတွင်း သမ္မတရာထူးရယူခဲ့ပြီးနောက် ဂျပန်နိုင်ငံသို့ ပထမဆုံးအကြိမ်အဖြစ် ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

KKO

## နိုင်ဂျီးရီးယားသမ္မတက နိုင်ငံတော်အာဏာလွှဲပြောင်းရေးကောင်စီ ဖွဲ့စည်းမှုအမိန့်ဒီကရီကို ထုတ်ပြန်

**အဘူဂျာ ဖေဖော်ဝါရီ ၁၀**

ရွေးကောက်ပွဲ ရလဒ်အရ ပေါ်ထွက်လာမည့် သမ္မတသစ်ထံ အာဏာချောမွေ့စွာလွှဲပြောင်းပေးနိုင်ရေးအတွက် နိုင်ငံတော်အာဏာလွှဲပြောင်းရေးကောင်စီ ဖွဲ့စည်းမှုဆိုင်ရာ အမိန့်ဒီကရီတစ်ရပ်ကို နိုင်ဂျီးရီးယားသမ္မတ ဘူဟာရီက ဖေဖော်ဝါရီ ၉ ရက်တွင် လက်မှတ်ရေးထိုးထုတ်ပြန်ခဲ့ကြောင်းရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

နိုင်ငံတော်အာဏာ လွှဲပြောင်းရေးကောင်စီကို ဖေဖော်ဝါရီ၁၄ ရက်တွင် တရားဝင်ဖွဲ့စည်းမည်ဖြစ်ပြီး ဖက်ဒရေးရှင်းအစိုးရအတွင်းဝန်က ဦးဆောင်မည်ဖြစ်သည်။

မိမိ၏ အထူးအမိန့်ဒီကရီသည် သမ္မတသစ်ဦးဆောင်သော အစိုးရအဖွဲ့သစ်ထံ နိုင်ငံတော်အာဏာ ချောမွေ့စွာ လွှဲပြောင်းနိုင်ရေးအတွက် ဥပဒေမူဘောင်တစ်ရပ်ချပေးထားကြောင်း နိုင်ဂျီးရီးယားသမ္မတ ဘူဟာရီက ပြောကြားခဲ့သည်။

နိုင်ဂျီးရီးယား နိုင်ငံသည် ယခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်တွင် အထွေထွေ ရွေးကောက်ပွဲများ ကျင်းပရန် စီစဉ်ထားသည်။

အဆိုပါရွေးကောက်ပွဲ၌ အနိုင်ရမည့်သမ္မတလောင်းသည် ယခုနှစ် မေ ၂၉ ရက်တွင် နိုင်ဂျီးရီးယားသမ္မတသစ်အဖြစ် ကျမ်းသစ္စာကျိန်ဆိုမည်ဖြစ်သည်။



နိုင်ဂျီးရီးယားသမ္မတရာထူးကို သက်တမ်းနှစ်ဆက် ဆက်တိုက်ရယူခဲ့သည့် သမ္မတ ဘူဟာရီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရ ဖေဖော်ဝါရီ ၂၅ ရက် ရွေးကောက်ပွဲ၌ ထပ်မံယှဉ်ပြိုင်ခွင့်မရှိတော့ကြောင်း သိရသည်။KKO

## အိန္ဒိယဘူမိတိုင်းတာရေးဌာနက လစ်သီယမ်သတ္တုသိုက်များ ရှာဖွေတွေ့ရှိ



**ဒေလီ ဖေဖော်ဝါရီ ၁၀**

အိန္ဒိယ ဘူမိတိုင်းတာရေးဌာန (ဂျီအက်စ်အိုင်)သည် လစ်သီယမ်သတ္တုသိုက်များကို ရှာဖွေတွေ့ရှိထားကြောင်း ရိုက်တာသတင်းဌာနက ဖေဖော်ဝါရီ ၉ ရက်တွင် ဖော်ပြခဲ့သည်။

အဆိုပါ လစ်သီယမ်သတ္တုသိုက်သည် အိန္ဒိယနိုင်ငံ၌ ပထမဆုံးအကြိမ်အဖြစ် တွေ့ရှိရသည့် လစ်သီယမ် သတ္တုသိုက်များဖြစ်ကြောင်း ဂျီအက်စ်အိုင်၏ သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

အိန္ဒိယနိုင်ငံသည် လစ်သီယမ်အပါအဝင် အဓိကတွင်းထွက်ကုန်ကြမ်းများ လိုအပ်ချက်နှင့်အညီ ဖြည့်ဆည်းနိုင်စွမ်း ခိုင်မာရေးအတွက် ကြိုးပမ်းလျက်ရှိသည်။

လစ်သီယမ်သည် အိန္ဒိယနိုင်ငံ၏ လျှပ်စစ်စွမ်းအင်သုံး မော်တော်ယာဉ်များ တည်ဆောက်ထုတ်လုပ်ရေးစီမံကိန်းအတွက် အရေးကြီးသော သတ္တုတစ်မျိုးဖြစ်သည်။

အိန္ဒိယနိုင်ငံ၏ ပထမဆုံး လစ်သီယမ်သတ္တုသိုက်များမှာ ဂျမူးနှင့် ကတ်ရှ်မီးယားပြည်ထောင်စုနယ်မြေ နယ်အာဆီခရိုင်၌ တည်ရှိကြောင်း ဂျီအက်စ်အိုင်သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အဆိုပါ လစ်သီယမ်သတ္တုသိုက်တွင် လစ်သီယမ်သတ္တုပမာဏ တန်ချိန် ၅ ဒသမ ၉ သန်းထိရှိနိုင်ကြောင်း သိရသည်။ KKO

## မူရူဂျူဂါယဉ်ကျေးမှုနယ်မြေကို ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်း၌ထည့်သွင်းရန် ဩစတြေးလျအဆိုပြု

**ဆစ်ဒနီ ဖေဖော်ဝါရီ ၁၀**

ဩစတြေးလျနိုင်ငံသည် မူရူဂျူဂါ ဌာနေတိုင်းရင်းသား ယဉ်ကျေးမှုနယ်မြေကို ကုလသမဂ္ဂပညာရေး၊ ယဉ်ကျေးမှုနှင့်သိပ္ပံအဖွဲ့(ယူနက်စကို)၏ ကမ္ဘာ့အမွေအနှစ် စာရင်း၌ ထည့်သွင်းနိုင်ရန် အမည်စာရင်းတင်သွင်းထားကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

မူရူဂျူဂါ ဌာနေတိုင်းရင်းသား ယဉ်ကျေးမှုနယ်မြေသည် ကမ္ဘာကြီးအတွက် အရေးကြီးသည့်ယဉ်ကျေးမှုနယ်မြေတစ်ခုဖြစ်ကြောင်း ဩစတြေးလျသဘာဝပတ်ဝန်းကျင်ရေးရာဝန်ကြီးဌာနဝန်ကြီး တန်ယာပလီဘာဆက်ခ်က ယနေ့တွင်ပြောကြားခဲ့သည်။




သို့သော် မိမိတို့အနေဖြင့် မူရူဂျူဂါ ဌာနေတိုင်းရင်းသား ယဉ်ကျေးမှုနယ်မြေကို ယူနက်စကို၏ ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်များစာရင်း၌ ထည့်သွင်းရန် အမည်စာရင်း တင်သွင်းထားကြောင်း ဝန်ကြီး တန်ယာပလီဘာဆက်ခ်က ကြေညာခဲ့သည်။

မူရူဂျူဂါ ယဉ်ကျေးမှုနယ်မြေကို ယူနက်စကိုကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်း၌ ထည့်သွင်းရေးအဆိုပြုချက်အား ဩစတြေးလျအစိုးရက ယခုနှစ် ဇန်နဝါရီလကုန်ပိုင်းတွင် တင်သွင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းအဆိုပြုချက်ကိုယူနက်စကိုအဖွဲ့က အနည်းဆုံးအချိန် ၁၈လထိယူ၍ စဉ်းစားသုံးသပ်မည်ဖြစ်ကြောင်း သိရသည်။

မူရူဂျူဂါယဉ်ကျေးမှုနယ်မြေ၌ ရှေးခေတ်ကျောက်ထွင်းအနုပညာလက်ရာပေါင်း တစ်သန်းကျော်ထိ ရှိကြောင်း သိရသည်။

KKO

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## ဂျပန်နိုင်ငံက စစ်လေယာဉ်များကို ဒရုန်းများဖြင့် အစားထိုးအသုံးပြုရန် စီစဉ်နေ



ဂျပန်နိုင်ငံသည် လူလိုက်ပါမောင်းနှင်သော စစ်လေယာဉ်များကို မောင်းသူမဲ့ဒရုန်းများဖြင့် အစားထိုးရန်စီစဉ်နေကြောင်း ဂျပန်ကာကွယ်ရေးဝန်ကြီးဌာနမှသိရသည်။

အစိတ်အပိုင်းနှင့်ဖွဲ့စည်းတည်ဆောက်ခြင်းချဉ်းကပ်မှုတွင် မြေပြင်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့မှ AH-64D တိုက်ခိုက်ရေးရဟတ်ယာဉ် ၁၂ စင်း၊ AH-1S တင့်ဖျက်တိုက်ခိုက်ရေးရဟတ်ယာဉ် ၄၇ စင်းနှင့် OH-1 စူးစမ်းလေ့လာရေးရဟတ်ယာဉ် ၃၃ စင်းတို့ကို တပ်တော်ဝင်အသုံးပြုမှုမှ ဖျက်သိမ်းခြင်းပါဝင်ကြောင်း ဂျပန်နိုင်ငံ Yomiuri Shimbun သတင်းစာ၏ သတင်းရင်းမြစ်များကို ကိုးကား၍ ထုတ်ဖော်ရေးသားခဲ့သည်။

အဆိုပါအစီအစဉ်တွင် တိုက်ခိုက်ရေးဒရုန်းများအပါအဝင် ဒရုန်းတပ်ဖွဲ့တစ်ခု အနာဂတ်တွင် ထွက်ပေါ်လာနိုင်သည်ဟု သတင်းစာက ရေးသားထားသည်။

ထို့ပြင် ဂျပန်နိုင်ငံကိုယ်ပိုင်ရေကြောင်းကာကွယ်ရေးတပ်ဖွဲ့သည် ၎င်း၏ P-1 ကင်းလှည့်လေယာဉ် ၃၃ စင်းနှင့် SH-60K ကင်းလှည့်ရဟတ်ယာဉ် ၇၅ စင်းတို့ကို လျှော့ချအသုံးပြုနိုင်ရန် ကြိုးပမ်းနေသည်။

ဂျပန်နိုင်ငံ ကိုယ်ပိုင်ရေကြောင်းကာကွယ်ရေးတပ်ဖွဲ့အနေဖြင့် Aomori စီရင်စုရှိ Hachinohe လေတပ်အခြေစိုက်စခန်းတွင် ယခုနှစ်အတွင်း အမေရိကန်ထုတ် Sea Guardian ဒရုန်းများကို စတင်အသုံးပြုရန် စီစဉ်လျက်ရှိနေသည်။

အဆိုပါအစီအစဉ်အရ အနာဂတ်တွင် Sea Guardians တပ်ဖွဲ့ဝင်များမှတစ်ဆင့် စောင့်ကြည့်ထောက်လှမ်းခြင်းလုပ်ငန်းများ လုပ်ဆောင်သွားနိုင်မည်ဖြစ်သည်။

နောက်ဆုံးတွင် ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများအတွက် အသုံးပြုနေသည့် လေတပ်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့၏ U-125A လေယာဉ်ကိုလည်း တပ်တော်ဝင်အသုံးပြုနေမှုများမှ ဖျက်သိမ်းနိုင်ဖွယ်ရှိပြီး ရဟတ်ယာဉ်များဖြင့် လုပ်ဆောင်သည့်ရည်မှန်းတာဝန်များကို ဆက်လက်လုပ်ဆောင်နိုင်သေးသည်။

ဂျပန်နိုင်ငံသည် လာမည့်ငါးနှစ်အတွင်း ၎င်း၏ ကာကွယ်ရေးအသုံးစရိတ်ကို ၅၆ ရာခိုင်နှုန်း အမေရိကန်ဒေါ်လာ ၃၁၈ ဘီလီယံထိ မြှင့်တင်သုံးစွဲရန် စီစဉ်နေချိန်တွင် ယခုကဲ့သို့ဖွံ့ဖြိုးတိုးတက်မှုလုပ်ဆောင်မည့်သတင်းထွက်ပေါ်လာခြင်းဖြစ်သည်။

**Japan Plans to Replace Military Aircraft with Drones: Report ကို ဘာသာပြန်ဆိုထားပါသည်။**

## အိန္ဒိယစစ်ဘက်က အထူးကြပ်မတ်စောင့်ကြည့်ထောက်လှမ်းမှုစစ်ဆင်ရေးအတွက် ပြည်တွင်းထုတ်နာနိုဒရုန်းအစင်း ၈၅၀ ဝယ်ယူရန်ကြိုးပမ်း

အိန္ဒိယစစ်ဘက်သည် ၎င်း၏ အထူးကြပ်မတ် စောင့်ကြည့်ထောက်လှမ်းမှုစစ်ဆင်ရေးအတွက် ပြည်တွင်း၌ ထုတ်လုပ်ထားသည့် နာနိုဒရုန်းအစင်း ၈၅၀ ဝယ်ယူရန် ကြိုးပမ်းလျက်ရှိသည်။

ထိုသို့ နည်းလမ်းရှာဖွေကြိုးပမ်းနေရာတွင် လွှဲပြောင်းပေးပို့ခြင်းနှင့် ဖြန့်ကြက်အသုံးပြုခြင်းကို အလျင်အမြန်ဆောင်ရွက်ရန် အရေးပေါ်ဝယ်ယူမှုတစ်ရပ်ဖြစ်မည်ဟု အဆိုပြုလွှာများပါ တောင်းဆိုချက်(RFP)ကို ပြည်တွင်းကာကွယ်ရေးကုမ္ပဏီများထံ ပေးပို့ခဲ့သည်။

မောင်းသူမဲ့ဒရုန်းစနစ်အမျိုးမျိုးအတွက် စစ်ဘက်မှ ဝယ်ယူမှုအစီအစဉ်များစွာကို စတင်လုပ်ဆောင်လာခဲ့ပြီးနောက် ထပ်မံထွက်ပေါ်လာခြင်းလည်းဖြစ်သည်။

အဆိုပါဒရုန်းများသည် တရုတ်နိုင်ငံနှင့် နယ်စပ်တစ်လျှောက်အထူးတာဝန်များကို ထမ်းဆောင်နိုင်ရန်အတွက်ဖြစ်သည်ဟု The Times of India ၏ အစီရင်ခံစာအရ သိရသည်။

နာနိုဒရုန်းများကို အကြမ်းဖက်မှုနှိမ်နင်းရေးနှင့် နယ်မြေပြင်ပအရေးပေါ်စစ်ဆင်ရေးများအတွက်လည်း အိန္ဒိယစစ်ဘက်၊ အုပ်ချုပ်မှုအဖွဲ့အစည်းများတွင် တပ်ဖြန့်ထားမည်ဖြစ်သည်။

"ဒီစစ်ဆင်ရေးအတွက် စောင့်ကြည့်ထောက်လှမ်းရေးတာဝန်တွေနဲ့အတူ ကင်းထောက်တွေအဖြစ် တပ်ဖွဲ့ဝင်လူတွေနဲ့ ဆောင်ရွက်နေတာဖြစ်ပါတယ်။ ဒါက အသေအပျောက်အန္တရာယ်ကို ရှိစေရုံသာမကဘဲ စစ်ဆင်ရေးတစ်ခုလုံးကိုပါ ထိခိုက်စေနိုင်ပါတယ်"ဟု စစ်ဘက်အရာရှိတစ်ဦးက The Times of India သတင်းဌာနသို့ ပြောကြားခဲ့သည်။

အိန္ဒိယ-တရုတ်နယ်စပ်ရှိ လက်ရှိမငြိမ်မသက်ဖြစ်နေသော အခြေအနေသည် စောင့်ကြည့်ရေးနှင့် ဝေဟင်လှည့်ကင်းအတွက် ပိုမိုခေတ်မီဆန်းပြားသော နာနိုဒရုန်းများကိုဝယ်ယူရန် စစ်ဘက်ကို တွန်းအားဖြစ်ပေါ်စေခဲ့ကြောင်း RFPတောင်းဆိုချက်တွင် ဖော်ပြထားသည်။

နာနိုဒရုန်းများသည် စစ်ဆင်ရေးနယ်မြေအတွင်း တပ်စွဲထားသောတပ်များ၏ အခြေအနေအရပ်ရပ်ကို ကြိုတင်သတိပေးနိုင်မည်ဖြစ်သည်။

အဆိုပြုချက်တွင် ရွေးချယ်ထားသော ရောင်းချသူကုမ္ပဏီများသည် စာချုပ်ချုပ်ဆိုပြီး တစ်နှစ်အတွင်း နာနိုဒရုန်းအစင်း ၈၅၀ ကို လွှဲပြောင်းပေးအပ်ပို့ဆောင်ပေးရမည်ဟု ဖော်ပြထားသည်။

နာနိုဒရုန်းများအပြင် အိန္ဒိယစစ်ဘက်သည် Kamikaze တိုက်ခိုက်ရေးဒရုန်းများ၊ ထောက်ပံ့ပို့ဆောင်ရေးဒရုန်းများနှင့် စောင့်ကြည့်ထောက်လှမ်းရေး Quadcopters များအတွက် ဝယ်ယူရေးလုပ်ငန်းစဉ်ကို စတင်နေပြီဖြစ်သည်။

အိန္ဒိယစစ်ဘက်သည် အသေးစားအဝေးထိန်းလေယာဉ်(RPAS) အစင်း ၈၀၊ ပြေးလမ်းကန့်သတ်ချက်မရှိ RPAS ၁၀ စင်းနှင့် အဆင့်မြှင့်တင်ထားသော တာဝေးစောင့်ကြည့်ရေးစနစ် ၄၀ ကျော်တို့ကိုလည်းဝယ်ယူရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



**Indian Army Seeking 850 Nano Drones for Special Surveillance Operations ကို ဘာသာပြန်ဆိုထားပါသည်။**

## ရုရှား Nord Stream ပိုက်လိုင်းများကို အမေရိကန်ဖျက်ဆီးကြောင်း နယူးယောက်တိုင်းမ်သတင်းထောက်ပြော



ရုရှားနိုင်ငံမှ သွယ်တန်းထားသော Nord Stream ပိုက်လိုင်းများကို လျှို့ဝှက်စစ်ဆင်ရေးတစ်ခုဖြင့် အမေရိကန်က ပြီးခဲ့သည့် စက်တင်ဘာလအတွင်း ဖျက်ဆီးခဲ့ကြောင်း ပူလစ်ဇာဆုရ စုံစမ်းစစ်ဆေးရေးနယူးယောက်တိုင်းမ်သတင်းထောက် Seymour Hersh က ပြောကြားခဲ့သည်။

Seymour Hersh က ဖေဖော်ဝါရီ ၈ ရက်တွင် ၎င်း၏အသစ်ထွက်ရှိထားသော Substack ဘလော့ဂ်တွင် တင်ထားသော ဆောင်းပါးတစ်ပုဒ်၌ ထင်မှတ်မထားဘဲ ထုတ်ဖော်ပြခဲ့ခြင်းလည်းဖြစ်သည်။

ဖောက်ခွဲရေးပစ္စည်းများကို BALTOPS 22 NATO လေ့ကျင့်မှုများအတွင်း အမေရိကန်ရေတပ်မှ ရေငုပ်သမားများက ၂၀၂၂ ခုနှစ် ဇွန်လက ပိုက်လိုင်းများအောက်၌ တပ်ဆင်ထားသိုခဲ့ကြောင်း လေ့ကျင့်မှုအစီအစဉ်ရေးဆွဲခြင်းနှင့် ပတ်သက်နေသော တိုက်ရိုက်ရင်းနှီးကျွမ်းဝင်နေသည့် အရင်းအမြစ်များကို ကိုးကား၍ Hersh က အတိအကျဖော်ပြခဲ့သည်။

မှတ်ချက်ပေးရန် အိမ်ဖြူတော်နှင့် CIA တို့ထံ ဆက်သွယ်ခဲ့ကြောင်း Hersh က ပြောကြားခဲ့ပြီး ပိုက်လိုင်းများကို အမေရိကန်က ဖောက်ခွဲဖျက်ဆီးခဲ့သည်ဆိုသည့်အချက်အပေါ် လုံးဝလွဲမှားကြောင်း အမေရိကန်တို့က ပြတ်ပြတ်သားသားပယ်ချခဲ့သည်။

ဖောက်ခွဲရေးပစ္စည်းများကို တပ်ဆင်ခဲ့ပြီးနောက် သုံးလအကြာ စက်တင်ဘာ ၂၆ ရက်တွင် ဆိုနာဗွိုင်းမှ အဝေးထိန်းအချက်ပြမှုဖြင့် ဖောက်ခွဲခဲ့ခြင်းဖြစ်သည်။ Nord Stream ပိုက်လိုင်းများအနီးတွင် နော်ဝေရေတပ်မှ P8 ထောက်လှမ်းရေးလေယာဉ်ဖြင့် ဆိုနာဗွိုင်းလွှတ်တင်ခဲ့ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

အိမ်ဖြူတော်၊ CIA နှင့် စစ်ဘက်တို့ကြား တာဝန်ရှိသူများက အဆိုပါတိုက်ခိုက်မှုတွင် အမေရိကန်ပါဝင်ပတ်သက်မှုသဲလွန်စမထားခဲ့စေရန် လအတန်ကြာ အပြန်အလှန်အာရုံစိုက်လုပ်ဆောင်မှုများနောက်တွင် ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။ အမေရိကန်အမျိုးသားလုံခြုံရေးအကြံပေး Jake Sullivan ၏ တိုက်ရိုက်ပါဝင်မှုဖြင့် အထူးလုပ်ငန်းအဖွဲ့တစ်ခုကို ဖွဲ့စည်းပြီးချိန်တွင် အဆိုပါစီမံကိန်းလုပ်ငန်းစဉ်ကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာလ၌ စတင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"အမေရိကန်ရေတပ်က ပိုက်လိုင်းကို တိုက်ခိုက်ဖျက်ဆီးဖို့ အသစ်တပ်တော်ဝင်ထားတဲ့ ရေငုပ်သင်္ဘောကိုအသုံးပြုဖို့ အဆိုပြုခဲ့ပါတယ်။ လေတပ်ဘက်ခြမ်းက အဝေးထိန်းစနစ်နဲ့လွှတ်တင်နိုင်တဲ့ Delayed Fuses တွေသုံး ဖောက်ခွဲရေးပစ္စည်းတွေနဲ့ ကြဲချဖို့ ဆွေးနွေးခဲ့ပါတယ်။ ဘာပဲလုပ်လုပ် လျှို့ဝှက်ထားရမယ်လို့ CIA က အမိန့်ပေးထားခဲ့တယ်"ဟု အစီရင်ခံစာတွင် ရေးသားထားကြောင်း သိရသည်။

Hersh က ၎င်း၏ အသက်မွေးဝမ်းကျောင်းတစ်လျှောက်လုံးတွင် အမေရိကန်စစ်ဘက်၏ စစ်ရာဇဝတ်မှုများနှင့် ထင်ရှားကျော်ကြားသောနိုင်ငံရေးအရှုပ်တော်ပုံများအပါအဝင် ဖောက်ခွဲဖျက်ဆီးရေးဇာတ်လမ်းများစွာကို အစီရင်ခံခဲ့သည်။

**US behind Nord Stream sabotage – legendary NYT journalist ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

## နိုင်ငံတကာ အားကစားသတင်းများ

### ပရီးမီးယားလိဂ် ပွဲစဉ် (၂၃) ပွဲကြိုသုံးသပ်ချက်

ML

မန်စီးတီး Vs အေဗီလာ

ကစားမည့်ရက်/အချိန် ၁၂-၂-၂၀၂၃ (ည ၁၁:၀၀နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

အေဗီလာ ၁ - ၁ မန်စီးတီး

နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်

| | | | |
|---|---|---|---|
| မန်စီးတီး - | အိမ်(နိုင်) | အိမ်(နိုင်) | ဝေး(ရှုံး) |
| အေဗီလာ - | အိမ်(နိုင်) | ဝေး(နိုင်) | အိမ်(ရှုံး) |

အိမ်ကွင်းတိုက်စစ်အကောင်းဆုံးဖြစ်တဲ့ မန်စီးတီးဟာ ပြီးခဲ့တဲ့ပွဲစဉ်မှာ စပါးကို ရှုံးနိမ့်ခဲ့တာကြောင့် ချန်ပီယံဆုကို ကာကွယ်ဖို့အတွက် အခုပွဲစဉ်ကို မဖြစ်မနေနိုင်ပွဲရှာဖွေမှာပါ။ အေဗီလာအသင်းကတော့ တိုက်စစ်ကစားအားကောင်းပေမဲ့ ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိသေးတာကြောင့် အခုပွဲစဉ်ကို အိမ်ရှင် မန်စီးတီးအသင်းပဲ အနိုင်ရသွားမှာပါ။

**အင်တာနက်ခန့်မှန်း - မန်စီးတီး ၃ - ၁ အေဗီလာ**

### အီတလီစီးရီးအေ ပွဲစဉ် (၂၂) ပွဲကြိုသုံးသပ်ချက်များ

ML

အူဒီးနီးစ် Vs ဆက်ဆူအိုလို

ကစားမည့်ရက်/အချိန် ၁၂-၂-၂၀၂၃ (ည ၀၆:၀၀နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

ဆက်ဆူအိုလို ၁ - ၃ အူဒီးနီးစ်

နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်

| | | | |
|---|---|---|---|
| အူဒီးနီးစ် - | ဝေး(နိုင်) | အိမ်(သရေ) | ဝေး(ရှုံး) |
| ဆက်ဆူအိုလို - | ဝေး(သရေ) | ဝေး(နိုင်) | အိမ်(နိုင်) |

အူဒီးနီးစ်အသင်းဟာ အိမ်ကွင်းခြေစွမ်းပိုင်းကျဆင်းနေတာကြောင့် နောက်ဆုံးကစားခဲ့တဲ့ ခုနစ်ပွဲဆက်နိုင်ပွဲမရခဲ့ဘဲ ပွဲတိုင်းပေးဂိုးရှိခဲ့တာဖြစ်ပါတယ်။ ဆက်ဆူအိုလိုကတော့ ကစားပုံတိုးတက်လာတာကြောင့် အသင်းကြီးတွေကိုတောင် အနိုင်ယူခဲ့ပြီး နောက်ဆုံးသုံးပွဲမှာ တိုက်စစ်က ခုနစ်ဂိုးထိ သွင်းယူခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် ဆက်ဆူအိုလိုပဲ အနိုင်ရမှာပါ။

**အင်တာနက်ခန့်မှန်း - အူဒီးနီးစ် ၁ - ၂ ဆက်ဆူအိုလို**

နာပိုလီ Vs ခရီမိုနန်စီ

ကစားမည့်ရက်/အချိန် ၁၃-၂-၂၀၂၃ (နံနက် ၀၂:၁၅နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

နာပိုလီ ၂ - ၂ ခရီမိုနန်စီ

နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်

| | | | |
|---|---|---|---|
| နာပိုလီ - | ဝေး(နိုင်) | အိမ်(နိုင်) | ဝေး(နိုင်) |
| ခရီမိုနန်စီ - | အိမ်(ရှုံး) | ဝေး(နိုင်) | အိမ်(ရှုံး) |

နာပိုလီအသင်းဟာ ပြီးခဲ့တဲ့ဖလားပွဲစဉ်မှာ ခရီမိုနန်စီကို ပင်နယ်တီမှာ ရှုံးနိမ့်ခဲ့ပေမဲ့ အရန်ကစားသမားတွေနဲ့သာ ပွဲထွက်ခဲ့တာကို တွေ့ရမှာပါ။ ခရီမိုနန်စီကတော့ အသင်းလိုက်ကစားအားကောင်းပေမဲ့ စုစုပေါင်းမှုနဲ့ နည်းစနစ်ပိုင်းမှာတော့ နာပိုလီကိုယှဉ်မရသလို ထိပ်တိုက်တွေ့ဆုံမှုမှာလဲ အသာမရခဲ့ပါဘူး။ ဒါကြောင့် နာပိုလီအသင်းကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း - နာပိုလီ ၃ - ၀ ခရီမိုနန်စီ**

### အားကစားသတင်း အတိုအထွာများ

- အေဂျင်အသင်းက လီတာပူးအသင်းမှ ထွက်ခွာမည့် အားကစားဒါရိုက်တာ ဂျူလီယန်ဝက်ဒ်ကို ယခုနှစ်ဘောလုံးရာသီကုန်ဆုံးပါက ခေါ်ယူသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။
- အင်တာမီလန်အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးတော့မည့် ခံစစ်ကစားသမား ဘာစတိုနီကို မန်ယူအသင်းနှင့် စပါးအသင်းတို့က ခေါ်ယူရန် အပြိုင်ကမ်းလှမ်းနေကြောင်း သိရသည်။
- ပရီးမီးယားလိဂ်ကလပ်အသင်းများက လူမျိုးရေးခွဲခြားမှုကို ဆန့်ကျင်ကြောင်းပြသသည့်အနေဖြင့် လာမည့်ရက်သတ္တနှစ်ပတ်အတွင်း ကစားရမည့်ပွဲစဉ်များတွင် ပွဲမစတင်မီ ဒူးထောက်၍ ခေတ္တငြိမ်သက်သွားမည်ဖြစ်ကြောင်းသိရသည်။
- အင်တာမီလန်အသင်းက အငှားစာချုပ်ဖြင့် ခေါ်ယူထားသည့် တိုက်စစ်မှူး လူကာကူကို အပြီးသတ်ခေါ်ယူနိုင်ရန် ချဲလ်ဆီးအသင်းနှင့် ဆွေးနွေးမှုပြုလုပ်လျက်ရှိသည်။ ML

## ဖီဖာတစ်နှစ်တာ အကောင်းဆုံးနည်းပြဆုစာရင်းတွင် ဂွါဒီယိုလာ၊ အန်ဆယ်လော့တီနှင့် စကာလိုနီတို့ပါဝင်




**ဇူးရစ် ဖေဖော်ဝါရီ ၁၀**

ဖီဖာတစ်နှစ်တာ အကောင်းဆုံးနည်းပြဆုကို ပြီးခဲ့သည့်နှစ်က နည်းပြ တုချယ်ရရှိခဲ့သော်လည်း ယခုနှစ်အတွက် နောက်ဆုံးဆန်ခါတင်သုံးဦးစာရင်းတွင် မန်စီးတီးအသင်းနည်းပြ ဂွါဒီယိုလာ၊ ရီးရဲလ်မက်ဒရစ်အသင်းနည်းပြ အန်ဆယ်လော့တီနှင့် အာဂျင်တီးနားအသင်းနည်းပြ စကာလိုနီတို့ ပါဝင်ခဲ့ကြောင်း 90Min.com က ယနေ့တွင် ဖော်ပြခဲ့သည်။

တစ်နှစ်တာ အကောင်းဆုံးနည်းပြဆုကို နိုင်ငံအသင်းနည်းပြများ၊ နိုင်ငံအသင်းခေါင်းဆောင်များ၊ ဘောလုံးပရိသတ်များနှင့်အားကစားဂျာနယ်လစ်များက မဲပေးရွေးချယ်ခြင်းဖြစ်ပြီး ကနဦးထုတ်ပြန်သည့် ငါးဦးစာရင်းတွင် ပြင်သစ်နည်းပြ ဒက်ချမ့်နှင့်မော်ရိုကိုနည်းပြ ဝါလစ်တို့ပါဝင်ခဲ့သော်လည်း နောက်ဆုံးဆန်ခါတင် သုံးဦးစာရင်းတွင် နည်းပြ ဂွါဒီယိုလာ၊ အန်ဆယ်လော့တီနှင့် စကာလိုနီတို့သာ ကျန်ရှိခဲ့ကြောင်း သိရသည်။

နည်းပြဂွါဒီယိုလာသည် ပြီးခဲ့သည့်ဘောလုံးရာသီက မန်စီးတီးအသင်းအား ပရီးမီးယားလိဂ်ချန်ပီယံဆုနှင့် အက်ဖ်အေဖလားရရှိအောင် စွမ်းဆောင်နိုင်ခဲ့မှုကြောင့်လည်းကောင်း၊ နည်းပြအန်ဆယ်လော့တီသည် ရီးရဲလ်မက်ဒရစ်အသင်းအား လာလီဂါဆုဖလားနှင့် ချန်ပီယံလိဂ်ဆုဖလားရယူပေးခဲ့မှုကြောင့်လည်းကောင်း၊ နည်းပြစကာလိုနီသည် အာဂျင်တီးနားအသင်းအား ကမ္ဘာ့ဖလားရယူပေးခဲ့မှုကြောင့်လည်းကောင်း ဆန်ခါတင်သုံးဦးစာရင်းတွင် ပါဝင်ခဲ့ကြောင်း သိရသည်။

အဆိုပါ နည်းပြသုံးဦးအနေဖြင့် ယခင်က တစ်နှစ်တာအကောင်းဆုံးဆုကို ရရှိခဲ့ဖူးခြင်းမရှိသော်လည်း နည်းပြဂွါဒီယိုလာအနေဖြင့် ၂၀၁၉ ခုနှစ်နောက်ပိုင်း နောက်ဆုံးဆန်ခါတင်သုံးဦးစာရင်းတွင် သုံးကြိမ်မြောက်ပါဝင်ခဲ့ပြီး ဒုတိယနှင့် တတိယနေရာတို့တွင်သာ ကျေနပ်ခဲ့ရသော်လည်း ယခုနှစ်တွင် အကောင်းဆုံး နည်းပြဆု ရရှိရန် ရေပန်းစားလျက်ရှိသည်။ ML

## တိုက်စစ်မှူး မက်ဆီ ဘိုင်ယန်မြူးနစ်နှင့်ပွဲစဉ်ကို ဒဏ်ရာပြဿနာကြောင့် လွဲချော်မည်ဟု ပီအက်စ်ဂျီပြောကြား

**ပဲရစ် ဖေဖော်ဝါရီ ၁၀**

တိုက်စစ်မှူး မက်ဆီသည် မာဆေးအသင်းအား နှစ်ဂိုး တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့် ပြင်သစ်ကပ်ဖလားပွဲစဉ်တွင် ရရှိခဲ့သည့် ပေါင်ကြွက်သား ဒဏ်ရာကြောင့် လာမည့် ဖေဖော်ဝါရီ ၁၅ ရက်တွင် ဘိုင်ယန်မြူးနစ်အသင်းနှင့် ကစားရမည့် ချန်ပီယံလိဂ်ပထမအကျော့ပွဲစဉ်ကို လွဲချော်နိုင်သည်ဟု ပီအက်စ်ဂျီအသင်းက ပြောကြားခဲ့ကြောင်း ESPN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ပြင်သစ်ကပ်ဖလား(၁၆)သင်း ရှုံးထွက်ပွဲစဉ်တွင် တိုက်စစ်မှူး မက်ဆီသည် ပွဲထွက်ကစားသမားအဖြစ်ပါဝင်လာခဲ့ပြီး ပွဲချိန်ပြည့်ပါဝင်ကစားခဲ့သော်လည်း ပွဲပြီးဆုံးချိန်တွင် ပေါင်ကြွက်သားဒဏ်ရာကြောင့် စကန်ဖတ်စစ်ဆေးမှုများ ပြုလုပ်ခဲ့ရပြီး ကုသ်ုနိုင်မှုပြည့်ဝရန် အနည်းငယ်အနားယူရမည်ဖြစ်သောကြောင့် စနေနေ့တွင်ကစားရမည့် မိုနာကိုအသင်းနှင့်အမှတ်ပေးပွဲစဉ်အပါအဝင် ဘိုင်ယန်မြူးနစ်အသင်းနှင့် ချန်ပီယံလိဂ်ပထမအကျော့ပွဲစဉ်ကိုပါလွဲချော်မည်ဟုပီအက်စ်ဂျီအသင်းက ထုတ်ပြန်ခဲ့သည်။

တိုက်စစ်မှူး မက်ဆီသည် ယခုနှစ်ဘောလုံးရာသီ ပြိုင်ပွဲစုံ ၂၄ ပွဲပါဝင်ကစားခဲ့ရာတွင် သွင်းဂိုး ၁၅ ဂိုးသွင်းယူ၍ ဂိုးဖန်တီးမှု ၁၄ ကြိမ်ပြုလုပ်နိုင်ခဲ့ပြီး ကမ္ဘာ့ဖလားပြိုင်ပွဲအပြီးကစားခဲ့သည့် ပြိုင်ပွဲစုံ ခြောက်ပွဲတွင် သုံးဂိုးထိ သွင်းယူ ခြေစွမ်းပြသနိုင်ခဲ့သည်။

လက်ရှိ ပီအက်စ်ဂျီအသင်းတွင် တိုက်စစ်မှူး မက်ဆီအပါအဝင် အမ်ဘက်ပီသည်လည်း မောင့်ပယ်လီယာအသင်းနှင့် ကစားခဲ့သည့်ပွဲစဉ်တွင် ဒူးဒဏ်ရာရရှိခဲ့သောကြောင့် လာမည့် ဘိုင်ယန်မြူးနစ်အသင်းနှင့်ပွဲစဉ်ကို လွဲချော်မည်ဖြစ်သောကြောင့် အသင်းအတွက် ထိုးနှက်ချက်ဖြစ်နေပြီး ချန်ပီယံလိဂ်ပြိုင်ပွဲတွင် နောက်တစ်ဆင့်တက်ရောက်ရန် ရှုန်းကန်ရနိုင်ကြောင်း သိရသည်။ ML

## ဒဏ်ရာမှပြန်လည်သက်သာလာသည့် နည်းပြကွန်တီ စပါးအသင်းနှင့်ပြန်လည်ပူးပေါင်း

**လန်ဒန် ဖေဖော်ဝါရီ ၁၀**

စပါးအသင်းနည်းပြ ကွန်တီသည် သည်းခြေအိတ်ခွဲစိတ်ကုသမှုခံယူခဲ့ရာမှ ပြန်လည်သက်သာလာပြီဖြစ်သည့်အတွက် စပါးအသင်းနှင့် ပြန်လည်ပူးပေါင်းခဲ့ပြီဖြစ်ကြောင်း Football London သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၅၃နှစ်ရှိ ကွန်တီသည် ပြီးခဲ့သည့်လက ဗိုက်အောင့်သည့်အတွက် ဆေးရုံပြသခဲ့ရာ သည်းခြေအိတ်ခွဲစိတ်ကုသရန် လိုအပ်သောကြောင့် စပါးအသင်းမှ ခေတ္တအနားယူခဲ့ပြီး အီတလီနိုင်ငံသို့သွားရောက်၍ သည်းခြေအိတ်ခွဲစိတ်ကုသမှု ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

နည်းပြ ကွန်တီသည် ခွဲစိတ်ကုသမှုခံယူပြီး အနားယူနေသည့်အတွက် ပြီးခဲ့သည့် စပါးအသင်းက မန်စီးတီးအသင်းကို တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် တာဝန်ယူကိုင်တွယ်နိုင်ခြင်းမရှိခဲ့ဘဲ ယခုအခါမှသာအသင်းနှင့်ပြန်လည်ပူးပေါင်းခဲ့ခြင်းဖြစ်သည်။

နည်းပြကွန်တီသည် ယနေ့တွင် အီတလီနိုင်ငံမှ အင်္ဂလန်နိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့ပြီးနောက် အသင်းနှင့် ပြန်လည်ပူးပေါင်းပြီး လေ့ကျင့်ခန်း အစီအစဉ်များကို တာဝန်ယူကြီးကြပ်လျက်ရှိသည်။

ကွန်တီအနေဖြင့် လက်ရှိတွင် အသင်းနှင့် ပြန်လည်ပူးပေါင်းနေပြီဖြစ်သော်လည်း လာမည့်လက်စတာအသင်းနှင့်စပါးအသင်းတို့ ကစားမည့်ပွဲစဉ်ကို တာဝန်ယူကြီးကြပ်ရန်အတွက် မသေချာသေးဘဲ စပါးအသင်း၏ ထုတ်ပြန်ချက်ကို စောင့်ကြည့်ရမည် ဖြစ်ကြောင်း သိရသည်။




STA

# ချဲလ်ဆီးအသင်းက ဘဏ္ဍာရေးစည်းမျဉ်းနှင့် မငြိစွန်းစေရန် ကစားသမားခုနစ်ဦးထိ ရောင်းချမည်



**လန်ဒန် ဖေဖော်ဝါရီ ၁၀**

ချဲလ်ဆီးအသင်းသည် ဘဏ္ဍာရေးစည်းမျဉ်းနှင့် မငြိစွန်းစေရန်အတွက် လာမည့် နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် ကစားသမား ခုနစ်ဦးထိရောင်းချပြီး အသင်းဝင်ငွေရရှိရန်အတွက် ပြင်ဆင်နေကြောင်း Football London သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ချဲလ်ဆီးအသင်းကို ပြီးခဲ့သည့် နွေရာသီကစားသမား အပြောင်းအရွှေ့ကာလက အသင်းပိုင်ရှင်သစ် တော့ဘိုလီ ပိုင်ဆိုင်ခဲ့ပြီးနောက် နွေရာသီကစားသမား အပြောင်းအရွှေ့ကာလနှင့် ဇန်နဝါရီကစားသမား အပြောင်းအရွှေ့ကာလတို့တွင် ပြောင်းရွှေ့ကြေးအသုံးစရိတ်အများအပြားအသုံးပြုပြီး ကစားသမားသစ်များ ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ချဲလ်ဆီး အသင်းသည် စတားလင်း၊ အူဘာမီယန်း၊ ကူလီဘာလေ၊ ကူကူရယ်လာ အစရှိသည့် ကစားသမားများကို နွေရာသီကစားသမား အပြောင်းအရွှေ့ကာလက ခေါ်ယူခဲ့သည့်အပြင် ဇန်နဝါရီကစားသမား အပြောင်းအရွှေ့ကာလတွင်လည်း ဖာနန်ဒက်၊ မက်ဒရိုင်းခ်၊ ဘာဒီယာရှီး၊ ဖိုဖန်နာ၊ နိုနိမာဒူကီ၊ ဂျာအိုဖီးလစ် အစရှိသည့် ကစားသမားများကိုလည်း မြင့်မားသည့် ပြောင်းရွှေ့ကြေးများဖြင့် ခေါ်ယူခဲ့ပြီး ပြောင်းရွှေ့ကြေး စတာလင်ပေါင်သန်း ၆၀၀ ကျော်ထိ အသုံးပြုခဲ့ခြင်းဖြစ်သည်။

ချဲလ်ဆီးအသင်းသည် ပြောင်းရွှေ့ကြေးအသုံးစရိတ်အများအပြားအသုံးပြုခဲ့သည့်အတွက် ဘဏ္ဍာရေးစည်းမျဉ်းများနှင့် ငြိစွန်းလာနိုင်သောကြောင့် လာမည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် ပူလီဆစ်၊ ဇီယက်ချ်၊ ကိုဗာဆစ်၊ ကန်တီ၊ အိုဗ္ဗိုင်းတို့အပြင် နွေရာသီကစားသမားအပြောင်းအရွှေ့ကာလကမှ ခေါ်ယူထားသည့် ကူလီဘာလေကိုပါ ပြန်လည်ရောင်းချရန် ပြင်ဆင်နေခြင်းဖြစ်သည်။

ထို့ပြင် ချဲလ်ဆီးအသင်းသည် အဆိုပါ ကစားသမားများအပြင် အင်တာမီလန်အသင်းထံ အငှားစာချုပ်ဖြင့် စေလွှတ်ထားသည့် လူကာကိုလည်း ပြန်လည်ရောင်းချရန်အတွက် အရောင်းစာရင်း၌ ထည့်သွင်းထားသည်။ STA

# ကာတာအိုးပင်းတင်းနစ်ပြိုင်ပွဲမှ ကာဇက်စတန်ကစားသမား ရိုင်ဘာကီနာ နုတ်ထွက်

**အက်စ်တာနာ ဖေဖော်ဝါရီ ၁၀**

၂၀၂၃ ခုနှစ် ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ဒုတိယနေရာဖြင့် ကျေနပ်ခဲ့ရသည့် ကာဇက်စတန် တင်းနစ်မယ် ရိုင်ဘာကီနာသည် ကာတာနိုင်ငံ ဒိုဟာတွင်ကျင်းပမည့် ကာတာအိုးပင်းတင်းနစ်ပြိုင်ပွဲမှ နုတ်ထွက်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်ဟု France 24 သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

၂၀၂၃ ခုနှစ် ကာတာအိုးပင်းတင်းနစ်ပြိုင်ပွဲတွင် အမျိုးသမီးတင်းနစ်လောကမှ နာမည်ကြီးတင်းနစ် ကစားသမားအမြောက်အမြား ပြိုင်ပွဲမှ နုတ်ထွက်ကြောင်း ထုတ်ပြန်ကြေညာခဲ့ကြသည်။

ပြိုင်ပွဲမှ နုတ်ထွက်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည့် ပြိုင်ပွဲဝင်များစာရင်းတွင် ရိုင်ဘာကီနာ အပါအဝင် အွန်ဂျပ်ဘာ၊ ဆာဘာလင်ကာ၊ အန်ဒရက်စ်ကူနှင့်မူဂူရူဇာတို့လည်း ပါဝင်နေသည်။

နာမည်ကြီး တင်းနစ်မယ် အမြောက်အမြား ပြိုင်ပွဲမှနုတ်ထွက်ခဲ့ခြင်းကြောင့် ကာတာအိုးပင်းတင်းနစ်ပြိုင်ပွဲအတွက် အခက်အခဲရှိစေပြီး နုတ်ထွက်ခဲ့သည့် ပြိုင်ပွဲဝင်များက ခိုင်လုံသည့်အကြောင်းပြချက်များ ထုတ်ပြန်သွားခဲ့ခြင်းမရှိကြောင်း သိရသည်။



ရိုင်ဘာကီနာက "ကံမကောင်းစွာနဲ့ ၂၀၂၃ ခုနှစ် ကာတာအိုးပင်းတင်းနစ်ပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ဖို့မဖြစ်နိုင်တော့ပါဘူး။ ၂၀၂၄ ခုနှစ်မှပဲ ပါဝင်ယှဉ်ပြိုင်ဖို့ ဆုံးဖြတ်ထားပါတယ်။ မကြာသေးမီက ဩစတြေးလျနိုင်ငံမှာ ကျင်းပခဲ့တဲ့ ဩစတြေးလျ အိုးပင်းတင်းနစ်ပြိုင်ပွဲမှာ ကျွန်မအနေနဲ့ အကောင်းဆုံးကစားနိုင်ခဲ့သလို တော်တော်လဲ ပင်ပန်းခဲ့ပါတယ်။ ရှေ့လျှောက် ပြိုင်ပွဲတွေ အများကြီး ယှဉ်ပြိုင်ကစားရမှာဖြစ်တဲ့အတွက်ကြောင့် ကျွန်မအနေနဲ့ အနားယူဖို့လိုအပ်နေတယ်။ ကြံ့ခိုင်မှုပိုင်း ရာနှုန်းပြည့်ပြန်ရဖို့ လေ့ကျင့်မှုတွေလဲ မလုပ်နိုင်သေးဘူး။ ပြည့်ပြည့်ဝဝအနားယူပြီးတော့မှပဲ လေ့ကျင့်မှုတွေ ပြန်လည်ပြုလုပ်သွားမယ်။ဒါကြောင့်လဲ ကာတာအိုးပင်းတင်းနစ်ပြိုင်ပွဲကနေနုတ်ထွက်ဖို့ ဆုံးဖြတ်ခဲ့ရတာဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။ AZL

# Phoenix Open ပြိုင်ပွဲအမှတ်ပေးဇယားကို နစ်ခ်တေလာနှင့် ဟက်ဝင်တို့က ဦးဆောင်

**ဝါရှင်တန် ဖေဖော်ဝါရီ ၁၀**

အမေရိကန်နိုင်ငံ အရီဇိုးနားပြည်နယ်တွင် ကျင်းပနေသည့် Phoenix Open ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမနေ့အပြီးတွင် ကနေဒါဂေါက်သီးရိုက် ကစားသမားများဖြစ်ကြသည့် နစ်ခ်တေလာနှင့် ဟက်ဝင်တို့က သတ်မှတ်ရိုက်ချက်ထက် ငါးချက်စီလျှော့ရိုက်ကာ အမှတ်ပေးဇယားကို ဦးဆောင်နေကြောင်း RTE သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

နာမည်ကြီး ဂေါက်သီးရိုက်ကစားသမားများ ဖြစ်ကြသည့် အမေရိကန် ဂေါက်သီးရိုက်ကစားသမားများဖြစ်သော ရှောင်ဖီလီနှင့် ဟားမန်း၊ ဩစတြေးလျဂေါက်သီးရိုက်ကစားသမား ဂျက်ဆင်ဒေးတို့က သတ်မှတ်ရိုက်ချက်ထက် လေးချက်စီလျှော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ပူးတွဲရပ်တည်လျက်ရှိသည်။

ရာသီဥတုမှာ အအေးဓာတ်လွန်ကဲနေသောကြောင့် ပြိုင်ပွဲဝင်များအတွက် ကစားရခက်ခဲသည့် အခြေအနေဖြင့် ရင်ဆိုင်နေရပြီး အအေးဓာတ်လျော့ကျလာမည်ကို မျှော်လင့်နေကြောင်း နစ်ခ်တေလာက ပြောကြားခဲ့သည်။

နစ်ခ်တေလာက "ရာသီဥတုက အအေးဓာတ်လွန်ကဲနေတဲ့အတွက် လှုပ်ရှားရတာခက်ခဲတယ်။ ကစားရတာလဲ လေးလံနေတယ်။ အခုလောလောဆယ်တော့ ပြိုင်ပွဲဝင်ကစားသမားတိုင်း မျှော်လင့်နေတာကတော့ အအေးဓာတ်လျော့ကျဖို့ပါပဲ။ အအေးဓာတ်ကြောင့် ကစားရတာ ခက်ခဲပေမဲ့လဲ မျှော်လင့်ထားတာထက် ပိုကောင်းအောင်ကစားနိုင်ခဲ့လို့ အားရကျေနပ်မိပါတယ်။ ဒုတိယနေ့မှာလဲ ရလဒ်ကောင်း ရရှိအောင် အကောင်းဆုံး ကြိုးစားသွားမယ်။ ပထမနေ့ကထက် ပိုပြီးတော့ တိုးတက်အောင် ကြိုးစားသွားပါမယ်"ဟု ပြောကြားခဲ့သည်။

ကနေဒါ ဂေါက်သီးရိုက်ကစားသမား နစ်ခ်တေလာသည် Phoenix Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ၂၀၁၇ ခုနှစ်က တစ်ကြိမ်၊ ၂၀၂၀ပြည့်နှစ်က တစ်ကြိမ် ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့သည့် ကစားသမားတစ်ဦးဖြစ်ပြီး ကစားသမားဘဝသက်တမ်းတစ်လျှောက် Phoenix Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ချန်ပီယံဆုဖလားကို တတိယအကြိမ်မြောက်ဆွတ်ခူးနိုင်ရန် မျှော်လင့်နေသည်ဟုပြောကြားခဲ့ကြောင်း သိရသည်။

AZL

# ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ် (၂၀) ပွဲကြိုသုံးသပ်ချက်များ

STA

**ဟာသာဘာလင် Vs ဂလာဘတ်**

**ကစားမည့်ရက်/အချိန် ၁၂-၂-၂၀၂၃ (ည ၀၉း၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဂလာဘတ် ၁ - ၀ ဟာသာဘာလင်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဟာသာဘာလင် | - | အိမ်(ရှုံး) | အိမ်(ရှုံး) | ဝေး(ရှုံး) |
| ဂလာဘတ် | - | ဝေး(ရှုံး) | ဝေး(နိုင်) | အိမ်(သရေ) |

လေးပွဲဆက်ရှုံးပွဲကြုံထားတဲ့ ဟာသာဘာလင်အသင်းရဲ့ခြေစွမ်းပိုင်းက ဆိုးရွားနေလို့ အခုအိမ်ကွင်းမှာဆိုပေမဲ့ရုန်းကန်ရပါလိမ့်မယ်။ဂလာဘတ်အသင်းကတော့ နောက်ပိုင်းပွဲစဉ်တွေမှာ ခြေစွမ်းပိုင်းပြန်လည်တည်ငြိမ်နေပါတယ်။ ဒါကြောင့် ဒီပွဲမှာအဝေးကွင်းဆိုပေမဲ့ တွေ့ဆုံမှုတိုင်းအသာစီးမှာရှိနေတဲ့ ဂလာဘတ်အသင်းကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း - ဟာသာဘာလင် ၀ - ၁ ဂလာဘတ်**

**ကိုလုံး Vs ဖရန့်ဖတ်**

**ကစားမည့်ရက်/အချိန် ၁၂-၂-၂၀၂၃ (ည ၁၁း၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဖရန့်ဖတ် ၁ - ၁ ကိုလုံး**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ကိုလုံး | - | ဝေး(သရေ) | ဝေး(သရေ) | အိမ်(သရေ) |
| ဖရန့်ဖတ် | - | ဝေး(သရေ) | အိမ်(နိုင်) | အိမ်(နိုင်) |

ကိုလုံးအသင်းဟာ အိမ်ကွင်းဆိုရင်အသင်းလိုက်ကစားပုံကောင်းမွန်တယ်ဆိုပေမဲ့ လက်ရှိ ဖရန့်ဖတ်အသင်းရဲ့ခြေစွမ်းပိုင်းကြောင့် အခက်တွေ့ပါလိမ့်မယ်။ ဖရန့်ဖတ်အသင်းကလဲနောက်ဆုံးကစားခဲ့တဲ့နှစ်ပွဲဆက်နိုင်ပွဲရယူထားပြီး ပုံစံကောင်းပြသနေပါတယ်။ ဒါကြောင့် လက်ရှိခြေစွမ်းပိုင်းတည်ငြိမ်မှုရှိနေတဲ့ ဖရန့်ဖတ်အသင်းကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း - ကိုလုံး ၁ - ၂ ဖရန့်ဖတ်**

# ပြင်သစ်လီဂူး ပွဲစဉ် (၂၃) ပွဲကြိုသုံးသပ်ချက်များ

STA

**လိုင်လီ Vs စထရာဘော့**

**ကစားမည့်ရက်/အချိန် ၁၂-၂-၂၀၂၃ (ည ၀၈း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**စထရာဘော့ ၀ - ၃ လိုင်လီ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| လိုင်လီ | - | အိမ်(သရေ) | ဝေး(နိုင်) | ဝေး(သရေ) |
| စထရာဘော့ | - | အိမ်(ရှုံး) | ဝေး(ရှုံး) | အိမ်(နိုင်) |

အိမ်ကွင်းဆိုရင် အသင်းလိုက်ကစားပုံကောင်းမွန်တဲ့ လိုင်လီအသင်းဟာ စထရာဘော့အသင်းကို ဖိအားပေးကစားနိုင်မှာပါ။ စထရာဘော့အသင်းရဲ့ လက်ရှိခြေစွမ်းပိုင်းကလဲ တည်ငြိမ်မှုမရှိဘဲ ရုန်းကန်ရသလို ခံစစ်ပိုင်းကလဲစိတ်ချလို့မရပါဘူး။ ဒါကြောင့် အိမ်ကွင်းဆိုရင်ခြေစွမ်းပိုင်းကောင်းမွန်တဲ့ လိုင်လီအသင်းကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း - လိုင်လီ ၂ - ၀ စထရာဘော့**

**လိုင်ယွန် Vs လန်း**

**ကစားမည့်ရက်/အချိန် ၁၃-၂-၂၀၂၃ (နံနက် ၀၂း၁၅နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**လန်း ၁ - ၀ လိုင်ယွန်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| လိုင်ယွန် | - | အိမ်(သရေ) | ဝေး(နိုင်) | အိမ်(သရေ) |
| လန်း | - | အိမ်(ရှုံး) | ဝေး(သရေ) | ဝေး(သရေ) |

သုံးပွဲဆက်နိုင်ပွဲပျောက်ဆုံးနေပြီး ပုံစံကောင်းမရှိတော့တဲ့ လန်းအသင်းဟာ အခုပွဲစဉ်မှာ ရုန်းကန်ရဖို့ရှိနေပါတယ်။ လိုင်ယွန်အသင်းကလဲ အိမ်ကွင်းကစားပုံတည်ငြိမ်မှုအပြည့်ရှိလို့ လန်းအသင်းကို ခြေစွမ်းပိုင်းအသာနဲ့ဖိအားပေးကစားနိုင်မှာပါ။ ဒါကြောင့် ဒီပွဲမှာ အိမ်ရှင်အားသာချက်နဲ့ ဖိအားပေးကစားလာမဲ့ လိုင်ယွန်အသင်းပဲ အနိုင်ရယူသွားပါလိမ့်မယ်။

**အင်တာနက်ခန့်မှန်း - လိုင်ယွန် ၂ - ၁ လန်း**

# ပင်လုံပြည်ထောင်စုနှင့် နောက်ခံသမိုင်းကြောင်း

ခိုင်(မိတ္ထီလာ)

တိုင်းရင်းသားအပေါင်း သွေးစည်းညီညွတ်ခဲ့ကြသော ပင်လုံ၏ပြည်ထောင်စုကြီးကား ကျွန်ုပ်တို့ချစ်ခင်လေးစားရပါသော ပြည်ထောင်စုကြီးဖြစ်ပါသည်။ ဤပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ရပ်တည်နိုင်အောင် ခေတ်အဆက်ဆက်က ဘိုးဘွားမိဘပြည်သူပြည်သားတို့ ကိုယ်ကျိုးစွန့်ခဲ့၏။ အနစ်နာခံ၊ အညှဉ်းပန်း အနှိပ်စက်ခံ အသေခံခဲ့ကြရသည်။ ကြမ်းတမ်းခက်တရော်လှသော ခရီးရှည်ကြီးကို ရင်ဆိုင်အန်တုခဲ့ကြသည်။ အသီးအပွင့်ကား ပြည်ထောင်စုနေ့ နေ့မြတ်မဟာတည်းပေတည်း။ အချိန်ကာလအားဖြင့် စိန်ရတုသမယကိုလွန်၍ ၇၆ နှစ်သက်တမ်းသို့ပင်ဆိုက်ရောက်ခဲ့ပြီဖြစ်သည်။

မြန်မာနိုင်ငံ၏ လွတ်လပ်ရေးကြိုးပမ်းမှုခရီးတစ်နည်းဆိုသော် လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် ၁၉၄၅ ခုနှစ်မှ ၁၉၄၈ ခုနှစ်ထိ ကာလသည် လွတ်လပ်ရေးလှုပ်ရှားမှု၏ အထွတ်အထိပ်နှင့် အရေးကြီးဆုံးကာလဖြစ်သည်ဟု တပ်မတော်သမိုင်း (တတိယတွဲ)က ဆိုပါသည်။ "ထိုကာလသည် အနှစ်နှစ်အလလက မြန်မာတို့မျှော်မှန်းတောင့်တခဲ့သော လွတ်လပ်ရေးကို လက်ဝယ်ပိုင်ပိုင် ရရှိနိုင်အောင် ကြိုးပမ်းလှုပ်ရှားခဲ့သည်သာမက မြန်မာနိုင်ငံ၏ အနာဂတ်နိုင်ငံရေးဘဝကို ရုပ်လုံးဖော်ခဲ့ရသည့် ကာလဖြစ်သောကြောင့်ပင်ဖြစ်သည်"ဟု ၎င်းစာအုပ်နိဒါန်းတွင် ပါရှိသည်။ လွတ်လပ်ရေးအတွက် သူတစ်ဖုံ၊ ကိုယ်တစ်နည်းဖြင့် ကြိုးပမ်းကြရာတွင် သမိုင်းစာမျက်နှာပေါ်တွင် ထင်ကျန်ရစ်သည်လည်းရှိသကဲ့သို့ ပျပျရေးရေး မထင်ရှားသည်တို့လည်း ရှိကောင်းရှိပေမည်။ မည်သို့ဆိုစေ လှုပ်ရှားသူတို့၏ တစ်ခုတည်းသော ပန်းတိုင်ကား အတူတူပင်ဖြစ်ပေတော့သည်။

**ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်၏ ခေါ်ပြီးခေတ်လုပ်ငန်းစဉ်များ**

ဖက်ဆစ်တိုက်ဖျက်ရေး၊ ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်(ဖတပလ)နှင့် မျိုးချစ်မြန်မာ့တပ်မတော်တို့သည် မြန်မာနိုင်ငံကို ဖက်ဆစ်ဂျပန်တို့၏လက်အောက် ကျွန်ဘဝမှလွတ်မြောက်စေရန် ဦးဆောင်တိုက်ပွဲဝင်ခဲ့ကြသည်။ ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့သည် ဖက်ဆစ်တော်လှန်ရေးစတင်ခါနီး ၁၉၄၅ ခုနှစ် မတ်လတွင် ပေါ်ပေါက်လာသော်လည်း စင်စစ်အားဖြင့် ဖက်ဆစ်တော်လှန်ရေးမတိုင်မီ ၁၉၄၄ ခုနှစ် ဩဂုတ်လဆန်းကပင် ဖွဲ့စည်းခဲ့သောအဖွဲ့အစည်းတစ်ရပ်ဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်းသည် ဖက်ဆစ်ဂျပန်ကိုတော်လှန်မည့် အင်အားစုများ ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်မှသာ ခရီးရောက်မည်ကိုကောင်းစွာသိရှိသည့်အလျောက် ၁၉၄၄ ခုနှစ် ဇူလိုင်လတွင် သခင်သန်းထွန်းမှတစ်ဆင့် သခင်စိုးနှင့်ဆက်သွယ်၍ ဖက်ဆစ်တော်လှန်ရေးအတွက် ရည်ရွယ်ချက်ချင်းတူညီသော အသင်းအဖွဲ့ပေါင်းစုံပါဝင်သည့် အမျိုးသားတပ်ပေါင်းစုကြီး ဖွဲ့စည်းနိုင်ရန်ကြိုးပမ်းခဲ့သည်။

**အမျိုးသားခေါင်းဆောင်များ၏ သဘောထား**

ဖက်ဆစ်ဂျပန်များကို မြန်မာ့မြေပေါ်မှ အပြီးအပိုင်မောင်းထုတ်ရန် သန္နိဋ္ဌာန်ချထားပြီးဖြစ်သော တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ဖက်ဆစ်တော်လှန်ရေးကြီးကို စည်းလုံးညီညွတ်စွာ ဆင်နွှဲတိုက်ခိုက်ခဲ့ကြရာ ရန်ကုန်မြို့သည် ဂျပန်လက်အောက်ကလွတ်မြောက်ခဲ့သော်လည်း စစ်တောင်းမြစ်အရှေ့ဘက်ကမ်းနှင့် တနင်္သာရီတိုင်းတို့တွင် ဂျပန်များရှိနေသေးသောကြောင့် တိုက်ခိုက်နိုင်ရေးအတွက် မြန်မာနှင့် မဟာမိတ်အရာရှိကြီးများသည် ပဲခူးမြို့ တိုင်းအမှတ် (၄) တွင် ၁၉၄၅ ခုနှစ် ဩဂုတ် ၁၀ ရက်မှစ၍ တွေ့ဆုံဆွေးနွေးခဲ့ကြလေသည်။

၁၉၄၅ ခုနှစ် ဩဂုတ် ၁၂ ရက် တိုင်းမှူးများအစည်းအဝေးက ထုတ်ပြန်သောကြေညာချက်တွင် "ကျွန်ုပ်တို့နိုင်ငံ၏အရေးတစ်ခုလုံးသည် ကျွန်ုပ်တို့တပ်မတော်နှင့် လွတ်လပ်ရေးလိုချင်သူအားလုံး သက်စွန့်ကြိုးပမ်း ထမ်းဆောင်လာခဲ့သည်နှင့်အမျှ ထိရောက်စွာ အောင်မြင်ရန်အတွက် ခေါင်းဆောင်မည့်ပုဂ္ဂိုလ်များနှင့် တိုင်းသူပြည်သားအပေါင်းတို့သည် လူမျိုးမရွေး၊ ဘာသာမရွေး တညီတညွတ်တည်း ဆက်လက်ဆောင်ရွက်ရန် အထူးလိုပေသည်" စသည်ဖြင့် ပါရှိ၏။ အလားတူ ဖက်ဆစ်တိုက်ဖျက်ရေးပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ် ဗဟိုဦးစီးအဖွဲ့သည် ဩဂုတ် ၁၂ ရက်၊ ၁၄ ရက်၊ ၁၅ ရက်တို့တွင် အစည်းအဝေးများကျင်းပ၍ ပြည်သူများစည်းလုံးညီညွတ်ရေးကို စီမံစိုင်းပြင်းခဲ့ကြပြန်သည်။

**နေသူရိန်အစည်းအဝေးကြီး**

၁၉၄၅ ခုနှစ် ဩဂုတ် ၁၆ ရက်မှ ၁၈ ရက်ထိ ကျင်းပပြုလုပ်ခဲ့သော နိုင်ငံ့ခေါင်းဆောင်များစတုတ္ထအကြိမ် အစည်းအဝေးဆုံးဖြတ်ချက်များကို အတည်ပြုနိုင်ရန် လူထုအစည်းအဝေးကြီးတစ်ရပ်ကျင်းပခဲ့သည်။ ထိုအစည်းအဝေးမှာ ရန်ကုန်မြို့ ဗဟန်းရပ်ကန်တော်ကြီးစောင်းရှိ နေသူရိန်ပြဇာတ်ရုံကြီးတွင် ၁၉၄၅ ခုနှစ် ဩဂုတ် ၁၉ ရက်က ကျင်းပသော အစည်းအဝေးကြီးဖြစ်သည်။ ၎င်းလူထုအစည်းအဝေးကြီးက ၁၉၄၅ ခုနှစ် မေ ၁၇ ရက်က ဗြိတိသျှတို့ထုတ်ပြန်ခဲ့သော စက္ကူဖြူစီမံကိန်းပါ အစီအစဉ်များကို ကန့်ကွက်ကာ ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်ကြီးက မြန်မာပြည်သူများ၏ လိုလားချက်များကို အတည်ပြုကြေညာခဲ့သည်။ ဤသို့အစမူသော လှုပ်ရှားမှုများကြောင့် ဗြိတိသျှအာဏာပိုင်တို့သည် မြန်မာ့တပ်မတော်အရေးကိစ္စကို ဆွေးနွေးရန် ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သော ဖတပလအဖွဲ့ချုပ်ကိုယ်စားလှယ်များနှင့် မြန်မာ့တပ်မတော်ကိုယ်စားလှယ်များအား သီဟိုဠ်ကျွန်း(သီရိလင်္ကာနိုင်ငံ)ကန္ဒီမြို့သို့ ဖိတ်ခေါ်ခဲ့ရလေသည်။ ၁၉၄၅ ခုနှစ် စက်တင်ဘာ ၇ ရက်တွင် မျိုးချစ်မြန်မာ့တပ်မတော်ကို မြန်မာနိုင်ငံတပ်မတော်အတွင်းသို့ ပူးပေါင်းဖွဲ့စည်းရေးနှင့်ပတ်သက်၍ ကန္ဒီစာချုပ်ကို လက်မှတ်ရေးထိုးကြသည်။

**ဖဆပလ၏ တိုက်ပွဲအရှိန်အဟုန်မြင့်လာခြင်း**

၁၉၄၄ ခုနှစ် ဩဂုတ်လအတွင်းတွင် "တော်လှန်ရေးတပ်ဦးစာတမ်း"ဖြင့် ကွန်မြူနစ်များ၊ ပြည်သူ့အရေးတော်ပုံအဖွဲ့နှင့် တပ်မတော်တို့သည် တစ်ဖွဲ့တည်းအဖြစ်ပေါင်းစည်း၍ နောင် ဖတပလ၊ ထိုမှ ဖဆပလ ဖြစ်လာမည့် ဖက်ဆစ်တိုက်ဖျက်ရေးအဖွဲ့ကို ဖွဲ့စည်းခဲ့သည်။ ဖဆပလအဖွဲ့ချုပ်သည် ဗဟိုဦးစီးအဖွဲ့မှဆုံးဖြတ်သော အမှုဆောင်ကောင်စီအဖွဲ့ဝင်များ လိုက်နာရန်လိုအပ်ချက်များကို ၁၉၄၆ ခုနှစ် အောက်တိုဘာ ၂၅ ရက်တွင် ကျင်းပသော ကောင်စီအစည်းအဝေး၌ တင်ပြသည်။ အဓိကပါဝင်သောအချက်များမှာ လွတ်လပ်သောမြန်မာနိုင်ငံတော်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရမည့် တိုင်းပြုပြည်ပြုလွှတ်တော်တွင် ပါဝင်ရမည့်ကိုယ်စားလှယ်များ ရွေးကောက်ပွဲကျင်းပရေးနှင့် မကျင်းပမီ အမျိုးသားအစိုးရအဖွဲ့ဖွဲ့စည်းပေးရေးတို့ဖြစ်သည်။ ဤသို့ဖြင့် ၁၉၄၆ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်တွင် ဝန်ကြီးချုပ် အက်တလီက မြန်မာနိုင်ငံဘုရင်ခံ အမှုဆောင်ကောင်စီမှ ကိုယ်စားလှယ်အဖွဲ့ကို ဘုရင့်အစိုးရအဖွဲ့နှင့်ဆွေးနွေးရန် ဖိတ်ခေါ်ကြောင်း ကြေညာသည်။

၁၉၄၇ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် ကန်တော်မင်ပန်းခြံ၌ ဖဆပလအဖွဲ့ချုပ်မှ လန်ဒန်သို့စေလွှတ်မည့်ကိုယ်စားလှယ်များအား ထောက်ခံသည့် လူထုအစည်းအဝေးကြီးကို အင်အားကြီးမားစွာကျင်းပကြသည်။ ထိုအစည်းအဝေးကြီးက အမျိုးသားအစိုးရဖြစ်တည်ရေးကိုတောင်းဆိုပြီး ဗြိတိသျှနယ်ချဲ့တို့၏ လူမျိုးစုသွေးခွဲရေးလုပ်ငန်းများကို ရှုတ်ချခဲ့၏။

❖ ပင်လုံညီလာခံကား မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှု၏ အနာဂတ်သတ်ကမ်းစပ်ဖြစ်သည်။ ဤညီလာခံကြောင့် ပင်လုံမြို့သည် သမိုင်းတွင်သွားပြီဖြစ်၏။ မြန်မာ့သမိုင်းတွင်လည်းကောင်း၊ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင်လည်းကောင်း မီးရှူးတန်ဆောင် ကြယ်တစ်ပွင့်ပမာ ထွန်းလင်းတောက်ပလျက်ရှိချေသည်။ မြန်မာကိုယ်စားလှယ်အဖွဲ့ လန်ဒန်ဆွေးနွေးပွဲမှ ပြန်ရောက်လာသည့်အချိန်တွင် ဖဆပလအဖွဲ့ချုပ်မှ အရေးတကြီးဆောင်ရွက်ရန်ကိစ္စမှာ လွတ်လပ်ရေးအတွက် တိုင်းရင်းသားလူမျိုးစုများ တစည်းတလုံးတည်းပါဝင်သော ပင်လုံညီလာခံကျင်းပရေးပင်ဖြစ်သည်။ ❖

**လန်ဒန်ဆွေးနွေးပွဲ**

လန်ဒန်ဆွေးနွေးပွဲမှာ ၁၉၄၇ ခုနှစ် ဇန်နဝါရီ ၁၃ ရက်မှ ၂၈ ရက်ထိဖြစ်၏။ ဆွေးနွေးပွဲကျင်းပနေစဉ် မြန်မာနိုင်ငံတွင် ဖဆပလအဖွဲ့ချုပ်ကဦးဆောင်သည့် ပြည်သူတို့ကလည်း ၁၉၄၇ ခုနှစ် ဇန်နဝါရီ ၁၀ ရက်မှ ၁၆ ရက်တိုင်တိုင် လူထုဆန္ဒပြပွဲကြီးများကျင်းပသည်။ လန်ဒန်ဆွေးနွေးပွဲမှာ လူမျိုးစုဒေသအရေးမှလွဲ၍ ကျန်ကိစ္စများ အဆင်ပြေချောမွေ့ခဲ့သည်။ ဇန်နဝါရီ ၂၆ ရက်ညတွင် အဆုံးသတ်ဆွေးနွေးညှိနှိုင်းပြီးချိန်၌ သခင်ဘစိန်နှင့်ဦးစောတို့က အကြောင်းအမျိုးမျိုးပြ၍ စာချုပ်တွင် လက်မှတ်မထိုးနိုင်ကြောင်း ကြေညာသည်။ ဗိုလ်ချုပ်အောင်ဆန်းက နိုင်ငံအတွက် ဤမျှအရေးပါသောသဘောတူညီချက်ကို ဖဆပလအဖွဲ့ချုပ် အမှုဆောင်အဖွဲ့နှင့် တိုင်ပင်ခြင်းမပြုဘဲ လက်မှတ်ထိုးရန် ဝန်လေးနေသော်လည်း နောက်ဆုံးတွင် တာဝန်ယူရန်ဆုံးဖြတ်ပြီး ၁၉၄၇ ခုနှစ် ဇန်နဝါရီ ၂၇ ရက်တွင် အောင်ဆန်း-အက်တလီစာချုပ်ကို လက်မှတ်ရေးထိုးခဲ့သည်။

**ပင်လုံညီလာခံ**

ပင်လုံညီလာခံကား မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှု၏ အနာဂတ်ကမ်းစပ်ဖြစ်သည်။ ဤညီလာခံကြောင့် ပင်လုံမြို့သည် သမိုင်းတွင်သွားပြီဖြစ်၏။ မြန်မာ့သမိုင်းတွင်လည်းကောင်း၊ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင်လည်းကောင်း မီးရှူးတန်ဆောင် ကြယ်တစ်ပွင့်ပမာ ထွန်းလင်းတောက်ပလျက်ရှိချေသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့ လန်ဒန်ဆွေးနွေးပွဲမှ ပြန်ရောက်လာသည့်အချိန်တွင် ဖဆပလအဖွဲ့ချုပ်မှ အရေးတကြီး ဆောင်ရွက်ရန်ကိစ္စမှာ လွတ်လပ်ရေးအတွက် တိုင်းရင်းသားလူမျိုးစုများ တစည်းတလုံးတည်းပါဝင်သော ပင်လုံညီလာခံကျင်းပရေးပင်ဖြစ်သည်။ ဗြိတိသျှတို့ မြန်မာနိုင်ငံကို သိမ်းပိုက်ပြီးချိန်တွင် တောင်တန်းဒေသများကို သီးခြားစီမံကိန်းဒေသများအဖြစ် ဘုရင်ကတိုက်ရိုက်အုပ်ချုပ်ခဲ့သည်။ ရှေးမြန်မာမင်းများလက်ထက်က ရှမ်းစော်ဘွားများသည် ကချင်တောင်တန်းဒေသများကို အုပ်ချုပ်ခဲ့ရသော်လည်း ဗြိတိသျှအစိုးရလက်ထက်တွင် နယ်ခြားဒေသအရာရှိက သီးခြားသတ်မှတ်ထားသော ကချင်ဒေသများသို့ ရှမ်းများဝင်ရောက်ခြင်းမပြုရန် ပိတ်ပင်ထားခဲ့သည်။

လန်ဒန်ဆွေးနွေးပွဲ၌ တောင်တန်းဒေသနှင့်ပြည်မအရေးနှင့်စပ်လျဉ်း၍ တောင်တန်းဒေသပြည်သူတို့၏ သဘောထားကိုခံယူရန် သဘောတူညီခဲ့သည်နှင့်အညီ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလတွင် ပင်လုံညီလာခံကျင်းပရန် ပြင်ဆင်သည်။ နယ်ခြားဒေသအုပ်ချုပ်ရေးမှ ဗြိတိသျှအာဏာပိုင်တို့က တောင်တန်းဒေသပြည်သူတို့အား ဖိအားပေးသည်။ ရှမ်းပြည်နယ် ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်၊ လူငယ်များအဖွဲ့ချုပ် စသော ဖဆပလအင်အားစုများကလည်း မြန်မာတို့နှင့်တွဲလျက် လွတ်လပ်ရေးအရယူရန် စည်းရုံးလှုပ်ရှားသည်။ ဖေဖော်ဝါရီလဆန်းတွင် ရှမ်းစော်ဘွားများ ရှမ်းပြည်နယ် ကိုယ်စားလှယ်များ ပင်လုံသို့ရောက်ရှိလာပြီး ပဏာမဆွေးနွေးပွဲများ ပြုလုပ်သည်။ ဤအတောအတွင်း ကချင်ကိုယ်စားလှယ်များ၊ ချင်းကိုယ်စားလှယ်များရောက်ရှိလာပြီး ဆွေးနွေးပွဲများစတင်ပြုလုပ်သည်။

ထိုစဉ် နယ်ခြားအုပ်ချုပ်ရေးအရာရှိက ယခုပြုလုပ်သောအစည်းအဝေးမှာ တရားမဝင်ကြောင်းအကြောင်းကြားသဖြင့် ကိုယ်စားလှယ်များ ရွတ်ရွတ်သဲသဲဖြစ်ခဲ့ကြသည်။ ဤအခြေအနေတွင် ရှမ်းပြည်နယ် ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်မှ ဦးထွန်းမြင့်၏ လှုံ့ဆော်မှုဖြင့် ကိုယ်စားလှယ်များသည် လူနှစ်ထောင်ခန့်တက်ရောက်သော လူထုအစည်းအဝေးပွဲကျင်းပပြီး ပြည်မနှင့်ပူးပေါင်း၍ လွတ်လပ်ရေးရယူရန် ဆုံးဖြတ်သည်။ တစ်ဆက်တည်းတွင်ပင် စော်ဘွားခုနစ်ဦး၊ ပြည်သူ့ကိုယ်စားလှယ် ခုနစ်ဦးပါသော ရှမ်းပြည်နယ် အမှုဆောင်ကောင်စီ အမှုဆောင်အဖွဲ့ကို ဖွဲ့စည်းခဲ့သည်။

ဖေဖော်ဝါရီ ၈ ရက်တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဗြိတိသျှ ဒိုမီနီယံရေးရာ လက်ထောက်အတွင်းဝန် ဘော်တွမ်လေီတို့ ပင်လုံသို့ရောက်ရှိလာကြသည်။ တောင်တန်းဒေသနှင့်ပြည်မ ပူးပေါင်းရေးသဘောတူစာချုပ်ကို ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် အောင်မြင်စွာ ချုပ်ဆိုနိုင်ခဲ့လေသည်။ တိုင်းရင်းသားအပေါင်းတို့ တစ်စိတ်တစ်ဝမ်းညီခဲ့ကြသည့် ပင်လုံညီလာခံမှ မွေးထုတ်လိုက်သော ပြည်ထောင်စုနေ့တည်းဟူသော နေ့ထူးနေ့မြတ်တစ်နေ့သည်လည်း ဤမြန်မာ့မြေတစ်လွှားတွင် ထင်ရှားခဲ့လေပြီ။

လောကတွင် ဖြစ်ပေါ်လာသမျှသော အကျိုးတရားတို့သည် အကြောင်းကြောင့်ချည်း ဖြစ်ရကုန်၏။ ပြည်ထောင်စုနေ့ဖြစ်ပေါ်လာပုံတွင်လည်း ဆိုင်ရာအကြောင်းတရားများစွာရှိသည်။ ပြည်ထောင်စုနေ့ဖြစ်ပေါ်လာစေရန်ဖန်တီးသည့် "နောက်ခံအဖြစ်အပျက်များ၊ သမိုင်းနောက်ခံဖြစ်ရပ်များ၊ နိုင်ငံ့ခေါင်းဆောင်ပုဂ္ဂိုလ်များ၊ ဘီအိုင်အေ၊ ဘီဒီအေ၊ ရှမ်းလူငယ်များ၏ စည်းရုံးမှု၊ ကိုလိုနီခေတ် ရှမ်းကျောင်းသားများ၊ စစ်အတွင်းနှင့်စစ်ပြီးခေတ် လွတ်လပ်ရေးတိုက်ပွဲဝင် လူငယ်အစည်းအရုံးများ၊ တောင်သူလယ်သမားများ၊ အလုပ်သမားများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ပြည်သူ့ဝန်ထမ်းများ စသည်တို့၏ ရှမ်း-မြန်မာ ပူးပေါင်းရေး လှုပ်ရှားမှုများ၊ လုံးဝလွတ်လပ်ရေးကို ဦးဆောင်ခဲ့သော ရှမ်းပြည် ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်ကြီး၏ လူထုတိုက်ပွဲများသည် လွတ်လပ်ရေးတိုက်ပွဲသမိုင်းတစ်လျှောက်တွင် အထင်အရှား တည်ရှိခဲ့ပါသည်"ဟူသော ညီညွတ်ရေးအရေးတော်ပုံစာအုပ်လာ ဆရာစံအောင်၏ အာသီသစကားကိုငှားရမ်း၍ နိဂုံးချုပ်ပါမည်။ ထိုနည်းတူ ဗြိတိသျှတို့ သွေးခွဲသပ်လျှိုခဲ့သော ထောင်ချောက်ကမ်းပါးအတွင်း မသက်ဆင်းမိအောင် တွဲသောလက်များညီညာခဲ့သဖြင့် ပင်လုံမှန်ဦးအရောက် ခရီးပေါက်ခဲ့သော ပြည်ထောင်စုနေ့အောင်ပွဲသည် သမိုင်းတံခွန်စိုက်မည့် မီးရှူးတန်ဆောင်ကြီးဖြစ်ပါကြောင်း မှတ်တမ်းတင်အပ်ပါသတည်း။

# တောင်ဥက္ကလာပမြို့နယ် ရွှေမြန်မာပန်းချီပြခန်းတွင် Star Eleven အွန်လိုင်းပန်းချီပြပွဲ ပြသသွားမည်ဖြစ်



**ရန်ကုန် ဖေဖော်ဝါရီ ၁၀**

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်ရှိ ရွှေမြန်မာပန်းချီပြခန်းတွင် ပန်းချီဆရာ ၁၁ ဦး၏ လက်ရာများကို စုစည်း၍ Star Eleven အွန်လိုင်းပန်းချီပြပွဲကို ဖေဖော်ဝါရီ ၁၅ ရက်မှ ဖေဖော်ဝါရီ ၂၅ ရက်ထိ ပြသသွားမည်ဖြစ်ကြောင်း အဆိုပါပန်းချီပြခန်းတာဝန်ခံ ဦးဝဏ္ဏကြည်က ပြောပြ၍ သိရသည်။

အဆိုပါ Star Eleven အွန်လိုင်းပန်းချီပြပွဲတွင် ဝါရင့်ပန်းချီဆရာကြီးများဖြစ်သည့် ပန်းချီစောလှိုင်၊ ပန်းချီတင်လှဝင်းထင်၊ ပန်းချီလှတင်ထွန်း၊ ပန်းချီဌေးအောင်၊ ပန်းချီသန်းဆိုင်၊ ပန်းချီပန်းကြည်၊ ပန်းချီတင်မြ၊ ပန်းချီစောတင့်ဝေ၊ ပန်းချီမောင်ကျော်ခေါင်၊ ပန်းချီတင်အောင်ထိုက်၊ ပန်းချီဝင်းမြတ်အောင်တို့၏ ရေဆေး၊ ဆီဆေး၊ အခရိုင်းလစ် စသည့် လက်ရာစုံ၊ အရောင်အသွေးစုံ ရေးဆွဲထားသည့် ပန်းချီကား ၃၃ ကားကို ပြသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဝါရင့်ပန်းချီဆရာကြီး ၁၁ ယောက်ရဲ့ လက်ရာစုံပန်းချီကား ၃၃ ကားကို ပြသမှာဖြစ်ပါတယ်။ ပြပွဲမှာ ပါဝင်တဲ့တချို့ပန်းချီဆရာကြီးတွေဆိုရင် ကွယ်လွန်ကုန်ကြပြီဖြစ်တဲ့အတွက် ပန်းချီလက်ရာဟောင်းတွေကို သုံးကားလောက်ရအောင် စုစည်းပေးထားပါတယ်။ လူငယ်နဲ့ လူကြီး လက်ရာစုံရေးဆွဲထားတဲ့ ပန်းချီကားတွေဖြစ်လို့ ဝယ်ယူစုဆောင်းသူတွေ အကြိုက်တွေ့မှာပါ"ဟု ဦးဝဏ္ဏကြည်က ပြောပြသည်။

အဆိုပါ ပန်းချီပြပွဲတွင် ပြသပေးမည့် ပန်းချီကားများ၏ အရွယ်အစားမှာ (၃၆ × ၂၄) လက်မ၊ (၂၄ × ၂၄) လက်မ၊ (၁၈ × ၂၄) လက်မ၊ (၁၈ × ၁၈) လက်မ စသည့်ပန်းချီကားများပါဝင်ပြီး ဈေးနှုန်းအနေဖြင့် အနည်းဆုံး ငွေကျပ် ခုနစ်သိန်းမှ အများဆုံး ငွေကျပ်သိန်း ၃၀ ထိ ရှိကြောင်း သိရသည်။ ASH

# The Ministry of Ungentlemanly Warfare ဇာတ်ကား၌ ဟင်နရီဂိုးဒင်း ပါဝင်မည်

**နယူးယောက် ဖေဖော်ဝါရီ ၁၀**

ဒါရိုက်တာ ဂိုင်းရစ်ချီ၏ The Ministry of Ungentlemanly Warfare ဇာတ်ကား၌ မင်းသား ဟင်နရီဂိုးဒင်း ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း Deadline သတင်းဝက်ဘ်ဆိုက်က ဖေဖော်ဝါရီ ၉ ရက်တွင် ရေးသားတင်ပြထားသည်။

မင်းသား ဟင်နရီဂိုးဒင်းသည် အဆိုပါဇာတ်ကား၌ မင်းသား ဟင်နရီကာဗေး၊ မင်းသမီး အိုက်ဇာဂွန်ဇာလက်တို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။


လက်ရှိတွင် The Ministry of Ungentlemanly Warfare ဇာတ်ကား၌ မင်းသား ဟင်နရီဂိုးဒင်း ပါဝင်သရုပ်ဆောင်ရမည့် ဇာတ်ကောင်နေရာကို မသိရသေးကြောင်း သိရသည်။

အဆိုပါဇာတ်ကားသည် ဒုတိယကမ္ဘာစစ်နောက်ခံဇာတ်ကားဖြစ်ပြီး နာဇီနယ်မြေအတွင်း ထိုးဖောက်ဝင်ရောက်ခဲ့သော ဗြိတိသျှစစ်ဘက်လက်ရွေးစင်တပ်ဖွဲ့တစ်ဖွဲ့အကြောင်း အခြေခံ ရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

The Ministry of Ungentlemanly Warfare ဇာတ်ကား ရိုက်ကူးထုတ်လုပ်မှုကို ဖေဖော်ဝါရီ ၁၃ ရက်တွင် စတင်ရန် ဒါရိုက်တာ ဂိုင်းရစ်ချီက စီစဉ်ထားသည်။

လက်ရှိတွင် အဆိုပါဇာတ်ကား ရုံတင်ပြသမည့်ရက်ကို မသိရသေးကြောင်း သိရသည်။

KKO




# တာချီလိတ်မြို့တွင် ကျင်းပသည့် Miss TMT 2023 ပြိုင်ပွဲတွင် ရခိုင်ပြည်နယ်ကိုယ်စားပြုအလှမယ် မစိုးထက်နွယ်က Winner ဆုရရှိခဲ့

**ဓနိတွေ့ ဖေဖော်ဝါရီ ၁၀**

ရှမ်းပြည်နယ် တာချီလိတ်မြို့တွင် ကျင်းပသည့် Miss TMT 2023 ပြိုင်ပွဲတွင် ရခိုင်ပြည်နယ်မှ အလှမယ် မစိုးထက်နွယ်က Miss TMT 2023 Winner ဆု ရရှိခဲ့ကြောင်း Akyab Stars Arts and Talent Center မှ Founder ဖြစ်သူ ကိုစံသာက ပြောပြ၍ သိရသည်။

အဆိုပါ Miss TMT 2023 ပြိုင်ပွဲ၏ Grand Final Show ကို ဖေဖော်ဝါရီ ၉ ရက်က တာချီလိတ်မြို့တွင် ကျင်းပခဲ့ခြင်းဖြစ်ပြီး ပြိုင်ပွဲသို့ စစ်တွေမြို့အခြေစိုက် Akyab Stars Arts and Talent Center မှ သွားရောက်ယှဉ်ပြိုင်ခဲ့သည့် အလှမယ် မစိုးထက်နွယ်က Miss TMT 2023 Winner ဆုကို ရရှိခဲ့ခြင်းဖြစ်သည်။

"ပြိုင်ပွဲကတော့ Camp ၁၀ ရက်ဝင်ပြီး ပြိုင်ရတာဖြစ်ပါတယ်။ ကျွန်တော်တို့ဘက်က ဘယ်လောက်ပဲလေ့ကျင့်ပေးပေး အလှမယ်ကိုယ်တိုင်က အမှန်တကယ်ကြိုးစားပြီး ယှဉ်ပြိုင်ရတာဖြစ်ပါတယ်။ ရလဒ်ကတော့ ပြိုင်ပွဲဝင်အပေါ်မှာအများကြီးအကျိုးသက်ရောက်မှုရှိပါတယ်။ ဒါကြောင့် Akyab Stars Arts and Talent Center အတွက် ပထမဆုံး Crown ကို ယူလာပေးတဲ့အတွက် ကျေးဇူးလဲတင်ပါတယ်"ဟု ကိုစံသာက ပြောပြသည်။




အဆိုပါ Miss TMT 2023 ပြိုင်ပွဲကို The Model Tachileik Organization မှ စီစဉ်ကျင်းပခြင်းဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အလှမယ်ဦးရေ ၂၀ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကာ အလှမယ် မစိုးထက်နွယ်သည် အဆိုပါပြိုင်ပွဲတွင် Winner ဆုအပြင် Miss Friendship Award၊ Miss Congeniality Award နှင့် Miss Intelligence Award တို့ကိုလည်း ရရှိခဲ့ကြောင်း သိရသည်။

ASH

# Kingdom of the Planet of the Apes၌ မင်းသမီးဒီချန်းလက်မင်း ပါဝင်လာ

**နယူးယောက် ဖေဖော်ဝါရီ ၁၀**

၂၀ ရာစုရုပ်ရှင်စတူဒီယို၏ Kingdom of the Planet of the Apes ဇာတ်ကား၌ ဩစတြေးလျ မင်းသမီး ဒီချန်းလက်မင်း ပါဝင်လာကြောင်း Hollywood Reporter သတင်းဝက်ဘ်ဆိုက်က ဖေဖော်ဝါရီ ၉ ရက်တွင် ရေးသားတင်ပြထားသည်။

ဒီချန်းလက်မင်းသည် အထက်ပါဇာတ်ကား၌ မင်းသမီး ဖရီယာအယ်လန်၊ မင်းသား အိုဝင်တီဂူ၊ ဝီလျံအိတ်မာစီ၊ ကီဗင်ဒူရန်နီတို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

Kingdom of the Planet of the Apes ဇာတ်ကား၌ မင်းသမီး ဒီချန်းလက်မင်း သရုပ်ဆောင်ရမည့် ဇာတ်ကောင်နေရာကို မသိရသေးကြောင်း သိရသည်။

အဆိုပါ ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဂျို့ဖရိုက်မင်း၊ ရစ်ချက်ဂျာနှင့် အမန်ဒါဆေးဗားတို့က ရေးသားပေးထားပြီး The Maze Runner ဒါရိုက်တာ ဝက်ဘောက တာဝန်ယူရိုက်ကူးမည်ဖြစ်သည်။

လက်ရှိတွင် အဆိုပါဇာတ်ကား ရိုက်ကူးထုတ်လုပ်မှုကို ဩစတြေးလျနိုင်ငံ၌ စတင်နေပြီဖြစ်ပြီး Kingdom of the Planet of the Apes ဇာတ်ကားကို ၂၀၂၄ ခုနှစ် မေ ၂၄ ရက်တွင် ရုံတင်ပြသရန် စီစဉ်ထားကြောင်း သိရသည်။ KKO



# ပြည်ပရှိ မြန်မာအမှတ်တရလက်ဆောင်ပစ္စည်းအရောင်းဆိုင်များသို့ မြန်မာပန်းပုလက်ရာဆင်ရုပ်များ တင်ပို့သွားမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၀**

ပြည်ပရှိ မြန်မာအမှတ်တရလက်ဆောင်ပစ္စည်းအရောင်းဆိုင်များသို့ မြန်မာပန်းပုလက်ရာဆင်ရုပ်များ တင်ပို့သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်န်းကျွန်းမြို့နယ်ရှိ မြန်မာမဏ္ဍိုင် အမှတ်တရလက်ဆောင်ပစ္စည်းအရောင်းစင်တာ မန်နေးဂျင်းဒါရိုက်တာ ဦးမောင်မောင်အေးက ပြောပြ၍ သိရသည်။

ပြည်ပတွင် မြန်မာနိုင်ငံသားများဖွင့်လှစ်ထားသည့် မြန်မာအမှတ်တရ လက်ဆောင်ပစ္စည်းအရောင်းဆိုင်များက မြန်မာအမှတ်တရ လက်ဆောင်ပစ္စည်းများကို မှာယူလျက်ရှိကြောင်း၊ ယခုဖေဖော်ဝါရီလတွင် ဆင်ရုပ်များကို အဓိက မှာယူလျက်ရှိသည့်အတွက် ရခိုင်ပြည်နယ်ရှိ နယ်စပ်ကုန်သွယ်ရေးစခန်းများမှတစ်ဆင့် တင်ပို့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ပြည်ပမှာရှိတဲ့ မြန်မာအမှတ်တရ လက်ဆောင်ပစ္စည်းအရောင်းဆိုင်တွေက အခု ဖေဖော်ဝါရီလ ဒုတိယပတ်မှာ အလျား ၁၃ လက်မ၊ အမြင့် ၁၂ လက်မရှိတဲ့ ဆင်ရုပ်တွေကို အဓိက မှာယူနေပါတယ်။ အသားကတော့ ပိတောက်သား၊ ယမနေသားဖြစ်ပါတယ်။ မတ်လမှာ ဆင်ရုပ် ၁၅၀ တင်ပို့ရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ကိုယ်ပိုင်အလုပ်ရုံကပဲ ထုလုပ်မှာဖြစ်ပါတယ်။ ပြည်တွင်းရောင်းဈေးကတော့ ဆင်ရုပ်တစ်ရုပ်ကို ငွေကျပ် ၈၅၀၀၀ ကျသင့်မှာဖြစ်ပါတယ်"ဟု ဦးမောင်မောင်အေးက ပြောပြသည်။

မြန်မာအမှတ်တရလက်ဆောင်ပစ္စည်းများကို ပြည်တွင်းရှိ အမှတ်တရလက်ဆောင်ပစ္စည်းအရောင်းဆိုင်များသာမက မြန်မာနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေသည့်နိုင်ငံများရှိ နယ်စပ်မြို့များတွင် ဖွင့်လှစ်ထားသည့် မြန်မာအမှတ်တရလက်ဆောင်ပစ္စည်း အရောင်းဆိုင်များသို့လည်း တင်ပို့လျက်ရှိကြောင်း သိရသည်။

ASH

# Grand auspicious ceremony to enshrine religious objects donated by Leading Donor Chairman of State Administration Council Prime Minister Senior General Min Aung Hlaing and well-wishers across country into reliquaries at centre points of Jewelled Throne of Maravijaya Buddha Image held


Construction of Maravijaya Buddha Image in progress.

**Nay Pyi Taw February 10**

The grand auspicious ceremony to enshrine religious objects donated by Leading Donor Chairman of State Administration Council Prime Minister Senior General Min Aung Hlaing and well-wishers across the country into reliquaries at centre points of the Jewelled Throne of Maravijaya Buddha Image being built in the Maravijaya Buddha Park in Dekkhinathiri Township in Nay Pyi Taw Union Territory was held on the jewelled throne of the Buddha image in the Buddha Park this morning.

Present at the ceremony were members of the Sangha led by Ovadacariya Sayadaw for construction of the Maravijaya Buddha Image Presiding Sayadaw of Pali University Mingala Zeyon Monastery in Pyinmama Agga Maha Pandita Agga Maha Suddhammajotika Dhaja Bhaddanta Vimalabuddhi, the Senior General and well-wishers.

First, the Senior General paid homage to members of the Sangha led by the Pali Sayadaw at the briefing hall of the Buddha park and offered necessities and cash donations. Then, members of the Sangha led by the Pali Sayadaw, the Senior General and well-wishers viewed precious gems, gold, silver, jewels and rubies and silver coins from around the world collectively donated by seven-day-born well-wishers in golden jewel boxes. Afterwards, the Senior General consulted members of the Sangha led by the Pali Sayadaw about religious affairs and paid respect to them.

Then, the grand auspicious ceremony to enshrine religious objects began with paying homage to Buddha images by reciting Namo Tassa three times and recitation of the Metta Sutta. Afterwards, the congregation recited Yadanattaya Puja and Subba Singhaha Puja two metta verses three times.

Afterwards, the Senior General and the congregation meditated on Zaya Mingala verses recited by members of the Sangha led by the Pali Saydaw.

Then, the master of the ceremony read out the message for the auspicious event. At the auspicious time, the Pali Sayadaw and the Senior General enshrined the boxes of religious objects donated by the well-wishers and the stone inscription for construction of the Buddha image in designated reliquaries on the jewelled throne in accordance with traditional rituals.

Afterwards, responsible officials enshrined religious objects collectively donated by well-wishers in designated reliquaries on the jewelled throne.


Senior General Min Aung Hlaing inspects construction tasks.

Then, members of the Sangha led by the Pali Sayadaw and the Senior General sprinkled scented water on the relinqueries. Afterwards, Zaya Mingala victorious gatha verses beginning with Zayantaw Bodhiya Mulay were recited under the guidance of the Pali Sayadaw and the master of the ceremony read out the victorious merit-sharing message. Then, the Senior General and well-wishers shared merits to the people of Myanmar by reciting Sadhu three times.

Afterwards, the ceremony was concluded with the three-time recitation of Buddham Sasanam Ciram Tithatu and the ritual of showering gold and silver rains to mark the success of the ceremony.

Then, the Senior General inspected the construction tasks of the Buddha image around the Buddha park and gave necessary instructions.

The ceremony to enshrine religious objects at the centre of the jewelled throne was held on 27 January and 104 tical six pe and three ywe of gold, 200 tical one pe and one ywe of jewelry attached with gems, three kilogram of various gems, the horoscope of the Buddha, international silver coins and precious stones were enshrined in the relinqueries.

Moreover, it was announced that more religious objects would be enshrined in reliquaries at the centre points of the jewelled throne to enable the public to gain merits and well-wishers were invited to donate precious gems for religious objects to gain long-term merits. Well-wishers and *See Page 13*


Senior General Min Aung Hlaing and party meditate on religious verses recited by Sayadaws.


Sayadaws and Senior General Min Aung Hlaing enshrine stone inscriptions in a reliquary.



A Sayadaw sprinkles scented water on stone inscription.



Senior General Min Aung Hlaing presents offertories to a Sayadaw.

*From Page 12*

donors across the country contacted responsible officials from the Nay Pyi Taw Council Union Territory and states and regions to donate precious gems for religious objects to be enshrined in the reliquaries.

As members of the public from the entire country donated precious metals and stones for religious, 1,360 tical and 5.4 ywe of gold, 1,684 tical 15 pe and 1.6 ywe of gold jewelry attached with gems, 126 pe and 5.1 ywe of silver jewelry attached with gems, various precious stones and pearls, international silver coins and precious gems were enshrined into reliquaries at the centre points of the jewelled throne of the Buddha image today and more than MMK 810 million cash donations were received for all-round maintenance of the Buddha Image.

It was reported that stupas housing stone inscriptions, the fountain precinct, the main precinct of the Buddha image, prayer halls and the main stairway were decorated with lights to enable the public to admire the religious edifices. 100



Gold and jewels to be enshrined.



Gold and jewels to be enshrined.



Gems and precious stones to be enshrined.

# Vice-Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win inspects preparedness for 76th Anniversary Union Day Ceremony





Vice-Senior General Soe Win inspects preparedness for 76th Anniversary Union Day Ceremony.

**Nay Pyi Taw February 10**

Vice-Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win inspected preparedness to successfully hold the 76th Anniversary Union Day today.

Accompanied by officials, Vice-Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win inspected the morning schedule for holding the 76th Anniversary Union Day ceremony to be held at Nay Pyi Taw City Hall this morning.

In the evening, the Vice-Senior General inspected preparedness for holding the dinner in honour of the 76th Anniversary Union Day and officials concerned reported on the preparation to the Vice-Senior General.

Then, the Vice-Senior General and officials watched and inspected a full-dress rehearsal of ethnic people, who will perform at the dinner in honour of the 76th Anniversary Union Day at the open-air theatre of Nay Pyi Taw and made coordination to fulfill the needs. 100

# SAC Vice Chairman Deputy Prime Minister Vice-Senior General Soe Win addresses meeting on organizing ceremony to confer religious titles for 2023



Vice-Senior General Soe Win addresses meeting on organizing ceremony to confer religious titles for 2023.

**Nay Pyi Taw February 10**

A work coordination meeting of the patronage committee and leading committee for organizing the ceremony to confer religious titles for 2023 by the State Administration Council of the Republic of the Union of Myanmar took place at 1.30 pm today, attended by patronage committee Chairman SAC Vice Chairman Deputy Prime Minister Vice-Senior General Soe Win.

Also present were Union ministers, the chairman Nay Pyi Taw Council, deputy ministers, Nay Pyi Taw Council members, the deputy commander of Nay Pyi Taw Command, permanent secretaries, directors general and officials.

After the meeting was formally opened, the Vice-Senior General said today's meeting was held with the aim of successfully holding the religious title offering ceremony at Sasana Beikman in the precincts of the Uppātasanti Pagoda in Nay Pyi Taw on March 2023.

The Ministry of Religious Affairs and Culture as the leading committee is carrying out sector-wise tasks by forming a work committee and 12 subcommittees. The respective subcommittees need to do their work in time.

The religious title conferring ceremony has been held since the times of ancient Myanmar kings. It is the highest national level ceremony annually held on a grand scale under the successive governments. The Ministry of Transport and Communications must take it seriously for the convenience of flight schedules.

This year, there will be 382 Sayadaws at home and 21 Sayadaws from abroad totalling 403, and 38 nuns. There will also be 41 laypeople at home and one lady from abroad totalling 42. Of the 42, seven are missionary title recipients and 35 Sasana Nuggaha title recipients while one lady from abroad is a Saddhamma Jotika Dhaja title recipient.

More significantly at this year's ceremony, Abhidhaja Maha Rattha Guru and Abhidhaja Agga Maha Saddhamma Jotika titles were conferred on 10 late Sayadaws who were well-known in Pariyat and Patipat missionary works including Leti Sayadaw, Taung Myo Maha Ganthayon Sayadaw, Mogok Sayadaw, Mahasi Sayadaw, and Pali-Roman Sayadaw, who complied and imprinted Pali-Roman words on the marble stone plaques to be kept at the stupas of the Buddha Park where the Mara Vijaya Buddha Image lies.

When it comes to accommodating the Sayadaws, four Sangha Yama monastery buildings and Nay Pyi Taw Sibin Yeiktha will be used as usual. Therefore, emphasis must be placed on making those facilities and their environs clean and tidy.

The Ministry of Hotels and Tourism needs to coordinate matters in arranging hotel rooms for the convenience of 24 title recipient Sayadaws at home and abroad.

For hotel staff who are to provide services to the Sayadaws, those familiar with a lay attendant's duty and skilled in relevant languages should be assigned. Attention must be paid to doing work in ensuring everything is right including meals and health affairs when the Sayadaw arrive in our country so that they can feel convenient and pleased.

At Sangha Yama monastery buildings and Nay Pyi Taw Sibin Yeiktha also, healthy and fresh meals must be offered to the Sayadaws and nuns who will be staying. For that the health subcommittee needs to seek prior coordination. Medical checkups are necessary and other tasks must be carried out such as providing required traditional and Western medicines, keeping ambulances ready and fumigation to keep away mosquitoes and insects. All measures must be taken in accord with the prescribed Covid-19 rules. The health subcommittee needs to coordinate with other subcommittees.

Inner part of the Sasana Maha Beikman where the ceremony will take place must be splendidly decorated including the shrine room and the Sangha rostrum.

148 Sayadaws and three Buddhist nuns, 152 in total, will attend the rice offering ceremony. The Chairman of State Sangha Maha Nayaka Committee and the Secretary of the Committee will be offered rice ahead of the ceremony. Therefore, the subcommittees concerned are to work together to be able to systematically present offerings to the Sayadaws and to make arrangements to hold the rice offering ceremony without any delay after the religious title awarding ceremony.

The sub-committees concerned are to systematically make arrangements for ensuring no setback in taking the tasks to be done and need to do a rehearsal.

As it is a State-level ceremony, it is necessary for all to pay special attention with a sense of security in order that there will be no security breach.

The committees concerned are to make systematic arrangements and plans in order that the ceremonies will be successfully held and the working committees and subcommittees are to openly submit and discuss the tasks done and their further plans and arrangements.

Then, Chairman of the Leading Committee Union Minister for Religious Affairs and Culture U Ko Ko briefed on matters on scrutinizing and conferring religious titles.

Afterwards, Chairman of the Working Committee Deputy Minister for Religious Affairs and Culture U Aye Tun reported on the arrangements on holding the ceremony to confer the religious titles and the ceremony to offer rice.

Then, officials of the sub-committees concerned presented their sector-wise reports respectively.

After that, the Vice-Senior General gave concluding remarks. 100

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ဆန်နှင့်ဆန်ကွဲ ပြည်ပတင်ပို့မှုမှ နိုင်ငံခြားဝင်ငွေအမေရိကန်ဒေါ်လာ ၈၄၈ သန်းရရှိအောင် ဆောင်ရွက်မည်



**ရန်ကုန် ဖေဖော်ဝါရီ ၁၀**

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ဆန်နှင့်ဆန်ကွဲ ပြည်ပတင်ပို့မှုမှ နိုင်ငံခြားဝင်ငွေ အမေရိကန်ဒေါ်လာ ၈၄၈ သန်း ရရှိအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၏ ဖေဖော်ဝါရီ ၈ ရက် သတင်းများအရ သိရသည်။

မြန်မာနိုင်ငံအနေဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၇၀၀ ဒသမ ၁၃၂ သန်းတန်ဖိုးရှိ ဆန်နှင့်ဆန်ကွဲ တန်ချိန် ၁ ဒသမ ၈၇၆ သန်း တင်ပို့ရောင်းချပေးခဲ့ပြီး ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် မိနီဘတ်ဂျက် ခြောက်လတာ ကာလအတွင်း အမေရိကန်ဒေါ်လာ ၄၄၄ ဒသမ ၂၈၃ သန်းတန်ဖိုးရှိ ဆန်နှင့် ဆန်ကွဲတန်ချိန် ၁ ဒသမ ၃၈၂ သန်း တင်ပို့ရောင်းချပေးခဲ့ကြောင်း၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ၂၀၂၂ ခုနှစ် ဧပြီ ၁ ရက်မှ ယခုနှစ် ဇန်နဝါရီ ၂၇ ရက်ထိ ကာလအတွင်း အမေရိကန်ဒေါ်လာ ၆၅၃ ဒသမ ၆၁၈ သန်းတန်ဖိုးရှိ ဆန်နှင့် ဆန်ကွဲတန်ချိန် ၁ ဒသမ ၇၈၁ သန်း တင်ပို့ရောင်းချပေးနိုင်ခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်နှင့် သက်ဆိုင်ရာအသင်းအဖွဲ့များကလည်း မြန်မာ့ဆန်နှင့် ဆန်ကွဲကို ပြည်ပသို့ တိုးမြှင့်တင်ပို့ရောင်းချပေးနိုင်ရေးနှင့် ဖောက်သည်ဈေးကွက်သစ်များ ရရှိရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ပဖောက်သည်ဈေးကွက်နိုင်ငံများသို့ ဆန်နှင့် ဆန်ကွဲ တင်ပို့ရောင်းချမှုမှ နိုင်ငံခြားဝင်ငွေ အမေရိကန်ဒေါ်လာ ၈၄၈ သန်း ရရှိအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ (၃၃၆)

# လားရှိုးမြို့နယ် လားရှိုး(မယ်ဟန်)-မိုင်းရယ်-ကျေးသီးလမ်းတွင် ကတ္တရာလမ်းချဲ့ခြင်းနှင့် တံတားတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**လားရှိုး ဖေဖော်ဝါရီ ၁၀**

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့နယ် လမ်းဦးစီးဌာန လမ်းအထူးအဖွဲ့(၆)က လားရှိုး (မယ်ဟန်)-မိုင်းရယ်-ကျေးသီးလမ်းတွင် ကတ္တရာလမ်းချဲ့ခြင်းနှင့် တံတားတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဖေဖော်ဝါရီ ၉ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့(၆)မှ ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ) ဦးနေရဲလင်းနှင့် တာဝန်ရှိသူများက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် လားရှိုး (မယ်ဟန်)-မိုင်းရယ်-ကျေးသီးလမ်းတွင် ကတ္တရာလမ်းချဲ့ခြင်းနှင့်တံတားတည်ဆောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို စစ်ဆေးကြပြီး လမ်းအထူးအဖွဲ့(၆)မှ ဦးစီးအရာရှိ(မြို့ပြ)ဒေါ်မြင့်မြင့်သန်းက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို လိုက်လံရှင်းလင်းပြသကြောင်း သိရသည်။

လားရှိုး(မယ်ဟန်)-မိုင်းရယ်-ကျေးသီးလမ်းတွင် လမ်းအရှည် လေးဖာလုံကို အကျယ် ၁၂ ပေ၊ မှ ၁၈ ပေထိ ကတ္တရာလမ်းချဲ့ခြင်းလုပ်ငန်းများကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်နယ်ခွင့်ပြုရန်ပုံငွေ ကျပ် ၁၉၀ ဒသမ ၄၉၂ သန်းဖြင့်လည်းကောင်း၊ လမ်းအရှည်တစ်မိုင်ကို အကျယ် ၁၂ ပေမှ ၁၈ ပေထိ ကတ္တရာလမ်းချဲ့ခြင်း လုပ်ငန်းကို ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် သန်း ၃၇၂ ဒသမ ၃၃၀ ဖြင့်လည်းကောင်း၊ အဆိုပါလမ်းပေါ်တွင် အရှည် ပေ ၃၀၊ အကျယ် ပေ ၃၀၊ အမြင့် ၁၆ ပေရှိ သံကူကွန်ကရစ်တံတား တည်ဆောက်ခြင်း လုပ်ငန်းများကို ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၁၆၅ သန်းဖြင့်လည်းကောင်း လမ်းဦးစီးဌာန လမ်းအထူးအဖွဲ့(၆)က ၂၀၂၂ ခုနှစ် မေလပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ ကတ္တရာလမ်းချဲ့ခြင်းနှင့် တံတားတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်မှုကြောင့် လားရှိုးမြို့နှင့် မိုင်းရယ်မြို့တို့သို့ အဆင်ပြေချောမွေ့စွာဖြင့် သွားလာနိုင်မည်ဖြစ်ရာ ဒေသခံပြည်သူများ လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် အကျိုးပြုစေမည်ဖြစ်ကြောင်း သိရသည်။



**ကျော်စောဦး(မောရှမ်းမြေ)**

# လယ်ဝေးမြို့နယ် ခရမ်းကိုင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**လယ်ဝေး ဖေဖော်ဝါရီ ၁၀**

ပြည်ထောင်စု နယ်မြေ နေပြည်တော် လယ်ဝေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ခရမ်းကိုင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ အဌမအကြိမ် ထုတ်ချေးခြင်းကို ဖေဖော်ဝါရီ ၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လယ်ဝေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်သူရက ခရမ်းကိုင်းကျေးရွာရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းအသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်၊ တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်စေရန် ရည်ရွယ်၍ အရင်းမပျောက် လည်ပတ်ရန်ပုံငွေများထုတ်ချေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံသို့ အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၇၄၁ သိန်း လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက မြစိမ်းရောင်ကျေးရွာစီမံကိန်း အဌမအကြိမ်အဖြစ် ခရမ်းကိုင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်မည့် အသင်းသား၊ အသင်းသူ စုစုပေါင်း ၂၃၆ ဦးကို အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၇၄၁ သိန်း ထုတ်ချေးပေးခဲ့ကြောင်း လယ်ဝေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**မောင်နိုင်**






## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၁၀-၂-၂၀၂၃**

| | | |
|---|---|---|
| **ရွှေ** | | |
| ၁၆ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၆၉၀၀၀၀ |
| ၁၅ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၆၂၈၀၀၀ |
| **(ခွဲထက်ရွှေဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၂၀၀၀/၈၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၀၀၀၀/၇၃၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၅၃၀၀၀/၅၆၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၄၂၀၀၀/၄၅၀၀၀ |
| ဧည့်ဗီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၄၁၀၀၀/၄၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၃၅၀၀၀/၃၉၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၁၀၀၀/၁၂၅၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၁၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၅၆၀၀/၆၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၃၀၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၃၈၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၁၇၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၂၃၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၃၀၅ |
| **(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ** | | |
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၈၅)



စာမျက်နှာ ၁၇ မှအဆက်

ယင်းနောက် ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဘုရားဒါယကာများက ဆရာတော်ကြီးများ ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည့် ဇယမင်္ဂလာဂါထာတော်ကို နာယူကြည်ညိုကြသည်။

ထို့နောက် အခမ်းအနားမှူးက မင်္ဂလာအခါတော်စာတမ်းကို ဖတ်ကြားသည်။ မင်္ဂလာအချိန်တော်တွင် ပါဠိဆရာတော်ကြီးနှင့် ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်တို့သည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရတနာပလ္လင်တော်ထက် ဗဟိုဌာနနေရာရှိ ဌာပနာတိုက်တော်များအတွင်းသို့ နိုင်ငံတစ်ဝန်းလုံးရှိ ခုနစ်ရက်သားသမီး ဘုရားဒါယကာ၊ ဒါယိကာမများ၊ စေတနာရှင်၊ အလှူရှင်များ စုပေါင်းလှူဒါန်းထားသည့် အဖိုးတန် ရတနာရွှေငွေကျောက်သံပတ္တမြားများ၊ နိုင်ငံတကာမှ ငွေဒင်္ဂါးပြားများအပါအဝင် ဌာပနာတော်ပစ္စည်းများ ထည့်သွင်းထားသည့် ရွှေသေတ္တာတော်များနှင့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်တည် မော်ကွန်းကမ္ပည်းကျောက်စာတော်တို့ကို သတ်မှတ်ဌာပနာတော်နေရာအသီးသီးတွင် ထုံးတမ်းစဉ်လာများနှင့်အညီ သွင်းလှူပူဇော်ကြသည်။

ထို့ပြင် စေတနာရှင်အလှူရှင်များ စုပေါင်းလှူဒါန်းထားသည့် အဖိုးတန် ရတနာ ကျောက်သံပတ္တမြားများကိုလည်း ရတနာပလ္လင်တော်ထက် ဗဟိုဌာနနေရာရှိ ကျန်ရှိသည့်ဌာပနာ တိုက်တော်နေရာများတွင် တာဝန်ရှိသူများက အသီးသီးသွင်းလှူပူဇော်ကြသည်။

ထို့နောက် ပါဠိဆရာတော်ကြီးအမှူးပြုသည့် ဆရာတော်၊ သံဃာတော်များနှင့် ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်တို့သည် ဌာပနာတော်တိုက်များကို နံ့သာရည်များပက်ဖျန်းပူဇော်ကြသည်။ ယင်းနောက် ပါဠိဆရာတော်ဦးဆောင်၍ **"ဇယန္တော ဗောဓိယာ မူလေ"** အစရှိသည့် ဇယမင်္ဂလာ အောင်ဂါထာများကို ရွတ်ဆိုပူဇော်ပြီး အခမ်းအနားမှူးက အောင်ဆုမင်္ဂလာ အမျှဝေစာတမ်းလွှာကိုဖတ်ကြား၍ ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အမှူးပြုသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တစ်ဝန်းလုံးမှ ဌာပနာတော် ကုသိုလ်ရှင်များ၊ ပြည်သူပြည်သားများအားလုံး ဝမ်းမြောက်နှမော်သာဓုခေါ်ဆိုနိုင်ရန်အတွက် မေတ္တာပြု အမျှပေးဝေကြကာ သာဓုသုံးကြိမ် ရွှတ်ဆိုတော်မူကြသည်။

၎င်းနောက် အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကိုရုပ်သိမ်းလိုက်ပြီး ဌာပနာတော်သွင်းလှူပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနား အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ရတနာရွှေမိုးငွေမိုးများ ရွာသွန်းဖြိုးခဲ့သည်။

ထို့နောက် ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဗုဒ္ဓဥယျာဉ်တော်အတွင်းလှည့်လည်၍ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရေး လုပ်ငန်းဆောင်ရွက်လျက်ရှိမှု အခြေအနေများကိုကြည့်ရှုကာ လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့သည်။

အဆိုပါ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး **စာမျက်နှာ ၁၉ သို့**



ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဗုဒ္ဓဥယျာဉ်တော်အတွင်း လှည့်လည်၍ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရေး လုပ်ငန်းဆောင်ရွက်လျက်ရှိမှု အခြေအနေများကိုကြည့်ရှုကာ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုစဉ်။





ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်း လှည့်လည်ကြည့်ရှုစဉ်။



မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်း၌ ကျောက်စာရုံစေတီတော်များ၊ ရေပန်းရင်ပြင်တော်များ၊ ဘုရားကြီးရင်ပြင်တော်၊ သုဓမ္မာဇရပ်များနှင့် ပင်မအဝင်လမ်းတို့တွင် အများပြည်သူ ကြည်ညိုသပ္ပာယ်ဖွယ်ဖြစ်အောင် မီးထွန်းညှိ၍ အလင်းပေးပူဇော်ထားရှိမှုကို တွေ့ရစဉ်။

**စာမျက်နှာ ၁၈ မှအဆက်**

ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနတွင် ဌာပနာတော်သွင်းလှူပူဇော်ခြင်းကို ဇန်နဝါရီ ၂၇ ရက်တွင်ပြုလုပ်ခဲ့ပြီး ခုနစ်ရက် သားသမီး၊ ဘုရားဒါယကာ၊ ဒါယိကာမများ၊ စေတနာရှင်၊ အလှူရှင်များ စုပေါင်းလှူဒါန်းထားသည့်ရွှေထည် ၁၀၄ ကျပ်သား ၆ ပဲ ၃ ရွေး၊ကျောက်မျက်ရတနာပါရွှေထည်ပစ္စည်း ၂၀၀ ကျပ်သား ၁ ပဲ ၁ ရွေး၊ကျောက်မျိုးစုံ သုံးကီလိုဂရမ်အပါအဝင် ဗုဒ္ဓမြတ်စွာဘုရား၏ ဓာတာတော်များ၊ နိုင်ငံတကာမှ ငွေဒင်္ဂါးပြားများ၊အဖိုးတန်ရွှေငွေကျောက်သံပတ္တမြားများကို ဌာပနာသွင်းလှူပူဇော်နိုင်ခဲ့သည်။

ထို့ပြင် မိဘပြည်သူများ ထပ်မံ၍ ကုသိုလ်ယူလှူဒါန်းနိုင်ရေး ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနများတွင် ဌာပနာတော်များကိုထပ်မံထည့်သွင်းလှူဒါန်းပူဇော်မည်ဖြစ်ကြောင်း၊ကုသိုလ်တော်ရေရှည်တည်တံ့ခိုင်မြဲနိုင်မည့် အဖိုးတန်ကျောက်မျက်ရတနာများဌာပနာတော် ကုသိုလ်ပြုနိုင်ရန်အတွက် ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နိဗ္ဗာန် အကျိုးမျှော်၍ အသိပေးနှိုးဆော်ခဲ့ရာ နိုင်ငံတစ်ဝန်းလုံးရှိ ခုနစ်ရက် သားသမီး၊ ဘုရားဒါယကာ၊ ဒါယိကာမများ၊ စေတနာရှင်၊အလှူရှင်များက နေပြည်တော်ကောင်စီပြည်ထောင်စုနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ တာဝန်ရှိသူများထံသို့ ဝမ်းပန်းတသာဆက်သွယ်၍ အဖိုးတန်ကျောက်မျက်ရတနာဌာပနာတော် ကုသိုလ်ပစ္စည်းများကို ထည့်ဝင်လှူဒါန်း ကုသိုလ်ပြုခဲ့ကြသည်။

ထိုကဲ့သို့ နိုင်ငံတစ်ဝန်းလုံးရှိ မိဘပြည်သူများ ဝမ်းပန်းတသာဆက်သွယ်လှူဒါန်းခဲ့ကြသည့် ရွှေထည် ၁၃၆၀ ကျပ်သား ၅ ဒသမ ၄ ရွေး၊ ကျောက်မျက်ရတနာပါ ရွှေထည်ပစ္စည်း ၁၆၈၄ ကျပ်သား ၁၅ ပဲ ၁ ဒသမ ၆ ရွေး၊ကျောက်မျက်ရတနာပါငွေထည်ပစ္စည်း ၁၂၆ ပဲ ၅ ဒသမ ၁ ရွေး၊ ကျောက်မျိုးစုံ၊ ပုလဲမျိုးစုံအပါအဝင် နိုင်ငံတကာမှ ငွေဒင်္ဂါးပြားများ၊ အဖိုးတန်ရွှေငွေ ကျောက်သံပတ္တမြားများကို ယနေ့တွင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ရတနာပလ္လင်တော်ထက်အလယ် ဗဟိုဌာနများတွင် ဌာပနာသွင်းလှူ ပူဇော်နိုင်ခဲ့ကြောင်းနှင့် ဘုရားကြီးဘက်စုံအလှူငွေအဖြစ် ငွေကျပ်သိန်းပေါင်း ၈၁၀၀ ကျော်ကိုလည်း လက်ခံရရှိခဲ့သည်။

ထို့ပြင် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်း၌ ကျောက်စာရုံစေတီတော်များ၊ ရေပန်းရင်ပြင်တော်များ၊ ဘုရားကြီးရင်ပြင်တော်၊ သုဓမ္မာဇရပ်များနှင့် ပင်မအဝင်လမ်းတို့တွင် အများပြည်သူ ကြည်ညိုသပ္ပာယ်ဖွယ်ဖြစ်အောင် မီးထွန်းညှိ၍ အလင်းပေးပူဇော်ထားရှိကြောင်း သတင်းရရှိသည်။





မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်း၌ ကျောက်စာရုံစေတီတော်များ၊ ရေပန်းရင်ပြင်တော်များ၊ ဘုရားကြီးရင်ပြင်တော်၊ သုဓမ္မာဇရပ်များနှင့် ပင်မအဝင်လမ်းတို့တွင် အများပြည်သူ ကြည်ညိုသပ္ပာယ်ဖွယ်ဖြစ်အောင် မီးထွန်းညှိ၍ အလင်းပေးပူဇော်ထားရှိမှုကို တွေ့ရစဉ်။

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရာတွင် အသုံးပြုနိုင်ရေးအတွက် အလှူငွေများ ပေးအပ်လှူဒါန်း

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရာတွင် အသုံးပြုနိုင်ရေးအတွက် စေတနာရှင်၊အလှူရှင်များက အလှူငွေများလှူဒါန်းခြင်းကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေနှင့် တာဝန်ရှိသူများ၊ စေတနာရှင်၊ အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးအစိုးရအဖွဲ့က အဝင်မုခ်ဦးငယ်တစ်ခုနှင့် သုဓမ္မာဇရပ်တစ်ဆောင်တို့အတွက် အလှူငွေကျပ်သိန်း ၅၅၅၀ နှင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်(အငြိမ်းစား)မိသားစုက အလှူငွေကျပ်သိန်း ၇၀ တို့ကို ပေးအပ်လှူဒါန်းရာ တိုင်းမှူးက လက်ခံရယူပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရာတွင် အသုံးပြုနိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ အလှူငွေများကို ပေးအပ်လှူဒါန်းရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေက လက်ခံရယူစဉ်။



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရာတွင် အသုံးပြုနိုင်ရေးအတွက် အလှူရှင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်(အငြိမ်းစား)မိသားစုက အလှူငွေများကိုပေးအပ်လှူဒါန်းရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေက လက်ခံရယူစဉ်။

☆ **ကျောဖုံးမှအဆက်**

၂၀၂၃ ခုနှစ် (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ နံနက်ပိုင်းအခမ်းအနားအစီအစဉ်များကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားသည်။

ညနေပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်သည် ၂၀၂၃ ခုနှစ် (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုညစာစားပွဲ ခင်းကျင်းပြင်ဆင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်သည် နေပြည်တော် လဟာပြင်ကဇာတ်ရုံ၌ ၂၀၂၃ ခုနှစ် (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုညစာစားပွဲအခမ်းအနားတွင် သီဆိုကပြဖျော်ဖြေကြမည့် တိုင်းရင်းသား၊ တိုင်းရင်းသူများ၏ ဝတ်စုံပြည့်အစမ်းလေ့ကျင့်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုသို့ လေ့ကျင့်ဆောင်ရွက်နေမှုများကို (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အတူ အခမ်းအနားကျင်းပရေးဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများဖြစ်ကြသည့် ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ကြည့်ရှုခဲ့ကြပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

➤ ➤ ➤

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ၂၀၂၃ ခုနှစ် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်ချီးမြှင့်အပ်နှင်းပွဲကျင်းပရေး နာယကအဖွဲ့နှင့် ဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား



သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်ချီးမြှင့်အပ်နှင်းပွဲကျင်းပရေးနာယကအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ၂၀၂၃ ခုနှစ် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်ချီးမြှင့်အပ်နှင်းပွဲကျင်းပရေး နာယကအဖွဲ့နှင့်ဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ၂၀၂၃ ခုနှစ် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်ချီးမြှင့်အပ်နှင်းပွဲကျင်းပရေး နာယကအဖွဲ့နှင့် ဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ချီးမြှင့်အပ်နှင်းပွဲကျင်းပရေး နာယကအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

ဦးစွာ **"နမောတဿ"** သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အစည်းအဝေးကို ဖွင့်လှစ်သည်။

အစည်းအဝေးတွင် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်ချီးမြှင့်အပ်နှင်းပွဲကျင်းပရေး နာယကအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ၂၀၂၃ ခုနှစ် မတ်လတွင်ကျင်းပမည့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားနှင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ချီးမြှင့်အပ်နှင်းပွဲ အခမ်းအနားများကို နေပြည်တော် ဥပ္ပါတသန္တိစေတီတော်ပရိဝုဏ်အတွင်းရှိ သာသနာ့မဟာဗိမာန်တော်ကြီးအတွင်း အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ယနေ့အစည်းအဝေးကို ကျင်းပရခြင်းဖြစ်ကြောင်း။

ဦးစီးကော်မတီဖြစ်သည့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် လုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန် လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီ ၁၂ ခု ဆက်လက်ဖွဲ့စည်းကာ လုပ်ငန်းတာဝန်များ ကဏ္ဍအလိုက် ဆောင်ရွက်လျက်ရှိသည်ကို သိရကြောင်း၊ ဆပ်ကော်မတီအလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းများ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ချီးမြှင့်အပ်နှင်းပွဲသည် ရှေးမြန်မာမင်းများ လက်ထက်ကပင် အစဉ်အလာကြီးမားခဲ့ပြီး မြန်မာနိုင်ငံအစိုးရအဆက်ဆက် အလေးထားကျင်းပခဲ့သည့် နိုင်ငံတော်အဆင့် အခမ်းအနားကြီးဖြစ်သည်နှင့်အညီ နှစ်စဉ်သာသနာတော်ကို အမြင့်မားဆုံး၊ အခမ်းနားဆုံး ချီးမြှောက်သည့် အခမ်းအနားကြီးဖြစ်ကြောင်း၊ လေယာဉ်ခရီးစဉ် အဆင်ပြေချောမွေ့စေရေးအတွက် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက အလေးထားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ယခုနှစ် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်ချီးမြှင့်အပ်နှင်းမှုနှင့် စပ်လျဉ်း၍ ပြည်တွင်းမှ ဆရာတော် ၃၈၂ ပါး၊ ပြည်ပမှ ဆရာတော် ၂၁ ပါး စုစုပေါင်း ဆရာတော် ၄၀၃ ပါးဖြစ်ပြီး သီလရှင်ဆရာကြီးများအနေဖြင့် ၃၈ ပါးရှိသည်ကို သိရှိရကြောင်း၊ ဘွဲ့တံဆိပ်ရ လူပုဂ္ဂိုလ်အနေဖြင့် ပြည်တွင်း ၄၁ ဦး၊ ပြည်ပ အမျိုးသမီး တစ်ဦး စုစုပေါင်း ၄၂ ဦးရှိကြောင်း၊ ၄၂ ဦးမှာ သာသနာပြုဘွဲ့ရ ခုနစ်ဦးနှင့် သာသနာနုဂ္ဂဟဘွဲ့ရ ၃၅ ဦးဖြစ်ပြီး ပြည်ပမှဘွဲ့တံဆိပ်ရ အမျိုးသမီးများသည် သာသနာပြုဘွဲ့ဖြစ်သည့် "သဒ္ဓမ္မဇောတိကဓဇ" ဘွဲ့ဖြစ်ကြောင်း။

ယခုနှစ်တွင် ထူးခြားချက်အနေဖြင့် ပရိယတ်နှင့် ပဋိပတ်သာသနာပြုလုပ်ငန်းများတွင် ထင်ရှားကျော်ကြားကာ ဩဇာတိက္ကမကြီးမားခဲ့သည့် ပျံလွန်တော်မူပြီးဖြစ်သော လယ်တီဆရာတော်ကြီး၊ တောင်မြို့ မဟာဂန္ဓာရုံဆရာတော်ကြီး၊ မိုးကုတ်ဆရာတော်ကြီး၊ မဟာစည်ဆရာတော်ကြီးနှင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဗုဒ္ဓဉယျာဉ်တော်အတွင်းရှိ ကျောက်စာရုံစေတီတော်များတွင် ထားရှိပူဇော်မည့် စကျင်ကျောက်စာများကို ပါဠိ-ရှိမန် အက္ခရာဖြင့် ရေးထိုးနိုင်ရေး ပြုစုပေးတော်မူခဲ့သော ပါဠိ-ရှိမန် ဆရာတော်ကြီးအပါအဝင် ဆရာတော်ကြီး ၁၀ ပါးတို့ကို "အဘိဓဇမဟာရဋ္ဌဂုရု" နှင့် "အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက" ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း။

ဆရာတော်ကြီးများ သီတင်းသုံးတည်းခိုရေးနှင့်ပတ်သက်၍ နှစ်စဉ် သီတင်းသုံးနေကျဖြစ်သည့် ဥပ္ပါတသန္တိစေတီတော် ပရိဝုဏ်အတွင်းရှိ သံဃာရာမကျောင်းဆောင် လေးဆောင်နှင့် နေပြည်တော် စည်ပင်ဧည့်ရိပ်သာ၌ "ကျောင်းအဖြစ်" သီတင်းသုံးကြမည် ဖြစ်သည့်အတွက် ကျောင်းအလှူ့ဒါန မြောက်အောင် ဆရာတော်ကြီးများ၊ ဘွဲ့ခံဆရာတော်ကြီးများနှင့် သီလရှင်ဆရာကြီးများ စိတ်နှလုံးချမ်းမြေ့စွာ သီတင်းသုံးနိုင်ရေးပတ်ဝန်းကျင်သန့်ရှင်းရေး၊ စိမ်းလန်းစိုပြည်ရေးနှင့် ခြင်၊ ယင်ကအစ ကင်းအောင် အလေးထားဆောင်ရွက်ပေးရန်လိုကြောင်း။

ပြည်တွင်း၊ ပြည်ပ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၂၄ ပါးတို့ကို ယခင်နှစ်များနည်းတူ သတ်မှတ်ထားသည့် ဟိုတယ်၌ သီတင်းသုံးနေထိုင်မှု အဆင်ပြေစေရေးအတွက် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးရန် လိုကြောင်း။

ပြည်ပဘွဲ့ခံ ဆရာတော်ကြီးများ သီတင်းသုံးမည့်ဟိုတယ်တွင် ဝေယျာဝစ္စတာဝန်ထမ်းဆောင်ကြမည့် ဝန်ထမ်းများအနေဖြင့် ကပ္ပိယကာရကတာဝန်ကို ကျွမ်းကျင်စွာဆောင်ရွက်နိုင်သည့် ဝန်ထမ်းများဖြစ်ရန် လိုအပ်သကဲ့သို့ ဘာသာစကားကျွမ်းကျင်သည့်သူများကို ရွေးချယ်တာဝန်ပေးအပ်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ သို့မှသာ တာဝန်လဲကျေ၊ ကုသိုလ်လဲရ၊ နိုင်ငံအချင်းချင်းလည်း ချစ်ကြည်ရင်းနှီးမှု ပိုမိုအားကောင်းစေမည် ဖြစ်ကြောင်း၊ အဆိုပါ ဆရာတော်ကြီးများ မိမိတို့နိုင်ငံကို ကြွရောက်လာသည့် အချိန်ကာလတွင် စိတ်နှလုံးချမ်းမြေ့မှုကို ပေးနိုင်အောင် နေထိုင်သီတင်းသုံးမှု၊ ဆွမ်းကွမ်းဝေယျာဝစ္စ၊ ကျန်းမာရေးကိစ္စကအစ လစ်ဟင်းမှုမရှိစေရန် စေတနာ၊ သဒ္ဓါ ပြည့်ဝစွာဖြင့် ကုသိုလ်ယူကြရန် အလေးအနက်ထား တိုက်တွန်းလိုကြောင်း။

ပြည်တွင်းမှ နိုင်ငံတော်အဆင့် ဆရာတော်ကြီးများ၊ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများနှင့် သီလရှင်ဆရာကြီးများကို တည်းခိုနေရာချထားမည့် သံဃာရာမကျောင်းဆောင်များနှင့် နေပြည်တော် စည်ပင်ဧည့်ရိပ်သာများတွင် အရုဏ်ဆွမ်း၊ နေ့ဆွမ်းဆက်ကပ်ရာ၌ ကျန်းမာရေးနှင့် ညီညွတ်ပြီး သန့်ရှင်းလတ်ဆတ်သည့် ဟင်းလျာများ ဆက်ကပ်နိုင်ရေး ကျန်းမာရေး ဆပ်ကော်မတီအနေဖြင့် ကြိုတင်ညှိနှိုင်း စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့အတူ ကျန်းမာရေး Medical Check Up ပြုလုပ်ပေးရန်နှင့် ဆရာတော်ကြီးများ သီတင်းသုံးရာ ကျောင်းဆောင်များရှိ အခန်းများတွင် လိုအပ်သော တိုင်းရင်းဆေးဝါးများနှင့် အနောက်တိုင်းဆေးဝါးများ ထည့်ထားပေးရန်၊ အရေးပေါ်လူနာတင်ယာဉ်များ စီစဉ်ထားရှိရန်နှင့် ကျောင်းဆောင်ပတ်ဝန်းကျင်တွင် ခြင်၊ ယင်များမရှိအောင် သန့်ရှင်းရေးနှင့် ဆေးဖျန်းခြင်းလုပ်ငန်းများ ကြိုတင်ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်၍ ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ တားဆီးရေးဆိုင်ရာအစီအမံများအတိုင်း ဆောင်ရွက်ကြရမည်ဖြစ်ပြီး ကျန်းမာရေးဆပ်ကော်မတီအနေဖြင့် အခြားဆပ်ကော်မတီများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်လိုကြောင်း။

အခမ်းအနားကျင်းပမည့် သာသနာ့မဟာဗိမာန်တော်ကြီးအတွင်းကို နိုင်ငံတော်အဆင့်နှင့် လျော်ညီအောင် ခမ်းနားထည်ဝါစွာပြင်ဆင်ထားရှိရန်နှင့် ဘုရားခန်းနှင့်တကွ သံဃာစင်မြင့်နေရာကို တင့်တယ်ကြည်ညိုဖွယ်ဖြစ်အောင် ခင်းကျင်းထားရမည်ဖြစ်ကြောင်း။

ဆွမ်းဆန်တော် လောင်းလှူပွဲတွင် ဘုရားအမှူးပြုသော ဘွဲ့ခံဆရာတော် ၁၄၈ ပါး၊ သီလရှင်ဆရာကြီး သုံးပါး စုစုပေါင်း ၁၅၂ ပါး ကြွရောက်မည်ဖြစ်ပြီး ဆွမ်းဆန်တော် ကြိုလောင်းအနေဖြင့် ပင့်သံဃာတော်များဖြစ်သည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌနှင့် အကျိုးတော်ဆောင် ဆရာတော်ကြီး နှစ်ပါးဖြစ်ကြောင်း၊ သို့ဖြစ်၍ ဆရာတော်များထံ လှူဖွယ်ပစ္စည်းများ စနစ်တကျ ဆက်ကပ်လှူဒါန်းနိုင်ရေးအတွက် သက်ဆိုင်ရာဆပ်ကော်မတီများက ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးကြရန်နှင့် ဘွဲ့တံဆိပ်တော် ဆက်ကပ်ချီးမြှင့်အပ်နှင်းပွဲပြီး၍ ဆွမ်းဆန်တော်လောင်းလှူပွဲ ကျင်းပရာတွင် အချိန်ကြန့်ကြာမှုမရှိအောင် စီမံဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း။

လုပ်ငန်းတာဝန်များ လစ်ဟင်းမှုမရှိစေရန် သက်ဆိုင်ရာဆပ်ကော်မတီများအလိုက် စနစ်တကျစီမံခန့်ခွဲခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းခြင်း ဆောင်ရွက်ရမည်ဖြစ်၍ ကြိုတင်ဇာတ်တိုက်လေ့ကျင့်သွားကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်အဆင့် အခမ်းအနားကြီးဖြစ်သည့်အတွက် လုံခြုံရေးတစ်စုံတစ်ရာ ကျိုးပေါက်မှု မဖြစ်ကြရလေအောင် လုံခြုံရေးအသိ၊ လုံခြုံရေးသတိဖြင့် အထူးဂရုပြုဆောင်ရွက်ကြရန် အလေးအနက် မှာကြားလိုကြောင်း။

"ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ နေ့ဆွမ်းဆက်ကပ်လှူဒါန်းပွဲ"၊ "သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်ချီးမြှင့်အပ်နှင်းပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲအခမ်းအနား"များ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာကော်မတီများနေဖြင့် စနစ်တကျစီစဉ်ဆောင်ရွက်ပေးကြရန်နှင့် ယနေ့ကျင်းပသည့် ညှိနှိုင်းအစည်းအဝေးတွင် လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများ၏ လုပ်ငန်းဆောင်ရွက် ပြီးစီးမှုများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ပွင့်လင်းစွာ ဆွေးနွေးတင်ပြကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဦးစီးကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် စီစစ်ဆက်ကပ် လှူဒါန်းချီးမြှင့်မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် လုပ်ငန်းကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းက သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်ချီးမြှင့်အပ်နှင်းပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲ အခမ်းအနားကျင်းပမည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အခမ်းအနားကျင်းပရေးနှင့် အခမ်းအနားပြင်ဆင်ရေး ဆပ်ကော်မတီ၊ ဆွမ်းဆက်ကပ်ရေးနှင့် ဧည့်ခံကျွေးမွေးရေး ဆပ်ကော်မတီ၊ ဘဏ္ဍာရေးဆပ်ကော်မတီ၊ ကြိုဆိုပင့်ဆောင် နေရာချထားရေးနှင့် အခမ်းအနားသို့ပင့်ဆောင်ရေး ဆပ်ကော်မတီ၊ ဖိတ်ကြားရေးဆပ်ကော်မတီ၊ ဧည့်ခံဖျော်ဖြေရေးဆပ်ကော်မတီ၊ ပို့ဆောင်ဆက်သွယ်ရေးဆပ်ကော်မတီ၊ သတင်းမှတ်တမ်းနှင့် ပြန်ကြားရေးဆပ်ကော်မတီ၊ ကျန်းမာရေးဆပ်ကော်မတီ၊ ဆွမ်းဆန်တော်လောင်းလှူရေးဆပ်ကော်မတီ၊ ဥပ္ပါတသန္တိစေတီတော်ပရိဝုဏ်အတွင်း စိမ်းလန်းစိုပြည်ရေးနှင့် သာသနာရေးဆိုင်ရာ အခင်းအကျင်းများ ပြင်ဆင်ရေး ဆပ်ကော်မတီနှင့် လုံခြုံရေးဆပ်ကော်မတီတို့မှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ချီးမြှင့်အပ်နှင်းပွဲကျင်းပရေး နာယကအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက နိဂုံးချုပ်အမှာစကားပြောကြားပြီး **"ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု"** သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

# ပြည်ထောင်စုဝန်ကြီးများ IDPs စခန်းများ၊ ယာယီနေရပ်စွန့်ခွာစခန်းများ ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

ရခိုင်ပြည်နယ်၌ ရောက်ရှိနေသည့် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းများ ညှိနှိုင်းပေါင်းစပ်ရေးကော်မတီ ဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်နှင့် ပြည်ထောင်စုဝန်ကြီးများသည် ဖေဖော်ဝါရီ ၉ ရက်တွင် ကျောက်တော်မြို့ မဟာမုနိ ယာယီနေရပ်စွန့်ခွာစခန်းသို့ ရောက်ရှိခဲ့ကြပြီး စခန်းရှိ နေရပ်စွန့်ခွာ တိုင်းရင်းသားပြည်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ရခိုင်ပြည်နယ်အတွင်းရှိ ယာယီနေရပ်စွန့်ခွာစခန်းများတွင် တိုင်းရင်းသား နေရပ်စွန့်ခွာသူများ ၆၆၉၆၇ ဦး ရှိပါကြောင်း၊ ကျောက်တော်မြို့နယ်တွင် ယာယီစခန်း ၁၆ ခု ရှိပြီး လူဦးရေ ၁၂၈၉၈ ဦး၊ အိမ်ထောင်စု ၃၁၃၈ စု ရှိပါကြောင်း၊ ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီအနေဖြင့် ယာယီနေရပ်စွန့်ခွာစခန်းများမှ တိုင်းရင်းသားပြည်သူများကို မူလနေရပ်များသို့ ပြန်လည်ပို့ဆောင်ပေးနိုင်ရေးအတွက် လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးလျက် ရှိပါကြောင်း၊ မဟာမုနိစခန်းအပါအဝင် ယာယီစခန်းများမှ ပြည်သူများအနေဖြင့် မူလနေရပ်များသို့ ပြန်လည်နေထိုင်နိုင်ရေး တိုက်တွန်းပါကြောင်းနှင့် မူလအခြေအနေထက် ပိုမိုကောင်းမွန်သောလူနေမှုဘဝ တည်ဆောက်နိုင်ရေး ပံ့ပိုးဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အားပေးစကားများပြောကြား၍ လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများနှင့် အဖွဲ့သည် ကျောက်တော်မြို့ မဟာကံကြီးသျှင် ကျောင်းတိုက်တွင် ခိုလှုံနေသော ယာယီနေရပ်စွန့်ခွာပြည်သူများနှင့် အခြားစခန်းများမှ ကိုယ်စားလှယ်များကို တွေ့ဆုံ၍ အမှာစကားများ ပြောကြားခဲ့ကြပြီး ၎င်းတို့မူလနေရပ်များသို့ ပြန်လည်နေထိုင်နိုင်ရေးအတွက် ပံ့ပိုးဆောင်ရွက်ပေးမည့် အစီအမံများကို နယ်စပ်ရေးရာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးသိန်းဌေးဦးက မြောက်ဦးမြို့နယ် လက္ကာကျေးရွာနှင့် ကျောက်ဖြူမြို့နယ် ကျောက်တစ်လုံးစခန်းများအတွက် ဆောင်ရွက်ပေးမှု ဓာတ်ပုံမှတ်တမ်းများဖြင့် နမူနာပြသရှင်းလင်းခဲ့သည်။ ယင်းနောက် စခန်းအတွင်း စားသောက်နေထိုင်နေမှုနှင့် ကျန်းမာရေးအခြေအနေများကို မေးမြန်း၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြသည်။

ထို့နောက် မဟာကံကြီးသျှင် ကျောင်းတိုက် ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တနန္ဒသာစာရအား ဖူးမြော်ကာ ကျောင်းတိုက်တွင် ဖွင့်လှစ်ထားသည့် မေတ္တာဥယျာဉ်ပရဟိတ လူငယ်ကျောင်း၌ ပညာသင်ကြားနေသည့် ကျောင်းသား၊ ကျောင်းသူ ၃၇၅ ဦးနှင့် ဆရာ၊ ဆရာမ ၂၈ ဦးတို့အတွက် ချီးမြှင့်ငွေများ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့သည် မြောက်ဦးမြို့ သျှစ်သောင်းဘုန်းတော်ကြီးကျောင်း ယာယီနေရပ်စွန့်ခွာစခန်းသို့ရောက်ရှိကြပြီး မြောက်ဦးမြို့နယ်အတွင်းရှိ ယာယီစခန်း ၂၆ ခုတို့မှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံ၍ ၎င်းတို့၏ မူလနေရပ်များသို့ ပြန်လည်နေထိုင်နိုင်ရေး ထောက်ပံ့ဆောင်ရွက်ပေးမည့် အခြေအနေ ဓာတ်ပုံမှတ်တမ်းများကို နယ်စပ်ရေးရာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်က ရှင်းလင်းပြသရာ ပြည်ထောင်စုဝန်ကြီးများက လိုအပ်သည်များ ရှင်းလင်းပြောကြားကြသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးများသည် သျှစ်သောင်းဘုန်းတော်ကြီးကျောင်း ဆရာတော် ဘဒ္ဒန္တသုန္ဒရထံသို့ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းကြပြီး သျှစ်သောင်းပုထိုးတော်ကြီး၊ ထုက္ကန်သိမ်တော်နှင့် မြောက်ဦးရှေးဟောင်းသုတေသနပြတိုက်တို့သို့ သွားရောက်ဖူးမြော်လေ့လာကြည့်ရှု၍ အလှူငွေများ ပေးအပ်ကာ ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်များ ရေးထိုးခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် အဖွဲ့သည် မင်းပြားမြို့သို့ ရောက်ရှိပြီး ယာယီစခန်း ၁၁ ခုတွင် ခိုလှုံနေကြသည့် ယာယီနေရပ်စွန့်ခွာ ပြည်သူများ၏ တာဝန်ခံများနှင့် ကိုယ်စားလှယ်များကို အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း၌ တွေ့ဆုံ၍ ၎င်းတို့၏ မူလနေရပ်များတွင် ပြန်လည်နေထိုင်နိုင်ရေး ထောက်ပံ့ဆောင်ရွက်ပေးမည့် အခြေအနေနှင့် လိုအပ်သည်များကို ရှင်းလင်းမှာကြားဖြည့်ဆည်းပေးခဲ့ပြီး အိမ်တွင်းမှုသင်တန်းကျောင်းနှင့် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးများသည် ပြည်နယ်ဝန်ကြီးချုပ်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ဧည့်ရိပ်သာ၌ ရခိုင်ပြည်နယ်ခရီးစဉ်အတွင်း ဆောင်ရွက်ချက်များနှင့်စပ်လျဉ်းသည့် သုံးသပ်ညှိနှိုင်းခြင်း အစည်းအဝေးကိုကျင်းပရာ တက်ရောက်လာသူများက ခရီးစဉ်အတွင်း တွေ့ရှိချက်များ၊ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်နိုင်မှုနှင့် ဖြည့်ဆည်းပေးရန် လိုအပ်ချက်များ၊ ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများကို အသေးစိတ် ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြခန်းနှင့် ဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနား စည်ကားသိုက်မြိုက်စွာကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၀**

၂၀၂၃ ခုနှစ် (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပြခန်းများ၊ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်ပြခန်းများ၊ တိုင်းရင်းသားရိုးရာ အစားအစာနှင့် ဒေသထွက်ကုန်ပစ္စည်း အရောင်းပြခန်းများနှင့် ဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ တိုင်းရင်းသားများစုံလင်စွာဖြင့် အထူးစည်ကားသိုက်မြိုက်စွာ ကျင်းပသည်။



ရှေးဦးစွာ (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပြခန်းများနှင့် နေပြည်တော်ကောင်စီနယ်မြေအပါအဝင် ပြည်နယ်၊ တိုင်းဒေသကြီးပြခန်းများ ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တို့မှ ဝန်ကြီးများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနတိုင်းမှူးနှင့် တိုင်းဒေသကြီးဝန်ကြီးများက ဝန်ကြီးဌာန ပြခန်းတာဝန်ခံများ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ပြခန်းတာဝန်ခံဝန်ကြီးများကို ဖွင့်ပွဲအမှတ်တရလက်ဆောင်များပေးအပ်သည်။

ယင်းနောက် (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်း စသည့်တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)၊ ပြည်ထောင်စု တိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်)နှင့် ပညာရေးဒီဂရီကောလိပ်များမှ ကျောင်းသား၊ ကျောင်းသူများ စုပေါင်း၍ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ဖော်ဆောင်သည့် "စည်းလုံးခြင်းအတွက် သီချင်းတစ်ပုဒ်" တေးသီချင်းဖြင့် စုပေါင်းဂုဏ်ပြုသီဆိုဖျော်ဖြေကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူတို့သည် ဝန်ကြီးဌာနအသီးသီးမှ ပြခန်း ၂၅ ခန်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော် အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ပြခန်း ၁၅ ခန်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တို့မှ တိုင်းရင်းသားရိုးရာ အစားအစာနှင့် ဒေသထွက်ကုန်ပစ္စည်း အရောင်းပြခန်း ၁၅ ခန်း စုစုပေါင်းဖွင့်လှစ်ပြသထားသည့်ဆိုင်ခန်းပေါင်း ၃၈၅ ခန်းတို့ကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထို့နောက် ပြည်သူ့ရင်ပြင်ရေပန်းအနီးတွင် (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ရန်ကုန်တိုင်းဒေသကြီး စက်မှုဇုန် ၂၉ ဇုန် အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အသေးစား၊ အငယ်စား၊ အလတ်စားထုတ်ကုန် ပစ္စည်းပြခန်းများနှင့် ဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးဗိုလ်ဌေး၊ ရန်ကုန်တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားပြုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး စက်မှုဇုန် ၂၉ ဇုန်မှ စက်မှုဇုန်ကော်မတီဝင်ဥက္ကဋ္ဌများက ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။

ယင်းနောက် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်းတိုင်းရင်းသားညီအစ်ကိုမောင်နှမတို့က "ထာဝရသစ္စာ" တေးသီချင်းဖြင့် ဂုဏ်ပြုဖျော်ဖြေကြသည်။

(၇၆)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်ပြခန်းများနှင့် ဈေးရောင်းပွဲတော်ကို ယနေ့မှ ဖေဖော်ဝါရီ ၁၄ ရက်ထိ နေ့စဉ် နံနက် ၉ နာရီ မှ ည ၁၀ နာရီထိ ခင်းကျင်းပြသသွားမည်ဖြစ်ပြီး ပွဲတော်ရက်အတွင်း တိုင်းရင်းသားရိုးရာအကများ၊ ရုပ်ရှင်နှင့်ဂီတမှ အနုပညာရှင်များက ဖျော်ဖြေတင်ဆက်ကာ ညပိုင်း၌ မီးရှူးမီးပန်းများပစ်ဖောက်၍ ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသွားမည်ဖြစ်ရာ အများပြည်သူ လာရောက်ကြည့်ရှု လေ့လာနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ၂၀၂၃ ခုနှစ် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်ချီးမြှင့်အပ်နှင်းပွဲအခမ်းအနားသို့ ပင့်လျှောက်၊ ဖိတ်ကြားခြင်း

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

၂၀၂၃ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ချီးမြှင့်အပ်နှင်းပွဲအခမ်းအနားကို မတ် ၅ ရက်(၁၃၈၄ ခုနှစ် တပေါင်းလပြည့်နေ့) တနင်္ဂနွေနေ့ မွန်းလွဲ ၁ နာရီတွင်လည်းကောင်း၊ နေ့ဆွမ်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို မတ် ၃ ရက် နံနက် ၉ နာရီခွဲတွင်လည်းကောင်း နေပြည်တော် ဥပ္ပါတသန္တိစေတီတော်ပရိဝုဏ်အတွင်းရှိ သာသနာ့မဟာဗိမာန်တော်၌ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါအခမ်းအနားများသို့ အချိန်မီကြွရောက်နိုင်ရန်အတွက် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာပဏ္ဍိတ၊တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက၊အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခြင်း ခံယူတော်မူမည့် ဆရာတော်ကြီးများ၊ သီလရှင်ဆရာကြီးများကို မတ် ၁ ရက် ထက်မစော၊ မတ် ၂ ရက်ထက်နောက်မကျစေဘဲ နေပြည်တော်သို့ ကြွရောက်နိုင်ပါရန်နှင့် အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ၊ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ၊ သီရိသုဓမ္မမဏိဇောတဓရ၊ သီရိသုဓမ္မသိင်္ဂီဘွဲ့တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်းခံယူမည့် သာသနာ့ဒါယကာ ပုဂ္ဂိုလ်များကို မတ် ၂ ရက် ထက်မစော၊ မတ် ၃ ရက်ထက်နောက်မကျစေဘဲ နေပြည်တော်သို့ ကြွရောက်နိုင်ပါရန် ပင့်လျှောက်၊ဖိတ်ကြားထားကြောင်း သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

## (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဟောပြောပွဲ၊ လှုယဉ်ကျေးမယ်ပြိုင်ပွဲနှင့် ပဒေသာကပွဲကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၁၀**

(၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုသောအားဖြင့် မန္တလာတက္ကသိုလ်တွင် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် ဟောပြောပွဲ၊ လှုယဉ်ကျေးမယ်ပြိုင်ပွဲနှင့် ပဒေသာကပွဲအခမ်းအနားကို ဘွဲ့နှင်းခန်းမတွင် ယနေ့နံနက်ပိုင်းကကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ပါမောက္ခချုပ်၊ ပါမောက္ခ ဌာနမှူးများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ကျောင်းသူများနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြပြီး ဂုဏ်ပြုသီချင်းဖြင့်သီဆို၍ အခမ်းအနားကိုဖွင့်လှစ်ပေးသည်။




ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဘာသာရပ်အလိုက် ကျောင်းသား၊ကျောင်းသူများက ရိုးရာအကအလှများ၊ လှုယဉ်ကျေးမယ်နှင့် ဖက်ရှင်ရှိုးပြိုင်ပွဲများ၊ မြူးမြူးကြွကြွသကြန်ယိမ်းအကများဖြင့် ဖျော်ဖြေမှုများကို ကြည့်ရှုအားပေးပြီး ဂုဏ်ပြုငွေများချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

## မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများကို တပ်မတော်နယ်လှည့်အထူးဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ စတင်ဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

မန္တလေးတိုင်းဒေသကြီးအတွင်းရောက်ရှိနေသော တပ်မတော်နယ်လှည့်အထူးဆေးကုသရေးအဖွဲ့သည် ယနေ့တွင် မိတ္ထီလာမြို့နယ် ရေဝေကျေးရွာရှိ အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်း၌ အခြေပြု၍ အဆိုပါကျေးရွာနှင့်ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ စုစုပေါင်း ၆၈၆ ဦးကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၁၉၄ ဦး၊ ခွဲစိတ်ရောဂါ ၅၁ ဦး၊ ကလေးရောဂါ ၂၉ ဦး၊ သားဖွားမီးယပ်ရောဂါ ၂၂ ဦး၊ အရိုးရောဂါ ၁၆၃ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ဦးရေ ၃၀၊ မျက်စိရောဂါ ၁၅၅ ဦးနှင့် သွားရောဂါ ၄၂ ဦးတို့ကိုလိုအပ်သည့် ဆေးဝါးကုသမှုများဆောင်ရွက်ပေးပြီး ၎င်းတို့အနက်မှ အထွေထွေခွဲစိတ်လူနာ နှစ်ဦး၊ မျက်စိခွဲစိတ်လူနာ ၁၀ ဦးတို့ကို ရွေ့လျားခွဲစိတ်ယာဉ်ဖြင့် ခွဲစိတ်ကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့ပြင် ဓာတ်မှန်ရိုက်လူနာ ၅၅ ဦး၊ Ultrasound ဖြင့် စမ်းသပ်စစ်ဆေးလူနာ ၄၅ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၃၂ ဦး၊ ဓာတ်ခွဲစမ်းသပ်လူနာ ၈၃ ဦးတို့ကို ရွေ့လျားဓာတ်မှန်ရိုက်ယာဉ်နှင့် ရွေ့လျားဓာတ်ခွဲခန်းယာဉ်တို့ဖြင့် ရောဂါရှာဖွေစမ်းသပ်စစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သူ ၃၅ ဦးကို နီးစပ်ရာတပ်မတော်ဆေးရုံသို့တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။၎င်းအပြင် နယ်လှည့်အထူးဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို သွေးတိုးရောဂါနှင့် ဆီးချို၊ သွေးချိုရောဂါများအကြောင်း ကျန်းမာရေးအသိပညာပေး ဟောပြောဆွေးနွေးခြင်းများဆောင်ရွက်ပေးပြီး ဆေးကုသမှုခံယူနေသည့် ဒေသခံပြည်သူများ စားသောက်ရေးအဆင်ပြေစေရန်အတွက် တာဝန်ရှိသူများက နေ့လယ်စာဖြင့် ဧည့်ခံကျွေးမွေးကြသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို နယ်မြေခံတပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



**တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။**

## ၂၀၂၂ ခုနှစ် အဘိဓမ္မာ၊ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲ အောင်စာရင်းထုတ်ပြန်ကြေညာ

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ၂၀၂၂ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပခဲ့သည့် အဘိဓမ္မာ၊ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲ အောင်စာရင်းကို ထုတ်ပြန်ကြေညာလိုက်သည်။

(က) အဘိဓမ္မာစာမေးပွဲတွင် စာဖြေဌာနပေါင်း ၁၁၄ ဌာနတို့၌ ဖြေဆိုသူ ၁၂၃၅၂ ဦး၊ အောင်မြင်သူ ၁၀၁၄၉ ဦး၊ နှစ်ချင်းပေါက် သုံးဆင့်လုံးအောင်မြင်သူ ၁၂၄၉ ဦး ရှိ၍ ပြည်တွင်း၊ ပြည်ပစာဖြေဌာနများအနက် အမှတ်အများဆုံး ပထမ၊ ဒုတိယ၊ တတိယ (ထူးချွန်ဆု)ရရှိသူများမှာ-

(၁) **ပထမ**

ခုံအမှတ်- ပူရ - ၉ ဒေါ်သဥ္ဇာထွန်း အမရပူရစာဖြေဌာန မန္တလေးတိုင်းဒေသကြီး၊

(၂) **ဒုတိယ**

ခုံအမှတ်-ဒဂဆ- ၁၀၅၊ မအိချိုဇင် ဒဂုံဆိပ်ကမ်းစာဖြေဌာန ရန်ကုန်တိုင်းဒေသကြီး၊

(၃) **တတိယ**

ခုံအမှတ်-ထီလာ-၅၉ ဒေါက်တာဝါဝါဖူး မိတ္ထီလာစာဖြေဌာန မန္တလေးတိုင်းဒေသကြီး။

(ခ) အဘိဓမ္မာဂုဏ်ထူးဆောင်စာမေးပွဲတွင် စာဖြေဌာနပေါင်း ၉၀ တို့၌ ဖြေဆိုသူ ၁၅၃၈ ဦး၊ အောင်မြင်သူ ၁၀၉၁ ဦး၊ နှစ်ချင်းပေါက် သုံးဆင့်လုံးအောင်မြင်သူ ၂၂၄ ဦးရှိ၍ ပြည်တွင်း၊ ပြည်ပ စာဖြေဌာနများအနက် အမှတ်အများဆုံး ပထမ၊ ဒုတိယ၊ တတိယ(ထူးချွန်ဆု)ရရှိသူများမှာ-

(၁) **ပထမ**

ခုံအမှတ်-ကျောက်-၅ နန်းဖြူဖြူအောင် ကျောက်မဲစာဖြေဌာန ရှမ်းပြည်နယ်၊

(၂) **ဒုတိယ**

ခုံအမှတ်-ကခ-၁ ဒေါ်စန်းစန်းဌေး ကြံခင်းစာဖြေဌာန ဧရာဝတီတိုင်းဒေသကြီး၊

(၃) **တတိယ**

ခုံအမှတ်-ကျောက်-၄ ဒေါ်ဖြူဖြူစိုး ကျောက်မဲစာဖြေဌာန ရှမ်းပြည်နယ်၊

(ဂ) ဝိသုဒ္ဓိမဂ်စာမေးပွဲတွင် စာဖြေဌာနပေါင်း ၇၉ ဌာနတို့၌ ဖြေဆိုသူ ၁၆၁၉ ဦး အောင်မြင်သူ ၁၃၁၄ ဦး၊ နှစ်ချင်းပေါက်သုံးဆင့်လုံးအောင်မြင်သူ ၂၀၃ ဦး ရှိ၍ ပြည်တွင်း၊ပြည်ပ စာဖြေဌာနများအနက် အမှတ်အများဆုံး ပထမ၊ ဒုတိယ၊ တတိယ(ထူးချွန်ဆု)ရရှိသူများမှာ-

(၁) **ပထမ**

ခုံအမှတ်-ပဇ-၂၄ ဒေါ်ခင်မေချို ပုဇွန်တောင်စာဖြေဌာန ရန်ကုန်တိုင်းဒေသကြီး၊

(၂) **ဒုတိယ**

ခုံအမှတ်-ပဇ-၃၈ ဒေါ်အေးအေးဝင်း ပုဇွန်တောင်စာဖြေဌာန ရန်ကုန်တိုင်းဒေသကြီး၊

(၃) **တတိယ**

ခုံအမှတ်-ခသ-၂၇ ဒေါ်အေးသီတာ ချမ်းမြသာစည်စာဖြေဌာန မန္တလေးတိုင်းဒေသကြီး။

၂။ အောင်စာရင်းအပြည့်အစုံကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ Website www.mahana. org.mm ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန Website www.mora.gov.mm နှင့်သာသနာရေးဦးစီးဌာန Website www.dra.gov.mm တို့မှ ထုတ်ပြန်ကြေညာသွားမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

## ပြည်သူများကျန်းမာစေဖို့ ဆီစားသုံးမှုလျှော့ချစို့

ဆီကို စားသုံးသင့်သည့်ပမာဏထက် ကျော်လွန်စားသုံးခြင်းနှင့် အရည်အသွေးမပြည့်မီသည့်ဆီများစားသုံးခြင်းတို့ကြောင့်-

- နှလုံးရောဂါ၊ နှလုံးသွေးကြောပိတ်ရောဂါ၊ ဆီးချိုရောဂါ၊ သွေးတိုးရောဂါ၊ အဝလွန်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ လေဖြတ်ခြင်း စသည့်ကျန်းမာရေး ဆိုင်ရာဆိုးကျိုးများစွာခံစားရစေပါသည်။
- ထိုသို့ ဆိုးကျိုးများစွာခံစားလာရသည်နှင့်အမျှ စီးပွားရေး၊ လူမှုရေးဆိုင်ရာထိခိုက်မှုများကိုပါ တွေ့ကြုံစေနိုင်သောကြောင့် ဆီစားသုံးမှုကို လျှော့ချစားသုံးသင့်ပါသည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးခင်လှိုင် တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။

# တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို ကြည့်ရှုအားပေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဒေသခံပြည်သူများကို ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးခင်လှိုင်၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင်နှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ရောဂါဖြစ်ပွားမှု၊ ဆေးကုသပေးထားမှုနှင့်ကျန်းမာရေးတိုးတက်မှုအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားပြီး ဆေးရုံတက်လူနာများကို အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်သည်။ ထို့နောက် ဆေးရုံအတွင်းလှည့်လည်ကြည့်ရှုကြပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်းနှင့် ပဲခူးတိုင်းဒေသကြီး ပြည်မြို့ရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက်ကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဒေသခံပြည်သူများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ရောဂါဖြစ်ပွားမှု၊ ဆေးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားပြီး ဆေးရုံတက်လူနာများကို အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်သည်။


ထို့နောက် တိုင်းမှူးများနှင့်အဖွဲ့ဝင်များသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

# ဒေသတွင်း စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်နိုင်ရေး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုကြောင့် ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများဆောင်ရွက်နေချိန်တွင် ဒေသတွင်းစားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်သူများ၏စားသောက်ရေးကို အထောက်အကူဖြစ်စေရန်အတွက် တိုင်းစစ်ဌာနချုပ်များ၊ တပ်ရင်း၊ တပ်ဖွဲ့များ၌ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့မွန်းလွဲပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးခင်လှိုင်က ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင်နှင့် တာဝန်ရှိသူများလိုက်ပါ၍ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ နယ်မြေခံတပ်ရင်းများရှိ စိုက်ပျိုးမွေးမြူရေးခြံများသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်နိုင်ရေးနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးခင်လှိုင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ နယ်မြေခံတပ်ရင်းရှိ အသားတိုးဝက်မွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# သဲကုန်းမြို့ သီတဂူတပ်အလယ်ကျောင်းရှိ သီတဂူစက္ခုဒါန ဆေးရုံတော်၌ မျက်စိဝေဒနာရှင် သံဃာတော်များနှင့် ဒေသခံပြည်သူများကို ကုသမှုများဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့ သီတဂူတပ်အလယ်ကျောင်းရှိ သီတဂူစက္ခုဒါနဆေးရုံတော်၌ ဖေဖော်ဝါရီ ၉ ရက်နှင့်ယနေ့တို့တွင် မျက်စိဝေဒနာရှင် သံဃာတော်များနှင့် ဒေသခံပြည်သူများကို မျက်စိအထူးကုဆရာဝန်ကြီးများ၊ ပါရဂူများ၊ ဆရာဝန်များ၊ တပ်မတော်သား ပါရဂူ၊ ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများက မျက်စိရောဂါနှင့်ပတ်သက်၍ စမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

မျက်စိအထူးကုဆရာဝန်ကြီးများ၊ပါရဂူများ၊ ဆရာဝန်များ၊ တပ်မတော်သားပါရဂူ၊ ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများက တစ်နေ့လျှင် မျက်စိဝေဒနာရှင်ဦးရေ ၃၀၀ ကျော်ကို မျက်စိစမ်းသပ်စစ်ဆေးပေးခြင်း၊ လေဆာပစ်ခြင်း၊ ခွဲစိတ်ကုသခြင်း၊ မျက်စိတိမ်များခြစ်ထုတ်ခြင်းနှင့် မျက်လုံးအစားထိုးကုသခြင်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထိန်ဝင်းနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးကြပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အဆိုပါဆေးရုံ၌ မျက်စိဝေဒနာရှင်များကို ဖေဖော်ဝါရီ ၁၂ ရက်ထိ တစ်နေ့လျှင် ဦးရေ ၃၀၀ ကျော်ဖြင့် ဆက်လက်ကုသပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။



တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထိန်ဝင်း မျက်စိဝေဒနာရှင်တစ်ဦးအား မျက်စိစမ်းသပ်စစ်ဆေးပေးနေမှုကို ကြည့်ရှုအားပေးစဉ်။

# ၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းဖြေဆိုမည့် ကျောင်းသားကျောင်းသူများကို ထောက်ပံ့ပစ္စည်းများပေးအပ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းဖြေဆိုမည့် ကျောင်းသားကျောင်းသူများအား ထောက်ပံ့ပစ္စည်းများပေးအပ်ခြင်းကို ယနေ့နေ့လယ်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ အမှတ်(၇)အခြေခံပညာအထက်တန်းကျောင်း၌ ပြုလုပ်ရာ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်ခိုင်နှင့် တာဝန်ရှိသူများ၊ ဆရာဆရာမများ၊ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက ကျောင်းသားကျောင်းသူများကိုအားပေးစကားပြောကြားပြီး ရွှေဖီဦး လက်ဖက်ရည်ထုပ်များ၊ စားသောက်ဖွယ်ရာများ၊ ဆေးဝါးများ၊ ကျောင်းသုံးစာရေးကိရိယာများနှင့် ထောက်ပံ့ငွေများပေးအပ်ရာ ဆရာဆရာမများနှင့်ကျောင်းသားကျောင်းသူများက အသီးသီးလက်ခံရယူကြသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆရာ၊ ဆရာမများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်ခိုင် တက္ကသိုလ်ဝင်တန်းဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများကို အားပေးစကားပြောကြားစဉ်။

# ညောင်လေးပင်မြို့နယ် ထော်နွတ်ကျေးရွာအနီးရှိ သံကူကွန်ကရစ်တံတားအား KNU အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသောသူများနှင့်PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီး




**KNU အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသူများနှင့် PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲခဲ့မှုကြောင့် သံကူကွန်ကရစ်တံတားပျက်စီးခဲ့မှု မှတ်တမ်းဓာတ်ပုံ။**

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ထော်နွတ်ကျေးရွာအနီးရှိ သံကူကွန်ကရစ်တံတားအား KNU အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသောသူများနှင့် PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၉ ရက် ညနေ ၃ နာရီခန့်တွင် ညောင်လေးပင်မြို့နယ် ထော်နွတ်ကျေးရွာအနီး ရန်ကုန်-မန္တလေး ကားလမ်းဟောင်း မိုင်တိုင်အမှတ် ၉၀ မိုင် ၁ ဖာလုံနှင့် ၂ ဖာလုံကြားရှိ သံကူကွန်ကရစ် အမျိုးအစား(ဒေသအခေါ်)တောင်ဘို့ဥလုံး တံတားအားKNU အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသောသူများနှင့် PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းထောင် ဖောက်ခွဲဖျက်ဆီးခဲ့သဖြင့် အဆိုပါတံတား၏ အရှေ့ဘက်လက်ရန်းနှင့်ကြမ်းခင်းတို့တွင် အလျား ၂၅ ပေ၊ အနံ ၁၀ ပေခန့် ကျိုးကျ ပျက်စီးခဲ့ကြောင်း သိရသည်။

အကြမ်းဖက်သမားများ၏ ဖျက်ဆီးမှုကြောင့် ပျက်စီးသွားသည့်တံတားကို အများပြည်သူ ပြန်လည်အသုံးပြုနိုင်ရေး တာဝန်ရှိသူများက ပြင်ဆင်လျက်ရှိကြောင်းနှင့် အကြမ်းဖက်မှုကျူးလွန်သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေးနှင့် နယ်မြေဒေသတည်ငြိမ် အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် လိုအပ်သည့်လုံခြုံရေး လုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

# ကန့်ဘလူမြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်သမားများက ကျေးရွာအတွင်းသို့ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့်ပစ်ခတ်၍ မီးရှို့ဖျက်ဆီးမှုကြောင့် လူနေအိမ် ၁၀ လုံး မီးလောင်ပျက်စီး

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်၌ PDF အမည်ခံအကြမ်းဖက်သမားများက ကျေးရွာအတွင်းသို့ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့်ပစ်ခတ်၍ မီးရှို့ဖျက်ဆီးမှုကြောင့် လူနေအိမ် ၁၀ လုံး မီးလောင်ပျက်စီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၉ ရက် နံနက် ၁ နာရီ ၂၅ မိနစ်ခန့်တွင် စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် စံပါယ်နံ့သာကျေးရွာအတွင်းသို့ PDF အမည်ခံအကြမ်းဖက်အဖွဲ့က ကျေးရွာ၏အရှေ့ဘက်တောစပ်မှနေ၍ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ခုခံပစ်ခတ်ခဲ့ရာ နံနက် ၆ နာရီ မိနစ် ၂၀ တွင် အကြမ်းဖက်အဖွဲ့များ ပြန်လည်ဆုတ်ခွာသွားခဲ့သည်။

အကြမ်းဖက်သမားများ၏ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့်ပစ်ခတ်၍ မီးရှို့ဖျက်ဆီးမှုများကြောင့် အဆိုပါကျေးရွာနေ ဦးခင်မောင်ဌေး ၄၀ နှစ်၊ ဦးမြင့်ထွန်းအောင် ၅၁ နှစ်၊ ဦးဌေးမြင့် ၆၀ နှစ်၊ ဦးစည်သူစိုး ၃၀ နှစ်၊ ဦးထွန်းမြင့်သိန်း ၄၉ နှစ်၊ ဒေါ်နှင်းဆီ ၆၀ နှစ်၊ ဒေါ်တင်ဆွေမြင့် ၂၉ နှစ်၊ ဒေါ်စန်းတင့် ၅၃ နှစ်၊ ဒေါ်အေးအေးစန်း ၅၁ နှစ်နှင့် ဦးစိုးသူ ၃၈ နှစ်တို့၏ နေအိမ် ၁၀ လုံး မီးလောင်ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်မှ ကျေးရွာအတွင်းသို့ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ဆင်ခြင်တုံတရားမဲ့စွာပစ်ခတ်၍ အပြစ်မဲ့ပြည်သူများ၏ နေအိမ်များအား မီးရှို့ဖျက်ဆီးခဲ့သည့် အကြမ်းဖက်သမားများကို ဖော်ထုတ်ဖမ်းဆီးနိုင်ရေးနှင့် နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးတို့အတွက် နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့်ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် မှန်တန်းရပ်ကွက်နေ ခိုင်ခန့်မျိုးသည် ၎င်းအသုံးပြုသည့် "Khaing Khant Myo" Facebook အကောင့်ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUGနှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ဖေဖော်ဝါရီ ၁၀ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် လေးဦး တွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ**

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၃၃၈၆၃ ဦး |
| သေဆုံးသူ | ၁၉၄၉၀ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၁၄၃၂၄ ဦး |

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

ဖေဖော်ဝါရီ ၉ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း ၅၀၆၈ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် လေးဦး တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြေငလျင်ဒဏ်သင့်ဆီးရီးယားပြည်သူများကို တရုတ်နိုင်ငံက ကန်ဒေါ်လာ ၄ ဒသမ ၄၂ သန်းပံ့ပိုးမည်



**ပေကျင်း ဖေဖော်ဝါရီ ၁၀**

ဆီးရီးယားနိုင်ငံရှိ မြေငလျင်ဒဏ်သင့်ပြည်သူများအတွက် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် တရုတ်နိုင်ငံက လူသားချင်းစာနာထောက်ထားရေး အစီအစဉ်ဖြင့် တရုတ်ငွေယွမ်သန်း ၃၀ (အမေရိကန်ဒေါ်လာ ၄ ဒသမ ၄၂ သန်း)ထိ ကူညီပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း တရုတ်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု BS သတင်းဌာနက ဖေဖော်ဝါရီ ၉ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

တရုတ်နိုင်ငံအနေဖြင့် ကနဦးပံ့ပိုးမှုအဖြစ် အမေရိကန်ဒေါ်လာ နှစ်သန်းကို ငွေသားအဖြစ်တိုက်ရိုက်ပံ့ပိုးပေးသွားမည်ဖြစ်ကာ အစားအသောက်များနှင့်အသုံးအဆောင်ပစ္စည်းများကိုလည်း ပံ့ပိုးကူညီသွားမည်ဖြစ်ပြီး စုစုပေါင်း အမေရိကန်ဒေါ်လာ ၄ ဒသမ ၄၂ သန်းထိ ကူညီပံ့ပိုးပေးမည်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

တူရကီနိုင်ငံတွင် ဖေဖော်ဝါရီ ၆ ရက်က ပြင်းအား ၇ ဒသမ ၈ မဂ္ဂနီကျူရှိသည့် မြေငလျင်လှုပ်ခတ်မှုဖြစ်ပွားခဲ့ပြီး မြေငလျင်သည် ဆီးရီးယားနိုင်ငံထိပါ ရောက်ရှိကာ တူရကီနှင့် ဆီးရီးယားနိုင်ငံတို့တွင် သေဆုံးသူစုစုပေါင်း ၁၂၀၀၀ ကျော်ထိ မြင့်တက်ခဲ့ကြောင်း၊ မြေငလျင်ဒဏ်ကြောင့် နှစ်နိုင်ငံစလုံးတွင် ပျက်စီးဆုံးရှုံးမှုမြင့်မားခဲ့ပြီး တူရကီနိုင်ငံအနေဖြင့် စီးပွားရေးအင်အားတောင့်တင်းသည့်အတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အခက်အခဲမရှိ ဆောင်ရွက်နိုင်သော်လည်း ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်သည့်ဆီးရီးယားနိုင်ငံတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် အခက်အခဲရှိကြောင်း သိရသည်။

ဆီးရီးယားနိုင်ငံ အာဏာပိုင်အဖွဲ့အစည်း၏ ထုတ်ပြန်ချက်အရ မြေငလျင်အန္တရာယ်ကြောင့် ဆီးရီးယားနိုင်ငံတွင် သေဆုံးသူဦးရေ ၃၄၈၀ ထိ မြင့်တက်လာပြီဖြစ်ကြောင်း၊ တူရကီနိုင်ငံနှင့်ဆီးရီးယားနိုင်ငံတို့သို့ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် နိုင်ငံပေါင်း ၆၅ နိုင်ငံမှ ကယ်ဆယ်ရေးဝန်ထမ်းများ ရောက်ရှိနေပြီး ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **နိုင်းဆက်**

# ဘော့စ်နီးယားနှင့်ဟာဇီဂိုးဗီးနားနိုင်ငံမြို့ကြီးများတွင် လေထုညစ်ညမ်းမှု မြင့်မားနေဆဲဖြစ်

**ဝါရှင်တန် ဖေဖော်ဝါရီ ၁၀**

ဘော့စ်နီးယားနှင့် ဟာဇီဂိုးဗီးနားနိုင်ငံ မြို့ကြီးများတွင် လေထုညစ်ညမ်းမှုအခြေအနေကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဘေးကင်းသည်ဟုဆိုသော်လည်း လေထုညစ်ညမ်းမှု မြင့်မားနေဆဲဖြစ်ကြောင်း အမေရိကန်နိုင်ငံအခြေစိုက် လူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့၏ ဖေဖော်ဝါရီ ၉ ရက်တွင် ထုတ်ပြန်သောအစီရင်ခံစာအရ သိရသည်ဟု Sarajevo Times သတင်းဌာနက ဖေဖော်ဝါရီ ၉ ရက်တွင် ရေးသားဖော်ပြထားသည်။

ဘော့စ်နီးယားနှင့် ဟာဇီဂိုးဗီးနားနိုင်ငံတွင် ဆောင်းရာသီလေထုညစ်ညမ်းမှုသည် အပူအတွက် ကျောက်မီးသွေးနှင့် ထင်းကိုမီးရှို့ခြင်း၊ လျှပ်စစ်ထုတ်လုပ်ရန်အတွက် ကျောက်မီးသွေးကို မှီခိုနေရခြင်းကြောင့်ဖြစ်ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

ဘော့စ်နီးယားနှင့် ဟာဇီဂိုးဗီးနားနိုင်ငံသည် လေထုညစ်ညမ်းမှုကြောင့် ကမ္ဘာပေါ်တွင် ပဉ္စမမြောက် လူသေဆုံးမှုအများဆုံးနိုင်ငံဖြစ်ပြီး လေထုညစ်ညမ်းမှုကြောင့် နှစ်စဉ် လူဦးရေ ၃၃၀၀ ခန့် သေဆုံးလျက်ရှိကာ သေဆုံးမှုအားလုံး၏ ကိုးရာခိုင်နှုန်းရှိကြောင်း၊ လူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့က ဘော့စ်နီးယားနှင့် ဟာဇီဂိုးဗီးနားနိုင်ငံ၏ အဆိပ်သင့်နေသောလေထုသည် ၎င်းဒေသများတွင် နေထိုင်သူများ၏ ကျန်းမာရေးကို ဆိုးရွားစွာထိခိုက်စေလျက်ရှိကြောင်း သိရသည်။

ဘော့စ်နီးယားနှင့် ဟာဇီဂိုးဗီးနားနိုင်ငံမှ တာဝန်ရှိသူများသည် လေထုညစ်ညမ်းမှုကို လျှော့ချရန် လုပ်ဆောင်နေသော်လည်း လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရန် ကျောက်မီးသွေး သုံးစွဲမှုများကိုလည်း သက်တမ်းတိုးလုပ်ဆောင်လျက်ရှိကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

တစ်ကမ္ဘာလုံးတွင် ကျောက်မီးသွေးသုံးစွဲမှုကြောင့် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုသည် ၂၀ ရာခိုင်နှုန်းထိရှိပြီး ကမ္ဘာတစ်ဝန်းနှစ်စဉ် လူဦးရေ ခုနစ်သန်းခန့် သေဆုံးလျက်ရှိကြောင်း သိရသည်။ AZH

# ကုလသမဂ္ဂဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့တို့ ပလတ်စတစ်ညစ်ညမ်းမှုပပျောက်ရေး နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုး

**နယူးယောက် ဖေဖော်ဝါရီ ၁၀**

ကုလသမဂ္ဂဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်(UNDP)နှင့် နယ်သာလန်နိုင်ငံအခြေစိုက် The Ocean Clean သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့တို့သည် ကမ္ဘာတစ်ဝန်းရှိ သမုဒ္ဒရာများနှင့် မြစ်ချောင်းများတွင် ပလတ်စတစ်ညစ်ညမ်းမှုပပျောက်ရေး ပူးပေါင်းဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာ(MoU)ကို ဖေဖော်ဝါရီ ၉ ရက်က လက်မှတ်ရေးထိုးခဲ့ကြောင်း UNDP က သတင်းထုတ်ပြန်သည်ဟု UN News ၏ ဖေဖော်ဝါရီ ၉ ရက် သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါလက်မှတ်ရေးထိုးရခြင်းသည် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများစီမံခန့်ခွဲမှုစနစ်မြှင့်တင်ရန်နှင့် ပလတ်စတစ်ညစ်ညမ်းမှုကို အလုံးစုံလျှော့ချရန်၊ မြစ်များအတွင်းပလတ်စတစ်ညစ်ညမ်းမှုကို အဆုံးသတ်ရန် မူဝါဒနှင့် အမူအကျင့်ပြောင်းလဲမှုများကိုမြှင့်တင်ခြင်းဖြင့် အဏ္ဏဝါဂေဟစနစ်အတွင်းသို့ ပလတ်စတစ်ညစ်ညမ်းစေမှုမှ လျှော့ချရန်ရည်ရွယ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။



သမုဒ္ဒရာနှင့် မြစ်ချောင်းများအတွင်း ပလတ်စတစ်ညစ်ညမ်းမှုသည် ကျန်းမာရေးနှင့်စားနပ်ရိက္ခာ၊ ဝင်ငွေအတွက် အဏ္ဏဝါအရင်းအမြစ်များအပေါ် မှီခိုနေရသောသန်းပေါင်းများစွာသော လူတို့၏ ကျန်းမာရေးကို ခြိမ်းခြောက်လျက်ရှိကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ကုလသမဂ္ဂနှင့် မိတ်ဖက်အဖွဲ့အစည်းများသည် ဤရှုပ်ထွေးသော ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုကို ဖြေရှင်းရာတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း၊ ပလတ်စတစ်ညစ်ညမ်းမှုကိုဖယ်ရှားခြင်းဖြင့် လူသားနှင့်ကျန်းမာရေးကို ကာကွယ်ခြင်းဖြစ်သကဲ့သို့ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုကို အကာအကွယ်ပေးရန် သော့ချက်ဖြစ်ကြောင်း UNDP အုပ်ချုပ်ရေးမှူး Achim Steiner က ပြောကြားခဲ့သည်။ AZH

# နယူးဇီလန်နိုင်ငံ တောင်ဘက်ပိုင်းဒေသများသို့ ဆိုင်ကလုန်းမုန်တိုင်း ဝင်ရောက်လာဖွယ်ရှိ

**ဝယ်လင်တန် ဖေဖော်ဝါရီ ၁၀**

နယူးဇီလန်နိုင်ငံ တောင်ဘက်ပိုင်းရှိ ဒေသများနှင့် အော့ကလန်မြို့တွင် လာမည့် ရက်ပိုင်းအတွင်း အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း ဝင်ရောက်လာဖွယ်ရှိနေကြောင်း နယူးဇီလန်မိုးလေဝသ ညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်ခဲ့သည်ဟု NZ Radio သတင်းဌာနက ဖေဖော်ဝါရီ ၉ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

နယူးဇီလန်နိုင်ငံ တောင်ဘက်ပိုင်းဧရိယာများသို့ ဝင်ရောက်လာဖွယ်ရှိနေသည့် ဆိုင်ကလုန်းမုန်တိုင်းသည် ရာစုနှစ်အတွင်း နယူးဇီလန်နိုင်ငံသို့ ဝင်ရောက်ခဲ့သည့်မုန်တိုင်းများအနက် အားအကောင်းဆုံးမုန်တိုင်းအဖြစ် မှတ်တမ်းဝင်ဖွယ်ရှိကြောင်း၊ အော့ကလန်မြို့တွင် ပြီးခဲ့သော ရက်သတ္တနှစ်ပတ်ခန့်ကလည်း စံချိန်တင်မိုးရွာသွန်းမှုဖြစ်ပေါ်ခဲ့ပြီး နေရာအနှံ့အပြားရေကြီးရေလျှံမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ရေကြီးရေလျှံမှုကြောင့် လူလေးဦးသေဆုံးခဲ့ပြီး မြေပြိုကျမှုများလည်းဖြစ်ပေါ်ခဲ့ကာ ပျက်စီးဆုံးရှုံးခဲ့ရသည့်ပမာဏမှာ အမေရိကန်ဒေါ်လာ သန်းနှင့်ချီပြီးရှိခဲ့ကြောင်း၊ ကြီးမားသော ပျက်စီးဆုံးရှုံးမှုများဖြင့် ရင်ဆိုင်ခဲ့ရပြီး ရက်သတ္တနှစ်ပတ်အကြာတွင် ရာစုနှစ်အတွင်း အားအကောင်းဆုံး ဆိုင်ကလုန်းမုန်တိုင်း ဝင်ရောက်လာဖွယ်ရှိနေကြောင်း သတိပေးချက်ထုတ်ပြန်ခဲ့ကာ အော့ကလန်အရေးပေါ်စီမံခန့်ခွဲရေး အဖွဲ့အစည်းကလည်း ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ရန်ကြိုတင်ပြင်ဆင်မှုများပြုလုပ်နေပြီဖြစ်ကြောင်း သိရသည်။

နယူးဇီလန်နိုင်ငံသို့ ဝင်ရောက်လာဖွယ်ရှိနေသည့် ဆိုင်ကလုန်းမုန်တိုင်းကို ဂါဘရီရယ်လ်လီ ဆိုင်ကလုန်းမုန်တိုင်းဟု နာမည်ပေးထားပြီး ဂါဘရီရယ်လ်လီဆိုင်ကလုန်းမုန်တိုင်းသည် တောင်ပစိဖိတ်သမုဒ္ဒရာအနီးရှိ ကော်ရယ်လ်ပင်လယ်သို့ ရောက်ရှိနေပြီး တစ်နာရီလျှင် ၁၁၉ ကီလိုမီတာမှ ၁၅၇ ကီလိုမီတာထိ အားကောင်းလာဖွယ်ရှိနေကြောင်း နယူးဇီလန် မိုးလေဝသညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်ခဲ့သည်။ **နိုင်းဆက်**

# ဩစတြေးလျနိုင်ငံ Great Barrier Reef သန္တာကျောက်တန်းအနီးတွင် ကျောက်မီးသွေးတူးဖော်ရေးစီမံကိန်းခွင့်ပြုထားကြောင်းသတင်းများမှာ မှန်ကန်မှုမရှိ

**ကင်ဘာရာ ဖေဖော်ဝါရီ ၁၀**

ဩစတြေးလျနိုင်ငံ၏ အဖိုးတန်သန္တာကျောက်တန်းဖြစ်သည့် Great Barrier Reef အနီးတွင် ကျောက်မီးသွေး တူးဖော်ရေးစီမံကိန်းကို အစိုးရက ခွင့်ပြုထားကြောင်း သတင်းများမှာ မှန်ကန်မှုမရှိကြောင်း ဩစတြေးလျအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု Canberra Times သတင်းဌာနက ဖေဖော်ဝါရီ ၉ ရက်တွင် ဖော်ပြခဲ့သည်။

၎င်းစီမံကိန်းကို Clive Palmer ကုမ္ပဏီက တာဝန်ယူဆောင်ရွက်ခွင့်ရကြောင်း သတင်းများထွက်ပေါ်လာခဲ့ပြီး ဩစတြေးလျသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတက်ကြွလှုပ်ရှားသူများအဖွဲ့အစည်းက အစိုးရကို ဆန္ဒထုတ်ဖော်ရန်ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

"သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကိုထိခိုက်စေနိုင်တဲ့ အရာအားလုံးကို တားဆီးသွားဖို့ ဆုံးဖြတ်ထားပါတယ်။ ဒါကြောင့်လဲ Great Barrier Reef သန္တာကျောက်တန်းအနီးမှာဆောင်ရွက်နေတဲ့ ကျောက်မီးသွေးတူးဖော်ရေး စီမံကိန်းတွေကို ရပ်ဆိုင်းပစ်ဖို့ဆုံးဖြတ်ခဲ့တာဖြစ်ပါတယ်။ အရင်က ဆောင်ရွက်နေတဲ့ ကျောက်မီးသွေးတူးဖော်ရေး စီမံကိန်းဟာ Great Barrier Reef သန္တာကျောက်တန်းနဲ့ ၁၀ ကီလိုမီတာလောက်ပဲဝေးတယ်။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကို အဟန့်အတားဖြစ်စေနိုင်တဲ့အတွက် ဒီစီမံကိန်းကို ပိတ်သိမ်းဖို့ အာဏာပိုင်အဖွဲ့အစည်းကပဲ ဆုံးဖြတ်ခဲ့တာဖြစ်ပါတယ်။ အခု စီမံကိန်းအသစ်တွေကို ခွင့်ပြုထားတယ်ဆိုပြီး သတင်းတွေ ထွက်ပေါ်နေတာဟာ မှန်ကန်မှုမရှိပါဘူး"ဟု ဩစတြေးလျ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး တာညာပလီဘာဆက်က ပြောကြားခဲ့သည်။

Great Barrier Reef သည် ကမ္ဘာ့ ရှေးဟောင်းအမွေအနှစ်စာရင်းဝင် သန္တာကျောက်တန်းဖြစ်ပြီး ဩစတြေးလျအာဏာပိုင်အဖွဲ့အစည်းက ထိန်းသိမ်းရန်အားနည်းခြင်းကြောင့် ဝေဖန်မှုများဖြင့်လည်း ရင်ဆိုင်နေရကြောင်း သိရသည်။ **နိုင်းဆက်**

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

# လူသားဖြစ်ခွင့်ရနိုင်ပါစေ

**ရွှေနေ-ဦးဝင်းကြည်(စဉ့်ကိုင်)**

**❖ ယနေ့လူငယ်များသည် အရှက်တရား၊ အကြောက်တရားကင်းမဲ့လာပြီး ရင်းနှီးပွင့်လင်းမှုသည် ခေတ်လွန်ကဲလာသည်။ လက်ထပ်ထိမ်းမြားခြင်းမရှိဘဲ ဖို၊ မ ပေါင်းသင်းစပ်ယှက်ဆက်ဆံလာကြသည်။ ထိုသို့ ပေါင်းသင်းဆက်ဆံလာရာမှ အချို့သောမိန်းကလေးများတွင် မဖုံးနိုင်၊ မဖိနိုင် ကိုယ်ဝန်ပဋိသန္ဓေတည်လာသည်။ ထိုသို့ပဋိသန္ဓေတည်လာသည့်အခါ ယောကျ်ားလေးကို ဖွင့်ပြောရာမှ နှစ်ဦးသဘောတူလက်ထပ်ကာ လောကဓံကို ရင်ဆိုင်ကြသူများရှိသည်။ ထိုသူများသည် ဟီရိနှင့် ဩတ္တပ္ပတရားရှိသူများဖြစ်သည်။ ရရှိလာသည့် ကိုယ်ဝန်ပဋိသန္ဓေကို လူသားဖြစ်ခွင့်ပေးသူများဖြစ်သည်။ ❖**

သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ၊ ဟီရိ၊ ဩတ္တပ္ပ သူတော်ကောင်းတရားခုနစ်ပါးတွင် ဟီရိနှင့် ဩတ္တပ္ပတရားနှစ်ပါးသည် လူမျိုးမရွေး၊ ဘာသာမရွေး လိုက်နာရမည့် လောကပါလတရားနှစ်ပါးဖြစ်သည်။ ဟီရိ-မကောင်းသောအမှုကိုပြုရာ၌ ရှက်ခြင်း၊ ဩတ္တပ္ပ-မကောင်းသောအမှုကို ပြုရန်၊ ကြံစည်ရန် ကြောက်ရွံ့ခြင်းဖြစ်သည်။ မကောင်းမှုကိုပြုရန် မရှက်လျှင်၊ မကောင်းမှုပြုရန်၊ ကြံစည်ရန် ကြောက်ရွံ့ခြင်းမရှိလျှင် လူ့ယဉ်ကျေးမှုများ ဆိတ်သုဉ်းကွယ်ပျောက်ပေမည်။ တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းစဉ်လာများ ပျောက်ကွယ်သွားနိုင်သည်။ အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများလည်း ပျောက်ကွယ်သွားနိုင်သည်။ ဟီရိနှင့် ဩတ္တပ္ပ လောကပါလတရားနှစ်ပါးကို လူမျိုးမရွေး၊ ဘာသာမရွေး လိုက်နာစောင့်ထိန်းအပ်သည်။

ယနေ့ခေတ်လူငယ်များသည် လူ့အခွင့်အရေးအပြည့်အဝရယူလိုကြသည်။ အလုပ်ကိစ္စများတွင်လည်းကောင်း၊ လူမှုရေးကိစ္စများတွင်လည်းကောင်း လူ့အခွင့်အရေးပေတံဖြင့်တိုင်းတာလုပ်ကိုင်ကြသည်။

ယနေ့လူငယ်များသည် အရှက်တရား၊ အကြောက်တရား ကင်းမဲ့လာပြီး ရင်းနှီးပွင့်လင်းမှုသည် ခေတ်လွန်ကဲလာသည်။ လက်ထပ်ထိမ်းမြားခြင်းမရှိဘဲ ဖို၊ မ ပေါင်းသင်းစပ်ယှက်ဆက်ဆံလာကြသည်။ ထိုသို့ ပေါင်းသင်းဆက်ဆံလာရာမှ အချို့သော မိန်းကလေးများတွင် မဖုံးနိုင်၊ မဖိနိုင် ကိုယ်ဝန်ပဋိသန္ဓေတည်လာသည်။ ထိုသို့ ပဋိသန္ဓေတည်လာသည့်အခါ ယောကျ်ားလေးကို ဖွင့်ပြောရာမှ နှစ်ဦးသဘောတူ လက်ထပ်ကာ လောကဓံကို ရင်ဆိုင်ကြသူများရှိသည်။ ထိုသူများသည် ဟီရိနှင့် ဩတ္တပ္ပတရားရှိသူများဖြစ်သည်။ ရရှိလာသည့်ကိုယ်ဝန်ပဋိသန္ဓေကို လူသားဖြစ်ခွင့်ပေးသူများဖြစ်သည်။

အချို့သော ယောကျ်ားလေးနှင့် မိန်းကလေးတို့သည် ခုတွေ့၊ ခုချစ်၊ ခုကြိုက်ပြီး အချစ်နယ်ကျွံကာ မိန်းကလေးတွင် မဖုံးနိုင်၊ မဖိနိုင် ကိုယ်ဝန်ပဋိသန္ဓေတည်သည့်ဘဝရောက်လာသည်။ ယောကျ်ားလေးက လက်ထပ်မယူနိုင်ကြောင်း ငြင်းဆန်လာသည်။ တချို့ကား မိန်းကလေးဘက်မှ ငြင်းဆန်သည်များရှိသည်။ ထိုအခါ ကိုယ်ဝန်ပဋိသန္ဓေကိုဖျက်ဆီးရန် စီမံကြလေသည်။ စီမံသည့်အတိုင်းလည်း ကိုယ်ဝန်ပဋိသန္ဓေကို ဖျက်ဆီးကြသည်။ ထိုသူတို့သည် ဥပဒေအရ တရားစွဲဆိုခြင်းခံရပေမည်။

ရာဇသတ်ကြီးပုဒ်မ-၃၁၂ တွင် "မည်သူမဆို ကိုယ်ဝန်ဆောင် မိန်းမ၏အသက်ကို ကယ်ဆယ်လိုသော သဘောရိုးဖြင့်မဟုတ်ဘဲ ကိုယ်ဝန်ဆောင်မိန်းမကို ကိုယ်ဝန်ပျက်စေရန် မိမိအလိုအလျောက်ပြုလျှင် ထိုသူကို သုံးနှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ မိန်းမသည် လှုပ်ရှားသောကိုယ်ဝန်ဖြစ်လျှင် ထိုသူကို ခုနစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုး ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်"ဟု ပြဋ္ဌာန်းထားသည်။

**ရှင်းလင်းချက်။** ။ မိမိကိုယ်ဝန်ကိုမိမိပျက်စေသည့် မိန်းမသည် ဤပုဒ်မပါအဓိပ္ပာယ်တွင် အကျုံးဝင်သည်ဟု ပြဋ္ဌာန်းထားသည်။

ကိုယ်ဝန်ပဋိသန္ဓေပျက်စေမှုကို တားမြစ်ရသည်မှာ ကိုယ်ဝန်ပဋိသန္ဓေဖျက်ခြင်းသည် ကိုယ်ဝန်ဆောင် မိန်းမ၏ အသက်အန္တရာယ်ကိုထိခိုက်ခြင်းမှ ကာကွယ်ရန်ဖြစ်သည့်အပြင် လူဦးရေတိုးပွားမှုကို အဟန့်အတားဖြစ်စေခြင်းမှ ကာကွယ်ရန်အတွက် ပြဋ္ဌာန်းထားခြင်းဖြစ်ပေသည်။

ကိုယ်ဝန်ပဋိသန္ဓေပျက်ခြင်းတွင် နှစ်မျိုးနှစ်စားရှိသည်။ ၎င်းတို့မှာ သဘာဝအလျောက်ပျက်ခြင်း၊ တစ်စုံတစ်ဦး၏ လှုံ့လပယောဂကြောင့် မပျက်ပျက်အောင် တမင်ပြုလုပ်ခြင်းတို့ဖြစ်သည်။ သဘာဝအလျောက်ပျက်ခြင်းသည် ပြစ်မှုမဟုတ်ပေ။ ကိုယ်ဝန်ပဋိသန္ဓေပျက်စေရန် တမင်ပြုလုပ်ခြင်းဖြစ်လျှင် ရာဇသတ်ကြီးပုဒ်မ-၃၁၂ အရ တရားစွဲဆိုခြင်းခံရမည်။ ပုဒ်မ-၃၁၂ ၌ အပိုင်းနှစ်ပိုင်းခွဲခြားထားသည်။ ပထမပိုင်းတွင် လနုသေးသည့် ကိုယ်ဝန်ဆောင်မိန်းမနှင့် အကျုံးဝင်သက်ဆိုင်ပြီး ဒုတိယပိုင်းတွင် လရင့်သောကိုယ်ဝန်ဆောင်မိန်းမနှင့် အကျုံးဝင်သက်ဆိုင်သည်။ သာမန်အားဖြင့် ပဋိသန္ဓေရှိပြီး လေးလနှင့် ငါးလကြားတွင် သန္ဓေသားသည် လှုပ်ရှားလေ့ရှိပေသည်။ လရင့်သည့်သန္ဓေသားကို ဖျက်ဆီးခြင်းသည် လနုသည့်သန္ဓေသားကိုဖျက်ဆီးခြင်းထက် ကိုယ်ဝန်သည်မိခင်၏ အသက်အန္တရာယ်ပို၍ကြီးမားသောကြောင့် ပြစ်ဒဏ်ကွာခြားခြင်းဖြစ်သည်။ လူ့အသက်အန္တရာယ်ထိခိုက်စေသည့် ကိုယ်ဝန်ပဋိသန္ဓေဖျက်ခြင်းကို အထူးရှောင်ကြဉ်ရပေမည်။ ကိုယ်ဝန်ပဋိသန္ဓေသားဖျက်ချခြင်းကြောင့် ပဋိသန္ဓေသားသည် လူဖြစ်ခွင့်ဆုံးရှုံးရလေသည်။

မိန်းမကို ပဋိသန္ဓေမတည်နိုင်အောင်ဖြစ်စေ၊ ယောကျ်ားကို ပဋိသန္ဓေပေးနိုင်စွမ်းမရှိအောင် အစိုးရခန့်ထားသည့်အဖွဲ့က ထောက်ခံခြင်းမရှိဘဲ ခွဲစိတ်ကုသခြင်းသည် ရာဇဝတ်ပြစ်ဒဏ်ထိုက်သောပြစ်မှုဖြစ်သည်။ သက်ဆိုင်ရာမိန်းမ၏ အသက်ကို ကယ်ဆယ်ရန်၊ ခွဲစိတ်ကုသရန် အရေးတကြီးလိုအပ်ပါက အစိုးရကခန့်ထားသောအဖွဲ့၏ ထောက်ခံချက်မရှိသော်လည်း ခွဲစိတ်ကုသမှုခံယူနိုင်သည်။

မိန်းမတစ်ဦးတစ်ယောက်ကို အစိုးရကခန့်ထားသောအဖွဲ့၏ ထောက်ခံချက်မရှိဘဲ ပဋိသန္ဓေမတည်နိုင်အောင် တမင်ခွဲစိတ်ကုသကြောင်း ပြစ်မှုထင်ရှားလျှင် ရာဇသတ်ကြီးပုဒ်မ-၃၁၂(က)အရ တမင်ခွဲစိတ်ကုသသူကို သုံးနှစ်ထိ ထောင်ဒဏ်ချမှတ်ခြင်းခံရမည့်အပြင် ငွေဒဏ်လည်းချမှတ်ခြင်းခံရနိုင်သည်။

ထို့အတူ ယောကျ်ားတစ်ဦးတစ်ယောက်ကို အစိုးရကခန့်ထားသောအဖွဲ့၏ ထောက်ခံချက်မရှိဘဲ ပဋိသန္ဓေပေးနိုင်စွမ်းမရှိအောင် တမင်ခွဲစိတ်ကုသကြောင်းပြစ်မှုထင်ရှားလျှင် ရာဇသတ်ကြီးပုဒ်မ-၃၁၂ (ခ)အရ တမင်ခွဲစိတ်ကုသသူကို သုံးနှစ်ထိ ထောင်ဒဏ်ချမှတ်ခြင်းခံရမည့်အပြင် ငွေဒဏ်လည်း ချမှတ်ခြင်းခံရနိုင်သည်။

ရာဇသတ်ကြီးပုဒ်မ-၃၁၂(ဂ) တွင် မိန်းမဖြစ်စေ၊ ယောကျ်ားဖြစ်စေ ကိုယ်၊ စိတ်ကျန်းမာရေးအတွက် မိန်းမဖြစ်က ပဋိသန္ဓေမတည်နိုင်အောင်၊ ယောကျ်ားဖြစ်က ပဋိသန္ဓေပေးနိုင်စွမ်းမရှိအောင် ခွဲစိတ်ကုသရန်လိုအပ်သည်ဟု အစိုးရကခန့်ထားသောအဖွဲ့က ထောက်ခံချက်မရှိဘဲ မိမိသဘောအလျောက် မိန်းမက ပဋိသန္ဓေမတည်နိုင်အောင်၊ ယောကျ်ားဖြစ်က ပဋိသန္ဓေပေးနိုင်စွမ်းမရှိအောင် ခွဲစိတ်ကုသပေးသည်ကို ခံယူလျှင် ထိုမိန်းမ သို့မဟုတ် ထိုယောကျ်ားကို သုံးနှစ်ထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်ရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားသည်။

ရာဇသတ်ကြီးပုဒ်မ-၃၁၂(ဃ)တွင် တစ်ဦးတစ်ယောက်သောသူ၏ ကိုယ် သို့မဟုတ် စိတ်ကျန်းမာရေးအတွက် ထိုသူကို ပဋိသန္ဓေမတည်နိုင်အောင်သော်လည်းကောင်း၊ ပဋိသန္ဓေပေးနိုင်စွမ်းမရှိအောင်သော်လည်းကောင်း ခွဲစိတ်ကုသရန်လိုအပ်ကြောင်း အစိုးရခန့်ထားသည့်အဖွဲ့က ထောက်ခံခြင်းမရှိဘဲ ပဋိသန္ဓေမတည်နိုင်အောင် သို့မဟုတ် ပဋိသန္ဓေပေးနိုင်စွမ်းမရှိအောင် တမင်ခွဲစိတ်ကုသပေးသဖြင့် ခွဲစိတ်ကုသခြင်းခံသူသေဆုံးလျှင် ခွဲစိတ်ကုသပေးသူကို ၁၀ နှစ်ထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်ကြောင်း ပြဋ္ဌာန်းထားသည်။

မမွေးဖွားရသေးသည့် ကလေး၏ အသက်အန္တရာယ်ကို ထိခိုက်စေခြင်းမှ ကာကွယ်ရန်အတွက် ရာဇသတ်ကြီးပုဒ်မ-၃၁၅ ကို ပြဋ္ဌာန်းထားသည်။ ရာဇသတ်ကြီးပုဒ်မ-၃၁၅ တွင် "မည်သူမဆို ကလေးမဖွားမြင်မီ ထိုကလေးအရှင်မွေးဖွားခြင်းကို တားဆီးရန် အကြံဖြင့်ဖြစ်စေ၊ ဖွားမြင်ပြီးနောက် သေစေရန် အကြံဖြင့်ဖြစ်စေ ပြုလုပ်မှုတစ်ခုခုကိုပြု၍ ထိုသို့ပြုလုပ်ခြင်းဖြင့် ထိုကလေးအရှင်မွေးဖွားခြင်းကို တားဆီးလျှင် သို့တည်းမဟုတ် ဖွားမြင်ပြီးနောက် သေစေလျှင် ထိုသို့ပြုခြင်းသည် အမိအသက်ကို ကယ်ဆယ်ရန် သဘောရိုးဖြင့် ပြုခြင်းမဟုတ်ခဲ့သော် ထိုသူကို ၁၀ နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်"ဟု ပြဋ္ဌာန်းထားသည်။

အချို့သောသူတို့သည် အကြောင်းအမျိုးမျိုးကြောင့် ကိုယ်ဝန်ပဋိသန္ဓေမဖျက်ဘဲ ကလေးအရှင်မွေးဖွားခြင်းကို တားဆီးရန်အကြံဖြင့်ပြုလုပ်မှု တစ်ခုခုကို ပြုလုပ်တတ်ကြသည်။ အချို့သောသူတို့ကား ကလေးဖွားမြင်ပြီးနောက် သေစေရန် အကြံဖြင့်ပြုလုပ်မှုတစ်ခုခု ပြုလုပ်တတ်ကြသည်။ ထိုသို့ပြုလုပ်သဖြင့် ကိုယ်ဝန်ပဋိသန္ဓေသားသည် လူသားဖြစ်ခွင့် အခွင့်အရေးဆုံးရှုံးရလေသည်။ လူ့ဘဝရရှိမည့်အခွင့်အရေးဆုံးရှုံးသွားသည်။

အချို့သောကိုယ်ဝန်ပဋိသန္ဓေဆောင်သည့်သူသည် ကျန်းမာရေးမကောင်းမွန်ခြင်းကြောင့် ကလေးမွေးဖွားရန် အခက်အခဲရှိပေသည်။ အကယ်၍ ကလေးမွေးဖွားလျှင် မိခင်ဖြစ်သူ ကိုယ်ဝန်သည်၏ အသက်ဆုံးရှုံးမည့်အနေအထားဖြစ်နေလျှင် ကိုယ်ဝန်သည်မိခင်၏အသက်ကို ကယ်ဆယ်ရန်အတွက် သဘောရိုးဖြင့် ကလေးအားအရှင်ဖွားမြင်ခြင်းကို တားဆီးရန်အတွက် ပြုလုပ်မှုတစ်ခုခုကို ပြုလုပ်ခြင်းဖြင့် ကလေးအသေမွေးဖွားခြင်းသည် ရာဇသတ်ကြီးပုဒ်မ- ၃၁၅ အရ ပြစ်မှုကျူးလွန်သည်ဟု မဆိုနိုင်ပေ။ ကိုယ်ဝန်ဆောင်မိခင်၏ အသက်အန္တရာယ်ရှိ၊ မရှိ သေချာဆန်းစစ်ရန်လိုပေမည်။

လူ့ဘဝသည် ရခဲလှသည်။ လူသားဖြစ်တည်မှုအတွက် ပဋိသန္ဓေဆောင်ခြင်း၊ ပဋိသန္ဓေပေးနိုင်စွမ်းရှိခြင်းတို့သည် လူသားဖြစ်ခွင့်ပေးစွမ်းနိုင်သူများဖြစ်သည်။ လူသားဖြစ်ခွင့်ဆုံးရှုံးစေရန်အတွက် ပဋိသန္ဓေမတည်နိုင်အောင် ခွဲစိတ်ခြင်း၊ ပဋိသန္ဓေပေးနိုင်စွမ်းမရှိအောင် ခွဲစိတ်ကုသခြင်းတို့ကြောင့် ခွဲစိတ်ခံရသူ၏ အသက်အန္တရာယ်ထိခိုက်နိုင်သည့်အပြင် လူသားဖြစ်ခွင့် အခွင့်အရေးများဆုံးရှုံးရလေသည်။

မိမိ၏ကိုယ် သို့မဟုတ် စိတ်ကျန်းမာနေသောသူတို့သည် ပဋိသန္ဓေမတည်အောင် ခွဲစိတ်ကုသခြင်း၊ ပဋိသန္ဓေပေးနိုင်စွမ်းမရှိအောင် ခွဲစိတ်ကုသမှုခံယူခြင်းတို့တွင် ခွဲစိတ်ပေးသူသည်လည်းကောင်း၊ မိမိသဘောအလိုအလျောက်ခွဲစိတ်ခံယူသူတို့သည်လည်းကောင်း ပြဋ္ဌာန်းဥပဒေများ ချိုးဖောက်ခြင်းဖြစ်၍ တရားစွဲဆိုအပြစ်ပေးခြင်းခံရမည်ဖြစ်ပါကြောင်းနှင့် ပဋိသန္ဓေသားကို လူသားဖြစ်ခွင့်ရနိုင်ပါစေရန် စေတနာရှေ့ထား ရေးသားတင်ပြအပ်ပါသည်။

## မိုင်းဖြတ်မြို့နယ် ဖပဲကိုကျေးရွာ၌ အုတ်ရေလှောင်ကန်တည်ဆောက်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**မိုင်းဖြတ် ဖေဖော်ဝါရီ ၁၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖပဲကိုကျေးရွာ၌ ဂါလန် ၂၀၀၀ ဆံ့ အုတ်ရေလှောင်ကန်တည်ဆောက်ခြင်းနှင့် ဆက်စပ်လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဖေဖော်ဝါရီ ၉ ရက် မွန်းလွဲပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်နှင့် တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ဖပဲကိုကျေးရွာ၌ ဂါလန် ၂၀၀၀ ဆံ့ အုတ်ရေလှောင်ကန်တည်ဆောက်ခြင်းနှင့် နှစ်လက်မ PVC ရေပိုက် ၂၅၃ လုံး သွယ်တန်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ရန် ကျေးရွာမှ တာဝန်ရှိသူများကို မှာကြားသည်။

ဖပဲကိုကျေးရွာ၌ အဆိုပါလုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၀၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၁၀၇၀၀၀၀ စုစုပေါင်းငွေကျပ် ၁၁၀၇၀၀၀၀ အသုံးပြု၍ ၂၀၂၂ ခုနှစ် ဇူလိုင် ၂၀ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်က ပြောပြ၍ သိရသည်။ **ဝင်းမာ**

# ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ပသို့ အမေရိကန်ဒေါ်လာ ၇၉၂ သန်းဖိုးရှိ ပြောင်းတန်ချိန် ၂ ဒသမ ၄ သန်း တင်ပို့ရောင်းချပေးသွားမည်



**ရန်ကုန် ဖေဖော်ဝါရီ ၁၀**

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ပသို့ အမေရိကန်ဒေါ်လာ ၇၉၂ သန်းဖိုးရှိ ပြောင်းတန်ချိန် ၂ ဒသမ ၄ သန်း တင်ပို့ရောင်းချပေးသွားမည်ဖြစ်ကြောင်း မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့၏ သတင်းများအရ သိရသည်။

မြန်မာနိုင်ငံမှပြောင်းကို ပြည်ပဖောက်သည်ဈေးကွက်နိုင်ငံများသို့ တင်ပို့ရောင်းချပေးရာတွင်ထိုင်း၊ တရုတ်၊ လာအို၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ ဖိလစ်ပိုင်၊ စင်ကာပူနှင့် ဗီယက်နမ်နိုင်ငံတို့သို့ တင်ပို့ရောင်းချပေးနေခြင်း ဖြစ်သော်လည်း တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံသို့သာ အဓိက တင်ပို့ရောင်းချပေးနေခြင်းဖြစ်သည်။

ပြောင်းကို ပြည်ပဖောက်သည် ဈေးကွက်နိုင်ငံများသို့ တင်ပို့ရောင်းချပေးရာတွင် ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများမှ တင်ပို့ရောင်းချပေးနေခြင်းဖြစ်ရာ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ပဖောက်သည် ဈေးကွက်နိုင်ငံများသို့ အမေရိကန်ဒေါ်လာ ၇၉၂ သန်းတန်ဖိုးရှိ ပြောင်း တန်ချိန် ၂ ဒသမ၄ သန်းထိ တင်ပို့ရောင်းချပေးသွားမည်ဖြစ်သည်။

ထိုသို့ တင်ပို့ရောင်းချပေးရာတွင် ၂၀၂၃ ခုနှစ် ဧပြီလမှဇွန်လထိ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်၏ ပထမသုံးလတွင် ပြောင်းတန်ချိန် ခြောက်သိန်း၊ ဇူလိုင်လမှစက်တင်ဘာလထိ ဒုတိယသုံးလတွင် ပြောင်းတန်ချိန် ခြောက်သိန်း၊ အောက်တိုဘာလမှဒီဇင်ဘာလထိ တတိယသုံးလတွင် ပြောင်းတန်ချိန် ခြောက်သိန်းနှင့် ၂၀၂၄ ခုနှစ် ဇန်နဝါရီလမှ မတ်လထိ ဘဏ္ဍာနှစ်၏နောက်ဆုံးသုံးလတွင် ပြောင်းတန်ချိန် ခြောက်သိန်း စုစုပေါင်း ပြောင်းတန်ချိန် ၂ ဒသမ ၄ သန်း တင်ပို့ရောင်းချပေးသွားမည်ဖြစ်ကြောင်း မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ သိရသည်။ (၃၃၆)

# လှိုင်းဘွဲ့မြို့နယ်၌ အခြေခံစားသောက်ကုန်ထုတ်လုပ်မှု ယိုမျိုးစုံထုတ်လုပ်နည်းသင်တန်းဆင်းပွဲ ကျင်းပ

**လှိုင်းဘွဲ့ ဖေဖော်ဝါရီ ၁၀**

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနတို့ပူးပေါင်း၍ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန်နှင့် မိသားစုဝင်ငွေတိုးပွားစေရန်ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံစားသောက်ကုန် ထုတ်လုပ်မှု ယိုမျိုးစုံထုတ်လုပ်နည်းသင်တန်းဆင်းပွဲကို ဖေဖော်ဝါရီ ၉ ရက် နံနက်ပိုင်းက အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောကျော်နိုင်ထွန်းက အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းများသည် ကျေးလက်ဒေသများတွင် ကျွမ်းကျင်လုပ်သားရှားပါးမှုကိုဖြည့်ဆည်းနိုင်စေရန် ရည်ရွယ်၍ ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ကြောင်း၊ သင်တန်းတွင် သင်ကြားပို့ချပေးသော အတတ်ပညာများကို လက်တွေ့နယ်ပယ်တွင် အကျိုးရှိရှိ ဆောင်ရွက်ကြရန်လိုကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဒုတိယဦးစီးမှူး ဦးကိုကိုနိုင်နှင့်တာဝန်ရှိသူများက သင်တန်းတွင် ထူးချွန်ဆုရရှိသူများအား ဂုဏ်ပြုဆုပေးအပ်ခြင်းနှင့် တက်ရောက်အောင်မြင်ခဲ့ကြသည့် သင်တန်းသူများအားသင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

အဆိုပါသင်တန်းသို့ လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ ဖာပွန်ကျေးရွာနှင့် ကမော့ကချူးကျေးရွာတို့မှသင်တန်းသား ဦးရေ ၂၀ တက်ရောက်ခဲ့ကြပြီး သင်တန်းကို ဖေဖော်ဝါရီ ၃ ရက်မှ ၉ ရက်ထိ ခုနစ်ရက်ကြာ အခမဲ့ဖွင့်လှစ်သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။ **နိုးမိုးကျော်**

# ချောင်းဆုံမြို့နယ် ဒရယ်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်း စစ်ဆေး

**ချောင်းဆုံ ဖေဖော်ဝါရီ ၁၀**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် ချောင်းဆုံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်နယ်အစိုးရ ခွင့်ပြုရန်ပုံငွေဖြင့် ဒရယ်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ဖေဖော်ဝါရီ ၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မော်လမြိုင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်နွယ်ဦး၊ ချောင်းဆုံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဒေါ်စန်းစန်းမော်နှင့် အင်ဂျင်နီယာဝန်ထမ်းများက ဒရယ်ကျေးရွာ ကုန်ထုတ်လမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ ဒရယ်ကျေးရွာ၌ ကုန်ထုတ်လမ်း ဖောက်လုပ် ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဒေါ်ခင်နွယ်ဦးက လုပ်ငန်းများသတ်မှတ် စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစေရန်နှင့် အချိန်မီ ပြီးစီးရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။



ဒရယ်ကျေးရွာ၌ အရှည်ပေ ၈၅၀၀၊ အကျယ် ၁၈ ပေ၊ အမြင့် မြေသား သုံးပေ၊ ဂဝံ ကိုးလက်မ ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်း လုပ်ငန်းကို ပြည်နယ်အစိုးရခွင့်ပြုရန်ပုံငွေကျပ် ၂၁၂ ဒသမ ၉၅၇ သန်းဖြင့် တင်ဒါအောင်မြင်သည့် ဖေယျာကျော်ကုမ္ပဏီက ၂၀၂၂ ခုနှစ် စက်တင်ဘာလ ပထမပတ်ကစတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၇၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကုန်ထုတ်လမ်းလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက ကျေးရွာမှထွက်ရှိလာသော ထုတ်ကုန်၊ ထွက်ကုန်များ ဈေးကွက်သို့ ကုန်ကျစရိတ်သက်သာစွာ အချိန်မီ တင်ပို့ရောင်းချနိုင်တော့မည်ဖြစ်ကြောင်းနှင့် ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုး တိုးတက်လာတော့မည်ဖြစ်ကြောင်း ချောင်းဆုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စန်းစန်းမော်ထံမှ သိရသည်။ **အေးမြတ်**

# မင်းတုန်းမြို့နယ် ကိုင်းငယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မင်းတုန်း ဖေဖော်ဝါရီ ၁၀**

မကွေးတိုင်းဒေသကြီး မင်းတုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကိုင်းငယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ဒုတိယအကြိမ် ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာရှိ ဘက်စုံသုံးခန်းမဆောင်၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းတုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးညိုဝင်းအောင်နှင့်ဝန်ထမ်းများက ကိုင်းငယ်ကျေးရွာရှိ ကျေးရွာ ရပ်မိ၊ ရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရခြင်း၏ ရည်ရွယ်ချက်များ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေပါ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့်ရပိုင်ခွင့်များ၊ အသင်းသား၊ အသင်းသူများ၏ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မင်းတုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်စီမံကိန်းတာဝန်ခံ ဒုတိယဦးစီးမှူး ဦးနိုင်ဝင်းက စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ စီမံကိန်းစက်ဝန်းသတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ထို့နောက် မင်းတုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးညိုဝင်းအောင်နှင့်ဝန်ထမ်းများက ကိုင်းငယ်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၇၇ ဦးကို ငွေကျပ် ၂၄ ဒသမ ၃ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ၁၇ ဦးကို ငွေကျပ် ၅ ဒသမ ၄၅ သန်း၊ ရေလုပ်ငန်းလုပ်ကိုင်သူ သုံးဦးကို ငွေကျပ် ၁ ဒသမ ၀၅ သန်း၊ ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ သုံးဦးကို ငွေကျပ် သုည ဒသမ ၉၅ သန်း၊ အသက်မွေးဝမ်းကျောင်း အထောက်အကူပြုလုပ်ငန်း လုပ်ကိုင်သူ လေးဦးကို ငွေကျပ် ၁ ဒသမ ၁ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကိုညီ**

# မော်လိုက်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၇၉၇၁ ဧက စိုက်ပျိုးနိုင်ခဲ့

**မော်လိုက် ဖေဖော်ဝါရီ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၇၉၇၁ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မော်လိုက်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆောင်းနေကြာ ၈၆၇၁ ဧကစိုက်ပျိုးရန် လျာထားပြီး ၂၀၂၂ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၇၉၇၁ ဧကစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

“မော်လိုက်ခရိုင်မှာ ဆောင်းနေကြာဧက ၈၀၀၀ကျော် စိုက်ဖို့ လျာထားတယ်။ ဒီနေ့ထိ ဧက ၇၀၀၀ ကျော်ပဲ စိုက်ပျိုးနိုင်ခဲ့တယ်။ အထွက်နှုန်းကောင်းတဲ့ မျိုးကောင်းမျိုးသန့်တွေစိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးခဲ့တယ်။ ဆီထွက်သီးနှံတိုးချဲ့စိုက်ပျိုးရေး အစီအစဉ်အရ ဆောင်းနေကြာမျိုးစေ့တွေ ပံ့ပိုးပေးတယ်။ အရင်က စိုက်ပျိုးခဲ့ကြတဲ့ နေကြာမျိုးဟောင်းတွေက အထွက်နှုန်းလဲ နည်းသလို ဆီထွက်လဲ နည်းပါတယ်။ အခုပံ့ပိုးပေးလိုက်တဲ့ နေကြာမျိုးတွေက အထွက်ကောင်းမျိုးတွေဖြစ်တဲ့အတွက် ဆီထွက်နှုန်းမှာလဲ ပိုမိုကောင်းမွန်လို့ တောင်သူတွေအနေနဲ့ ဒီလို မျိုးကောင်း၊ မျိုးသန့်တွေကို ဆက်လက်ထိန်းသိမ်းထားပြီးတောင်သူအချင်းချင်း မျိုးဖြန့်ပေးဖို့လိုအပ်တယ်”ဟု မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြသည်။

မော်လိုက်ခရိုင်တွင် ဆောင်းနေကြာဧက စိုက်ပျိုးနိုင်မှုအနေဖြင့် မော်လိုက်မြို့နယ်တွင် ၅၅၆၄ဧက၊ ဖောင်းပြင်မြို့နယ်တွင် ၂၄၀၇ ဧက စုစုပေါင်း ၇၉၇၁ ဧကတို့ဖြစ်ကြောင်း သိရသည်။

နေကြာသီးနှံသည် အခြားဆီထွက်သီးနှံများထက် ကုန်ကျစရိတ်သက်သာခြင်း၊ ဆီထွက်နှုန်းကောင်းမွန်ခြင်းတို့ကြောင့် တိုးချဲ့စိုက်ပျိုးသင့်ကြောင်းနှင့် တိုးချဲ့စိုက်ပျိုးမည့် တောင်သူများအနေဖြင့် မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနက မျိုးစေ့လုံလောက်အောင်ဆက်သွယ်ပေးမည်ဖြစ်ပြီး လိုအပ်သည့်နည်းပညာများ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

# မြန်မာငါးများအကြောင်းတစေ့တစောင်း (ငါးခုံးမ)

**မန်းတင့်မော်**

မြန်မာနိုင်ငံသည် အီကွေတာနှင့်နီး၍ အပူပိုင်းဒေသတွင် ပါဝင်သည်။ ကမ္ဘာပေါ်တွင် အပူပိုင်းဒေသ၌ သက်ရှိအပင်နှင့် သတ္တဝါများက ပိုမိုရှင်သန်ကြသည်။ ထို့အတူ ရေချိုအရင်းအမြစ်များလည်း ကြွယ်ဝလျက်ရှိသည်။ ရေချိုတွင် ရှင်သန်ပေါက်ဖွား အမြဲပြုလျက်ရှိသော ငါးမျိုးစိတ်များစွာလည်း ရှိနေသေးသည်။ ရေချိုငါးမျိုးစိတ်များစွာ တည်ရှိနေသော မြန်မာ့ရေချိုအင်း၊ အိုင်များကလည်း သဘာဝအလျောက် နိုင်ငံတစ်ဝန်း ဖြန့်ကြက်တည်ရှိလျက်ရှိသည်။

မြန်မာ့ငါးများတွင် လူသိအများဆုံး ငါးများစွာရှိသည့်အနက် ငါးခုံးမသည်လည်း တစ်မျိုးအပါအဝင်ဖြစ်ပါသည်။ ငါးခုံးမဟုဆိုလိုက်လျှင် "ငါးခုံးမတစ်ကောင်ကြောင့် တစ်လှေလုံးပုပ်"ဟူသော စကားပုံက အတွေးထဲရောက်လာလေ့ရှိသည်။ ၎င်းစကားပုံကို မြန်မာစာအဖွဲ့ကထုတ်ဝေသော မြန်မာစကားပုံစာအုပ်တွင် "ပုပ်သောငါးခုံးမတစ်ကောင် လှေပေါ်တွင်ပါသောကြောင့် တစ်လှေလုံးပုပ်သည်ဟု အထင်ခံရသကဲ့သို့ မကောင်းသူတစ်ဦးကြောင့် အသိုင်းအဝိုင်းတစ်ခုလုံး နာမည်ပျက်ရသည်"ဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။

ငါးခုံးမပုပ်လွယ်ခြင်းနှင့်စပ်လျဉ်း၍ ပုံပြဆေးအဘိဓာန်တွင် "ငါးခုံးမများသည် ရေနှင့်ကင်းကွာသည်နှင့်တစ်ပြိုင်နက် သေလွယ်သည်။ သေပြီးမကြာမီ ညှိုညစ်လာသည်။ ခန္ဓာကိုယ်ပုပ်ပွလာသည်။ မကြာမီ အနံ့ထွက်လာသည်။ သေလွယ်ပုပ်လွယ်သော ငါးမျိုးဖြစ်သည်။ ငါးခုံးမတွင် ဝါယောဓာတ် ဦးဆောင်သည်။ တေဇောဓာတ် အားနည်းသည်။ တေဇောဓာတ်အပူရှိန်အခိုးနည်းပါးခြင်းကြောင့် သေဆုံးလွယ်သည်။ အာပေါဓာတ်အပုပ်အညှီအညစ်အကြေး "မလ"များသည်။ ဝါယောဓာတ်ဦးဆောင်သည်ဆိုသော်ငြား ပုပ်ပွသောအာပေါဓာတ်၏ အဓိကများပြားမှုကိုသာ အထောက်အကူပြုသောကြောင့် လျင်မြန်စွာပွလာသည်။ ပုပ်လာသည်။ အပုပ်နံ့ပို၍ လှိုင်လာသည်ဟူသော အပြစ်သုံးမျိုးကို အလျင်အမြန်ဖြစ်စေသည်။ ထို့ပြင် ငါးခုံးမ၏ဝမ်းဗိုက်သည် ငါးနှင့်မလိုက်အောင်ကြီးထွား၏။ ကျင်ကြီးအညစ်အကြေးများသည် အခြားငါးများထက် ပိုမိုစုအောင်းနေ၏။ ထို့ကြောင့် ငါးခုံးမက အခြားငါးများထက် ပို၍ပုပ်လွယ်သည်။ ထို့ကြောင့် ငါးခုံးမကို ဖမ်းမိသောအခါ အခြားငါးများကို အပုပ်နံ့ကူးစက်ခြင်းဖြစ်ပေါ်တတ်၍ ငါးခုံးမများကို သီးခြားဖယ်ထုတ်ထားအပ်၏"ဟု ဖော်ပြပါရှိသည်။

ငါးခုံးမကို မြန်မာနိုင်ငံတွင် ငါးခုံးမမြီးနီ၊ ငါးခုံးမမြီးဖြူနှင့် ငါးခုံးမမြီးကွက်ဟူ၍ အကြမ်းအားဖြင့် ခွဲခြားပြောဆိုလေ့ရှိသည်။ မျိုးစိတ်သုံးမျိုးဟု ယူရမည်ဖြစ်သော်လည်း ထိုထက်မကသော မျိုးစိတ်များစွာရှိပါသည်။ အပူပိုင်းရေချိုငါးဖြစ်သော်လည်း ရေချို၊ ရေငန် နှစ်မျိုးစလုံးတွင် ရှင်သန်နိုင်ကြောင်း သိရှိရသည်။ ကမ္ဘာပေါ်တွင် ငါးခုံးမမျိုးစိတ်များ၏ မူလစတင်ရာဇာတိဒေသမှာ အရှေ့တောင်အာရှဖြစ်ပါသည်။ ၎င်းမှတစ်ဆင့် ကမ္ဘာအရပ်ရပ်သို့ ပျံ့နှံ့သွားသည်။ မူရင်းဒေသဖြစ်သော မြန်မာအပါအဝင် ပါကစ္စတန်၊ အိန္ဒိယ၊ နီပေါ၊ ဘင်္ဂလားဒေ့ရှ်၊ သီရိလင်္ကာ၊ ဘူတန်နှင့် ထိုင်းနိုင်ငံတို့တွင် ငါးခုံးမများစွာ ရှင်သန်ကျက်စားလျက်ရှိကြသည်။

အပူပိုင်းရေချိုငါး ငါးခုံးမကို အများသိအင်္ဂလိပ်အမည်မှာ Swamp barb သို့မဟုတ် Green barb ဟုခေါ်တွင်သည်။ သိပ္ပံအမည်အားဖြင့် Puntius chola ဖြစ်၍ ၁၈၂၂ ခုနှစ်ကတည်းကပင် ပညာရှင် F.Hamiltonကမှည့်ခေါ်ခဲ့သည်။ မျိုးစု Puntius၏အောက်တွင် သဘာဝမျိုးစိတ်ပေါင်းများစွာရှိသကဲ့သို့ မျိုးစပ်ငါးခုံးမမျိုးစိတ်များလည်း ရှိသေးသည်။ ငါးမျိုးခွဲပညာရှင်များက ငါးခုံးမကို မျိုးစဉ် Cypriniformes တွင် ထည့်သွင်း၍ မျိုးရင်း Cyprinidae အောက်တွင် ထားရှိသည်။



ငါးခုံးမတစ်ကောင်၏ ပုံသဏ္ဌာန်မှာ ကျောပိုင်းအနည်းငယ်ခုံးနေ၍ အဆိုပါအမည် တွင်နေခြင်းဖြစ်သည်။ ခန္ဓာကိုယ်အလျား နှစ်လက်မမှ ခြောက်လက်မထိသာ ရှည်လျား၍ ငါးငယ်အမျိုးအစားဖြစ်သည်။ ကျောဘက်ရေယက်တောင်၊ ရင်ရေယက်တောင်နှင့် တင်ရေယက်တောင်များပါရှိပြီး အရင်းပိုင်းနှင့် အလယ်ပိုင်း အဖြူရောင်ဖြစ်၍ အဖျားပိုင်းကြက်သွေးရောင်ရှိသည်။ အမြီးခက်ရင်းခွပုံရှိ၍ အပြင်ဘက်ပိုင်း အရောင်မည်းနက်သည်။ ဦးခေါင်းပိုင်း အမည်းရောင်ဖျော့သည်။ အထက်မေးရိုးတွင် နှုတ်ခမ်းမွေးငယ်နှစ်ချောင်းပါရှိသည်။ ခန္ဓာကိုယ်ဘေးတစ်ဖက်တစ်ချက်တွင် ဘေးကြောင်းပြွန်မှထွက်ပေါ်လာသော အစက်တန်းများ ထင်ရှားသည်။ အကြေးခွံတန်းမှာ ၂၄ ခုတန်းစီနေလျက်ရှိသည်။ အမြီးဆူးတောင်၏ အနားသတ်များမှာ ခွေးသွားစိပ်ကဲ့သို့ဖြစ်ပြီး လှပသည်။ ဦးခေါင်းပိုင်းမှလွဲ၍ တစ်ကိုယ်လုံးငွေရောင်ပြောင်လက်သည်။ ငါးခုံးမမြီးနီနှင့် မြီးဖြူတို့မှာ အမြီးဖျားပိုင်း အနီရောင်နှင့် အဖြူရောင်များဖြစ်ပြီး ငါးခုံးမမြီးကွက်တွင် ခန္ဓာကိုယ်နောက်ပိုင်း အမြီးရင်း၌ အမည်းရောင်အကွက် ထင်ရှားစွာပါဝင်နေသည်။

ငါးခုံးမတို့နေထိုင်ရာရေလွှာမှာ ရေပြင်၏အလယ်လွှာတွင် အချိန်အများဆုံးနေလေ့ရှိပြီး ရေမျက်နှာပြင်ပေါ်သို့ တက်လေ့မရှိပေ။ ရေအောက်လွှာကြမ်းပြင်သို့ အစာစားရန်နှင့် ဥချရန်အတွက် ခေတ္တသာဆင်းလေ့ရှိသည်။ ရေတိမ်ပိုင်းများရှိ အလယ်လွှာကိုနှစ်သက်သည်။ အပူပိုင်းရာသီကိုနှစ်သက်သည်။ ရေ၏ချဉ်ဖန်နှုန်း PH ၆ ဒသမ ၀ မှ ၆ ဒသမ ၅ အတွင်းနေနိုင်သည်။ ရေအပူချိန် ၂၀ ဒီဂရီစင်တီဂရိတ်မှ ၂၅ ဒီဂရီစင်တီဂရိတ်အတွင်း နေနိုင်သည်။ အလွန်အေးသောဒေသတွင် ငါးခုံးမကိုမတွေ့ရှိရပေ။

ငါးခုံးမကို အစုံစားငါးအဖြစ် သတ်မှတ်နိုင်သည်။ ရေနေအပင် ရေညှိ၊ ရေမှော်ပင်များ၊ အင်းဆက်သားလောင်းများနှင့် အရွယ်ရောက်ရေနေ အင်းဆက်များ၊ ပုစွန်၊ ကဏန်းငယ်များကို စားသုံးသည်။

မျိုးပွားရာသီမှာ မေလမှ ဂုလိုင်လအတွင်းဖြစ်သည်။ မျိုးပွားရာသီရောက်လျှင် ငါးခုံးမအထီး၏ ရေယက်တောင်များတွင် အနီရောင်အစင်းများပေါ်လာသည်။ မေးရိုးအောက်ပိုင်း ကြမ်းတမ်းလာသည်။ အမများတွင် ပန်းရောင်သန်းသော ရေယက်တောင်အဖျားများ ထင်ရှားလာ၍ ဝမ်းဗိုက်ဖောင်းကားလာလေ့ရှိသည်။ အထီးများထက် အမများက မျိုးပွားမည့်လက္ခဏာများ ပေါ်ပေါက်ချိန်နောက်ကျသည်။ ဥများကို ရေနေအပင်များပေါ်ဥချ၍ မိဘစောင့်ရှောက်ခြင်းမရှိပါ။ ငါးခုံးမတို့၏ သက်တမ်းမှာ ၁၀ နှစ်ရှိ၍ သက်ရှည်ငါးမျိုးဖြစ်သည်။ ကမ္ဘာလုံးဆိုင်ရာ မျိုးသုဉ်းမှုအန္တရာယ်ရှိသော စာရင်းသတ်မှတ်ချက်တွင် ငါးခုံးမကို မျိုးသုဉ်းရန် အန္တရာယ်နည်းပါးသောအဆင့် Least Concern (LC) အဖြစ် သတ်မှတ်ထားပါသည်။

ငါးခုံးမ၏ အရွယ်အစားသေးငယ်ခြင်း၊ အရိုးမာ၍ အသားနည်းခြင်း၊ ပုပ်လွယ်ခြင်းတို့ကြောင့် မြန်မာလူထုအကြိုက် ငါးမျိုးမဟုတ်ပေ။ သို့သော် ငါးပိရည်ကျိုပြုလုပ်ရာတွင် ရနံ့မွှေးသောကြောင့် အခြားငါးရံ့၊ ငါးမြေမတို့နှင့် ရော၍ပြုလုပ်လေ့ရှိသည်။ ငါးခုံးမသည် ဆေးဖက်ဝင်ခြင်းများရှိပါသည်။ ဥတုဘောဇနသင်္ဂဟကျမ်းတွင် "ငါးခုံးမသည်ခါး၏၊ ဆိမ့်၏၊ စပ်၏။ သုက်ကိုပွားစေတတ်၏။ ဆူ၏။ ကြေလွယ်၏။ လေ၊ သလိပ်ကိုနိုင်သည်။ ခံတွင်းနာ လည်ချောင်းနာတို့ကိုနိုင်၏။ နှုတ်ကိုမြိန်စေတတ်၏"ဟု ပါရှိသည်။ ပုံပြဆေးအဘိဓာန်တွင် "ငါးစင်ရိုင်းက၊ ငါးခုံးမသွင်း၊ ငါးမြင်းသညာ၊ ငါးသုံးဖြာကား၊ ပန်းနာပျောက်ပေ၊ အဆိပ်ပြေမှု၊ ဝမ်းကျတတ်စွာ၊ တကြောင်းမှာမူ၊ နိဒ္ဒါယတိ၊ အိပ်ပျော်ဘိ၏"ဟူ၍ ရသာဓာတုကျမ်းအလိုကို ဖော်ပြသည်။ ငါးစင်ရိုင်း၊ ငါးခုံးမနှင့် ငါးမြင်းတို့က ပန်းနာရင်ကျပ်ရောဂါအတွက် အသုံးပြုနိုင်ကြောင်း ဆိုလိုသည်။ ငါးခုံးမ၏သည်းခြေနှင့် အစာဟောင်းများက ပန်းနာရင်ကျပ်ရောဂါကို ပျောက်ကင်းစေသဖြင့် ငါးခုံးမကို ရင်မခွဲဘဲ တစ်ကောင်လုံးမီးကင်၍ ကျက်လျှင် စားသုံးပေးရမည်ဟု ဆေးညွှန်းပါရှိသည်။ သူငယ်နာ၊ ကြက်ညှာရောဂါအတွက်လည်း ငါးခုံးမကို ကင်ပွန်းရွက်နှင့်ချက်၍ အရည်တိုက်ပေးလျှင် သက်သာပျောက်ကင်းစေသည်ဟု ဆိုပါသည်။ ငါးခုံးမကို စောင်းလျားသီးနှင့်ရောချက်စားသုံးပါက ကျောက်ကပ်ကျောက်တည်ရောဂါနှင့်သင့်ကြောင်းလည်း မှတ်သားမိပါသည်။

သာမန်အားဖြင့်ဆိုရလျှင် ငါးခုံးမက စားသုံးငါးအဖြစ် ဈေးကွက်ဝင်ငါး (သဘာဝငါး) မဟုတ်ပါ။ သို့သော် ငါးလုပ်ငန်းအတတ်ပညာများ တိုးတက်လာသည်နှင့်အမျှ မျိုးစပ်ငါးခုံးမများ ထွက်ပေါ်လာရာမှ ဈေးကွက်ဝင်ငါးများဖြစ်လာသည်။ ထိုင်းငါးခုံးမခေါ် မျိုးစပ်ငါးခုံးမတစ်မျိုးမှာ အရွယ်အစားကြီးခြင်း၊ အသားနူးညံ့ခြင်း၊ အချိန်တိုအတွင်း အရွယ်ရောက်ခြင်းတို့ကြောင့် ဈေးကွက်ဝင်ငါးဖြစ်လာသည်။ ငါးခုံးမ၏အရွယ်အစားနှင့် ရေပြင်တွင်နေထိုင်ရာသဘာဝနှင့် ရေယက်တောင်များလှပမှုတို့ကြောင့် သဘာဝရေနေငါးမှ အိမ်တွင်းအလှမွေးငါးကန်များ၊ ပုလင်းများ၊ ဖန်သပိတ်များတွင် မွေးမြူလာကြသည်။ တချို့က ငါးခုံးမကို ငြိမ်းချမ်းရေးငါးဟု တင်စားကြသည်။ လာဘ်ရွှင်လာဘ်ဝင်သည်ဟု ယုံကြည်သူများလည်းရှိသည်။

ငါးခုံးမမျိုးများကို အရောင်အသွေးအမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုးအဖြစ် မျိုးစပ်ဆောင်ရွက်ရာမှ အလှမွေးငါးမျိုးစိတ်များစွာ ထွက်ပေါ်လာလျက်လည်း ရှိနေပါသည်။ အချို့သောငါးခုံးမနွယ်ဝင် အလှမွေးငါးမျိုးများမှာ အလွန်တရာ တန်ဖိုးကြီးမြင့်ကြောင်းကိုလည်း ကြားသိရပါသည်။ ယခုအခါ ရန်ကုန်၊ မန္တလေးတို့ကဲ့သို့သော မြို့ကြီးများတွင် အလှမွေးငါးများကို စီးပွားဖြစ်မွေးမြူမှုများလည်း တိုးပွားလာလျက်ရှိသည်။

အချုပ်အားဖြင့်ဆိုရလျှင် ငါးခုံးမအပါအဝင် မြန်မာ့ငါးသယံဇာတများကို ထိန်းသိမ်းခြင်းနှင့်အတူ ငါးမွေးမြူရေးလုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်းကိုလည်း တင်ပြလိုပါသတည်း။

**ကိုးကား**

**၁။ Fish Base**

**၂။ ပုံပြဆေးအဘိဓာန်**

# ညောင်လေးပင်မြို့နယ် ချုံအင်းကန်းကျေးရွာ၌ ကျေးရွာတွင်းလမ်း ဂဝံမြေနီခင်းခြင်းလုပ်ငန်းဆောင်ရွက်မှု ကွင်းဆင်းစစ်ဆေး

**ညောင်လေးပင် ဖေဖော်ဝါရီ ၁၀**


ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ချုံအင်းကုန်းကျေးရွာ၌ ကျေးရွာတွင်းလမ်း ဂဝံမြေနီခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ဖေဖော်ဝါရီ ၉ ရက် နံနက် ၁၁ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန့်ဇင်အောင်၊ စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ ချုံအင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေ၊ ကျေးရွာပြည်သူများ၏ လုပ်အားထည့်ဝင်မှုတို့ဖြင့် ကျေးရွာတွင်းလမ်း ဂဝံမြေနီခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန့်ဇင်အောင်က လုပ်ငန်းများ အချိန်မီပြီးစီးရေး ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ ချုံအင်းကျေးရွာ ကျေးရွာတွင်းလမ်း အရှည် ပေ ၃၀၈၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ဂဝံမြေနီခင်းခြင်းလုပ်ငန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေကျပ် သိန်း ၁၂၀ အသုံးပြုပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက အနီးကပ်ကြီးကြပ်ကာ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဇန်နဝါရီလ စတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၅၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**သန်းလွင်(မကွေး)**

# တနင်္ဂနွေနေ့ည ပွဲစဉ်တွေထဲက ခြေစွမ်းပြကစားသမားတွေပိုင်ဆိုင်ထားတဲ့ မန်ယူ၊ ဂျူဗင်တပ်၊ အေတီကိုအသင်းတို့ကို ရွေးချယ်ရမှာပါ




တနင်္ဂနွေနေ့ညမှာတော့ အသင်းကြီးထိပ်တိုက်တွေ့ဆုံမှုတွေရှိနေပေမဲ့ ကစားသမားစုဖွဲ့မှုသာလွန်ပြီး ရမှတ်ရှာဖွေရမဲ့ အသင်းတွေကိုပဲ သတိထားချဉ်းကပ်ရမှာပါ။ ပြီးခဲ့တဲ့ကြားရက်မှာတော့ အချို့အသင်းတွေက ဇန်နဝါရီအပြောင်းအရွှေ့မှာခေါ်ယူခဲ့တဲ့ ကစားသမားသစ်တွေကို အထိုင်ကျဖို့ကြိုးစားနေရတာကြောင့် ကစားကွက်ပိုင်းအားနည်းချက်တွေရှိနေပြီး အဲဒီထဲက ခြေစွမ်းပြကစားသမားတွေရှိနေတဲ့ အသင်းကြီးတွေနဲ့ ထိပ်တိုက်တွေ့ဆုံမှုတွေမှာ အစဉ်အလာကောင်းတွေပိုင်ဆိုင်ထားတဲ့ အသင်းတွေကိုပဲ ရွေးချယ်ရမှာဖြစ်ပါတယ်။

### မန်ယူကို အားပေးရမှာပါ

တနင်္ဂနွေနေ့ညမှာကစားမဲ့ ပရီးမီးယားလိဂ်ပွဲစဉ်တွေထဲက အကြိုက်တွေ့မိတဲ့ပွဲစဉ်ကတော့ လိဒ်နဲ့မန်ယူအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့နှစ်သင်းဟာ ပြီးခဲ့တဲ့ကြားရက်က ပရီးမီးယားလိဂ်ပွဲကျန်ကစားခဲ့ရာမှာ တစ်ဖက်နှစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့တာကိုတွေ့ရမှာပါ။ အဲဒီပွဲစဉ်မှာတော့ မန်ယူအသင်းရဲ့ ပွဲအပေါ်အာရုံစိုက်မှုအားနည်းတာကို အခွင့်ကောင်းယူနိုင်ခဲ့လို့ ပွဲအစ တစ်မိနစ်ကတည်းက လိဒ်အသင်းက ဦးဆောင်ဂိုးရရှိခဲ့တာဖြစ်ပါတယ်။ ဒါ့ပြင် ဒုတိယပိုင်းပွဲအစမှာလဲ ပွဲစချင်း လိဒ်အသင်းရဲ့ တိုက်စစ်မြှင့်တင်မှုကြောင့် ဗာရာနီက ကိုယ့်ဂိုးကိုယ်သွင်းယူခဲ့တာကြောင့် လိဒ်အသင်းက နှစ်ဂိုးပြတ်ဦးဆောင်နိုင်ခဲ့ပေမဲ့ မန်ယူအသင်းရဲ့ တိုက်စစ်ဆင်မှုတွေကို မထိန်းချုပ်နိုင်ခဲ့လို့ နှစ်ဂိုးပြန်ပေးလိုက်ရပြီး သရေရလဒ်ထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။ လက်ရှိ သူတို့အသင်းဟာ ပရီးမီးယားလိဂ်ခုနစ်ပွဲဆက် နိုင်ပွဲပျောက်ဆုံးခဲ့လို့ နည်းပြဂျက်ဆီမက်ကို ထုတ်ပယ်ပြီး သူ့နေရာမှာ လက်ထောက်နည်းပြ ခရစ်အာမက်ကိုပဲ ခန့်အပ်ထားရတာပါ။ အခုပြိုင်ပွဲမှာတော့ လိဒ်အသင်းဟာ ၂၁ ပွဲ ကစားအပြီး ရမှတ် ၁၉ မှတ်ပဲရရှိခဲ့လို့ တန်းဆင်းဇုန်နဲ့ ရမှတ်တစ်မှတ်ပဲ ကွာဟတော့သလို မန်ယူကိုညွှန့်ခံကစားခဲ့တဲ့ နောက်ဆုံးသုံးပွဲမှာလဲ နိုင်ပွဲမရခဲ့တာကြောင့် အခုပွဲစဉ်မှာလဲ ရှုံးကန်ရမှာဖြစ်ပါတယ်။

မန်ယူအသင်းဟာ ပြီးခဲ့တဲ့ လိဒ်အသင်းနဲ့ပွဲစဉ်ကို သရေရလဒ်ကစားနိုင်ခဲ့တာကလွဲရင် ပြိုင်ပွဲစုံငါးပွဲဆက် ရှုံးပွဲမရှိသေးတာကိုတွေ့ရမှာပါ။ သူတို့အသင်းအနေနဲ့ ဇန်နဝါရီအပြောင်းအရွှေ့မှာ တိုက်စစ်မှူးဝက်ဟိုစ်၊ ဆာဘစ်ဇာတို့ကို ထပ်မံအားဖြည့်ခဲ့ပေမဲ့ ကွင်းလယ်ပိုင်းက အဲရစ်ဆင်နဲ့ ကက်စ်မဲရီးတို့မပါဝင်နိုင်တာကြောင့် ခြေစွမ်းပိုင်းကျဆင်းသွားတာကို သတိပြုရမှာပါ။ အဲရစ်ဆင်ကတော့ ခြေချင်းဝတ်ဒဏ်ရာကြောင့် ဧပြီလလောက်ထိအနားယူရမှာဖြစ်ပေမဲ့ ကက်စ်မဲရီးကတော့ ပဲလေ့စ်ကိုအနိုင်ရတဲ့ပွဲစဉ်မှာ တိုက်ရိုက်အနီကတ်ပြစ်ဒဏ်ကြောင့် ပွဲပယ်ခံနေရတာဖြစ်ပါတယ်။ ဒါ့ပြင် တိုက်စစ်ပိုင်းက မာရှယ်၊ အန်တိုနီတို့ဒဏ်ရာရနေသလို ဘန်ဒီဘိခ်၊ တွန်မနေး၊ ဝမ်ဘစ်ဆာကာတို့လဲ လိဒ်အသင်းနဲ့ပွဲစဉ်ကို လွဲချော်ဖို့များပါတယ်။ လက်ရှိသူတို့အသင်းဟာ ပရီးမီးယားလိဂ် ၂၂ ပွဲအပြီးမှာ ရမှတ် ၄၃ မှတ်နဲ့ အဆင့်(၃)ရောက်ရှိနေပြီး အဆင့်(၁)က အာဆင်နယ်နဲ့ရမှတ်ခုနစ်မှတ်ပဲကွာဟလို့ ချန်ပီယံစီနီခေါ်ခွင့်ရှိနေတာကို တွေ့ရမှာပါ။ အခုပွဲစဉ်မှာတော့ နှစ်သင်းစလုံးဒဏ်ရာရ ကစားသမားများနေပေမဲ့ ကစားသမားစုဖွဲ့မှုနဲ့ တိုက်စစ်ကစားပုံမှာတော့ မန်ယူကသာလွန်နေပြီး ထိပ်တိုက်တွေ့ဆုံမှုခုနစ်ကြိမ်မှာလဲ မန်ယူက ရှုံးနိမ့်ခဲ့ခြင်းမရှိပါဘူး။ ဒါကြောင့် ပြီးခဲ့တဲ့ပွဲစဉ်က ရှုံးကြွေးကိုပြန်ဆပ်ဖို့ကြိုးစားလာမဲ့ ညွှန့်သည် မန်ယူအသင်းကိုပဲ အားပေးရမှာပါ။

**လိဒ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| လိဒ် | ၅ | - | ၂ | ကာဒစ် |
| လိဒ် | ၀ | - | ၀ | ဘရန့်ဖို့ဒ် |
| ဘရန့်ဖို့ဒ် | ၁ | - | ၃ | လိဒ် |
| နော်တင်ဟမ် | ၁ | - | ၀ | လိဒ် |
| မန်ယူ | ၂ | - | ၂ | လိဒ် |

**မန်ယူအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| နော်တင်ဟမ် | ၀ | - | ၃ | မန်ယူ |
| မန်ယူ | ၃ | - | ၁ | ရီဒင်း |
| မန်ယူ | ၂ | - | ၀ | နော်တင်ဟမ် |
| မန်ယူ | ၂ | - | ၁ | ပဲလေ့စ် |
| မန်ယူ | ၂ | - | ၂ | လိဒ် |

### ဂျူဗင်တပ်ကို ရွေးချယ်ရမှာပါ

တနင်္ဂနွေနေ့ညမှာကစားမဲ့ စီးရီးအေပွဲစဉ်တွေထဲကအကြိုက်တွေ့မိတာကတော့ ဂျူဗင်တပ်နဲ့ ဖီအိုရင်တီးနားအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ဂျူဗင်တပ်အသင်းဟာ ကစားသမားလစာပေးချေမှုမှာ စာရင်းလိမ်လည်ခဲ့တာကြောင့် ၁၅ မှတ်လျှော့ ပြစ်ဒဏ်ကျခံရပြီး လက်ရှိအမှတ်ပေးပွဲ ၂၁ ပွဲအပြီးမှာ ရမှတ် ၂၆ မှတ်နဲ့ အဆင့်(၁၀)မှာ ရောက်ရှိခဲ့တာကို တွေ့ရမှာပါ။ ဒါကြောင့် သူတို့အသင်းဟာ ချန်ပီယံလိဂ်ဝင်ခွင့်ရဖို့အတွက် အဆင့်(၄)က လာဇီယိုနဲ့ ရမှတ် ၁၃ မှတ်ထိကွာဟခဲ့လို့ လာမဲ့ပွဲစဉ်တိုင်းကို အာရုံစိုက်ကစားနေတာဖြစ်ပါတယ်။ ဒါ့ပြင် ပြီးခဲ့တဲ့နှစ်ပွဲဆက်မှာ လာဇီယိုနဲ့ ဆလာနီတာနာတို့ကို အနိုင်ရခဲ့တာကိုသတိပြုရမှာပါ။ လက်ရှိမှာ ဒဏ်ရာကြောင့် ကာလရှည်အနားယူနေရတဲ့ တိုက်စစ်မှူးဗလာဟိုဗစ်လဲ ပြန်လည်ပါဝင်လာတာကြောင့် ဂျူဗင်တပ်ရဲ့တိုက်စစ်ကစားပုံ သိသိသာသာတိုးတက်လာတာဖြစ်ပါတယ်။ တိုက်စစ်မှူး ဗလာဟိုဗစ်ကတော့ သွင်းဂိုး ရှစ်ဂိုးနဲ့ ဂိုးသွင်းအများဆုံးအဖြစ် ရပ်တည်နေတာကိုတွေ့ရမှာပါ။ အခုပွဲစဉ်မှာတော့ ကစားသမားခြောက်ယောက်ထိ ဒဏ်ရာရနေပေမဲ့ အဓိက ကစားသမားတွေအားလုံး ပါဝင်နိုင်မှာဖြစ်လို့ ဖီအိုရင်တီးနားအသင်းကို ပွဲချိန်ပြည့်ဖိအားပေးနိုင်ဖို့များပါတယ်။

ဖီအိုရင်တီးနားအသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ ပြိုင်ပွဲစုံငါးပွဲမှာ တစ်ပွဲပဲအနိုင်ရခဲ့ပြီး သုံးပွဲရှုံး၊ တစ်ပွဲသရေရလဒ်ထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။ အဲဒီပွဲစဉ်တွေမှာ သူတို့အသင်းအနိုင်ရခဲ့တာကလဲ ခြေစွမ်းပိုင်းကျဆင်းနေတဲ့ ဆလာနီတာနာအသင်းကိုဖြစ်ပြီး အိမ်ကွင်းမှာ နှစ်ဂိုးတစ်ဂိုးနဲ့ အနိုင်ရခဲ့တာကိုတွေ့ရမှာပါ။ ဒါပေမဲ့ သူတို့အသင်းဟာ နောက်ဆုံးအဝေးကွင်းသုံးပွဲမှာ အေစီမီလန်၊ ရိုးမား၊ လာဇီယိုတို့နဲ့ကစားခဲ့ရာ နိုင်ပွဲမရခဲ့ဘဲ ပွဲတိုင်းဂိုးပေးခဲ့ရတာဖြစ်ပါတယ်။ လက်ရှိ အမှတ်ပေးပြိုင်ပွဲအဝေးကွင်း ၁၀ ပွဲမှာလဲ နှစ်ပွဲပဲနိုင်ခဲ့ပြီး သုံးပွဲသရေ၊ ငါးပွဲရှုံးရလဒ်ထွက်ပေါ်ခဲ့သလို ခံစစ်ပိုင်းက ပေးဂိုး ၁၁ ဂိုးထိရှိခဲ့တာကို သတိပြုရမှာပါ။ တိုက်စစ်မှူးတွေဖြစ်တဲ့ ဂျိုဗစ်နဲ့ ဂွန်ဇာလက်စ်တို့ ပုံစံကောင်းပျောက်ဆုံးနေတာကြောင့် နောက်ပိုင်းပွဲစဉ်တွေမှာ ရလဒ်ကောင်းဖို့ခက်ခဲနေတာကို တွေ့ရမှာပါ။ လက်ရှိ သူတို့နှစ်သင်းထိပ်တိုက်တွေ့ဆုံမှုမှာလဲ ဂျူဗင်တပ်က အသာရထားသလို နောက်ဆုံးအိမ်ကွင်းနှစ်ပွဲမှာလဲ ဂျူဗင်တပ်က ဖီအိုရင်တီးနားကို ပေးဂိုးမရှိဘဲအနိုင်ကစားနိုင်ခဲ့တာကြောင့် ဂျူဗင်တပ်ကိုပဲ ရွေးချယ်သွားရမှာပါ။

**ဂျူဗင်တပ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဂျူဗင်တပ် | ၂ | - | ၁ | မွန်ဇာ |
| ဂျူဗင်တပ် | ၃ | - | ၃ | အတ္တလန်တာ |
| ဂျူဗင်တပ် | ၀ | - | ၂ | မွန်ဇာ |
| ဂျူဗင်တပ် | ၁ | - | ၀ | လာဇီယို |
| ဆလာနီတာနာ | ၀ | - | ၃ | ဂျူဗင်တပ် |

**ဖီအိုရင်တီးနားအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ရိုးမား | ၂ | - | ၀ | ဖီအိုရင်တီးနား |
| ဖီအိုရင်တီးနား | ၀ | - | ၁ | တိုရီနို |
| လာဇီယို | ၁ | - | ၁ | ဖီအိုရင်တီးနား |
| ဖီအိုရင်တီးနား | ၂ | - | ၁ | တိုရီနို |
| ဖီအိုရင်တီးနား | ၁ | - | ၂ | ဘိုလော့နာ |

### အေတီကိုနဲ့ လက်တွဲရမှာပါ

တနင်္ဂနွေနေ့ညမှာကစားမဲ့ လာလီဂါပွဲစဉ်တွေထဲက အကြိုက်တွေ့မိတာကတော့ ဆယ်တာဗီဂိုနဲ့ အေတီကိုအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ နောက်ပိုင်းပွဲစဉ်တွေမှာ အသင်းလိုက်ကစားပုံကောင်းလာတဲ့ ဆဲလ်တာဗီဂိုဟာ ပြီးခဲ့တဲ့ပြိုင်ပွဲစုံငါးပွဲမှာ သုံးပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးနိမ့်ခဲ့တာကို တွေ့ရမှာပါ။ အဲဒီပွဲစဉ်တွေမှာ ခံစစ်ကစားပုံကောင်းတဲ့ ဘီလ်ဘာအို၊ ဘက်တစ်တို့ကို ဂိုးရရှိအောင်ကစားခဲ့တဲ့နည်းဗျူဟာကိုတော့ ချီးကျူးရမှာပါ။ ဒါကြောင့် သူတို့အသင်းဟာ အမှတ်ပေးပွဲ ၂၀ အပြီးမှာ ခြောက်ပွဲနိုင်၊ ငါးပွဲသရေ၊ ကိုးပွဲရှုံးနဲ့ အဆင့်(၁၂) မှာ ရပ်တည်နေတာဖြစ်ပါတယ်။ သူတို့အသင်းဟာ အခုရာသီအိမ်ကွင်း ၁၀ ပွဲမှာတော့ သုံးပွဲနိုင်၊ လေးပွဲသရေ၊ သုံးပွဲရှုံးရလဒ်နဲ့ ခံစစ်က ပေးဂိုး ၁၃ ဂိုးထိရှိခဲ့တာဖြစ်ပြီး အိမ်ကွင်းကစားပုံအားနည်းနေတာကိုလဲ သတိပြုရမှာပါ။ လက်ရှိမှာတော့ တိုက်စစ်မှူး အက်ပက်စ်က သွင်းဂိုးကိုးဂိုးထိသွင်းယူနိုင်ခဲ့ပြီး အသင်းရဲ့ဂိုးသွင်းအများဆုံးကစားသမားအဖြစ်ရပ်တည်နေပေမဲ့ ခြေစွမ်းပိုင်းမာကျောတဲ့အသင်းကြီးတွေကိုတော့ ဂိုးရဖို့ရုန်းကန်နေရတာကိုတွေ့ရမှာပါ။ သူတို့နှစ်သင်း ပထမအကျော့တွေ့ဆုံမှုမှာလဲ အေတီကိုက ဆဲလ်တာဗီဂိုကို လေးဂိုးတစ်ဂိုးနဲ့ အနိုင်ရခဲ့တာဖြစ်ပါတယ်။

အေတီကိုအသင်းဟာ ပြီးခဲ့တဲ့အိမ်ကွင်းပွဲစဉ်မှာ ဂီတာဖေးအသင်းကို ဂိုးမရှိသရေရလဒ်ပဲကစားနိုင်ခဲ့တာကြောင့် ချန်ပီယံလိဂ်ဝင်ခွင့်အတွက် ဗယ်လ်ကာနို၊ ဗီလာရီးရဲလ်၊ ဘက်တစ်အသင်းတို့နဲ့ ရမှတ်ကွာဟမှုကျဉ်းမြောင်းခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် အခုပွဲစဉ်ဟာ သူတို့အသင်းအတွက် ရှုံးလို့မရတဲ့အခြေအနေမှာရှိနေပြီး ရှုံးနိမ့်ခဲ့ရင်တော့ အဆင့်(၅)ထိကျဆင်းသွားမှာဖြစ်လို့ တိုက်စစ်ဖွင့်ကစားလာဖို့များပါတယ်။ သူတို့အသင်းဟာ အခုရာသီမှာ တိုက်စစ်ပိုင်းက ဂိုးရဖို့ရုန်းကန်ခဲ့ရပေမဲ့အသင်းကြီးတွေနဲ့ ကစားခဲ့တဲ့အဝေးကွင်းပွဲစဉ်မှာတော့ အပြန်အလှန်ဂိုးသွင်းယူနိုင်ပြီး ရလဒ်ကောင်းရှာဖွေနိုင်ခဲ့တာကို သတိပြုရမှာပါ။ ပြီးခဲ့တဲ့ဂီတာဖေးနဲ့ပွဲမှာတော့ ပြိုင်ပွဲကို ထိန်းချုပ်ဖို့ကြိုးစားရင်း ခံစစ်အသားပေးကစားခဲ့တာကြောင့် ပင်နယ်တီခွင့်ပြုလိုက်ရပြီး တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် နည်းပြဆီမွန်နီဟာ အဲဒီပွဲစဉ်ကအမှားကို သင်ခန်းစာယူပြီး ခံစစ်အလွန်အကျွံမကစားဘဲ ပုံမှန်ကစားကွက်အတိုင်းပဲကစားမယ်ဆိုရင် ဆဲလ်တာဗီဂိုလို အိမ်ကွင်းခံစစ်ပိုင်းအားနည်းတဲ့အသင်းကို နိုင်ပွဲရဖို့မခက်ပါဘူး။ ဒါ့ပြင် တိုက်စစ်မှူး မိုရာတာနဲ့ ဂရစ်ဇ်မန်းတို့အတွဲကို ဆဲလ်တာဗီဂိုခံစစ်ပိုင်း ပွဲချိန်ပြည့်ထိန်းချုပ်ဖို့မဖြစ်နိုင်တာကြောင့် အေတီကိုနဲ့ပဲ လက်တွဲသွားရမှာပါ။

**ဆဲလ်တာဗီဂိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အယ်ချီ | ၀ | - | ၁ | ဆဲလ်တာဗီဂို |
| ဆဲလ်တာဗီဂို | ၁ | - | ၁ | ဗီလာရီးရဲလ် |
| မာယော့ကာ | ၁ | - | ၀ | ဆဲလ်တာဗီဂို |
| ဆဲလ်တာဗီဂို | ၁ | - | ၀ | ဘီလ်ဘာအို |
| ဘက်တစ် | ၃ | - | ၄ | ဆဲလ်တာဗီဂို |

**အေတီကိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| လီဗန်တေး | ၀ | - | ၂ | အေတီကို |
| အေတီကို | ၃ | - | ၀ | ဗယ်လာဒိုးလစ် |
| ဗီလာရီးရဲလ် | ၃ | - | ၁ | အေတီကို |
| အိုဆာဆူနာ | ၀ | - | ၁ | အေတီကို |
| အေတီကို | ၁ | - | ၁ | ဂီတာဖေး |

# မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ ၇၈-လမ်း၊ ၃၃ လမ်းထောင့်ရှိ Yadanarpon Diamond Plaza အဆောက်အဦရှိ ဆိုင်ခန်းပိုင်ရှင်များသိစေရန် ကြေညာချက်

မန္တလေးမြို့ Yadanarpon Diamond Plaza စီမံခန့်ခွဲမှုကော်မတီ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ ၇၈-လမ်း၊ ၃၃လမ်းထောင့်တွင်ရှိသော Yadanarpon Diamond Plaza အဆောက်အဦသည် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနှင့် အကျိုးတူပူးပေါင်းဆောက်လုပ်ခဲ့သော အဆောက်အဦဖြစ်ပါသည်။

အဆိုပါ Plaza အဆောက်အဦတွင် Yadanarpon Diamond Plaza စီမံခန့်ခွဲမှုကော်မတီမှ ရောင်းချခွင့်ရှိသော ဆိုင်ခန်းများအား ပုဂ္ဂလိက တစ်ဦးချင်းသို့ လွှဲပြောင်းရောင်းချခြင်း အရောင်းအဝယ်ကတိစာချုပ်များ ချုပ်ဆို၍ လက်ရောက်ပေးအပ်ခဲ့ပြီးလည်းဖြစ်ပါသည်။

သို့ရာတွင် ဝယ်ယူထားသောဆိုင်ခန်းပိုင်ရှင်များသည် သဘောတူကတိစာချုပ်အပိုဒ် ၃(က) အရ **"မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအပါအဝင် သက်ဆိုင်ရာဌာန အသီးသီး၏ အရပ်ရပ်သောအခွန်အခများကို မပျက်မကွက်ပေးဆောင်ပါမည်ဟု"** ဝန်ခံကတိပြုထားသော်လည်း ပေးသွင်းရန်ပျက်ကွက်နေသဖြင့် Yadanarpon Diamond Plaza စီမံခန့်ခွဲမှုကော်မတီမှ ၎င်းတို့ကိုယ်စား သက်ဆိုင်ရာဌာနများသို့ ငွေစိုက်ထုတ်ပေးဆောင်နေရပါသည်။

Yadanarpon Diamond Plaza စီမံခန့်ခွဲမှုကော်မတီမှ စိုက်ထုတ်ပေးဆောင်ရသော ကျသင့်သည့် အခွန်အရပ်ရပ်အားလုံးကို သက်ဆိုင်ရာ ဆိုင်ခန်းပိုင်ရှင်အသီးသီးသို့ ဆက်သွယ်တောင်းခံသော်လည်း ယနေ့ထိ ပြန်လည်ပေးသွင်းခြင်းမရှိသည့်အပြင်၊ ဆိုင်ခန်းများလည်း ဖွင့်လှစ်ခြင်းမရှိပါသဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေး၏ပုံရိပ်ကို ထိခိုက်ပြီး၊ စီမံခန့်ခွဲမှုကော်မတီ၏ အကျိုးခံစားခွင့်အရပ်ရပ်လည်း ဆုံးရှုံးနစ်နာလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ဆိုင်ခန်းပိုင်ရှင်များ ချုပ်ဆိုခဲ့သော ပဋိညာဉ်စာချုပ် အပိုဒ် ၃(ဂ)အရ ဆိုင်ခန်းများကို Yadanarpon Diamond Plaza စီမံခန့်ခွဲရေးကော်မတီသို့ ဤကြော်ငြာပါသည့်နေ့မှ တစ်ပတ်အတွင်း အပ်နှံရမည်ဖြစ်ပြီး၊ စီမံခန့်ခွဲရေးကော်မတီဆုံးဖြတ်ချက်အပြင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၏ လမ်းညွှန်ချက်ကိုခံယူပြီး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-


**ဒေါ်မိုးမိုးခိုင် (စဥ်-၄၈၂၆/၈၉)**

**LL.B,DBL,DML,MA (Business Law)**

**တရားလွှတ်တော်ရှေ့နေ**

**အမှတ်-၁၇၁၊ ပုသိမ်မြေ(၉)လမ်း၊ ပုသိမ်မြေရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့။**

**၀၉-၄၃၀၆၅၀၀၀၉၊ ၀၉-၉၆၇၇၉၉၆၇၇၊ ၀၉-၄၂၉၄၂၂၄၆၃**






## ဝန်ထမ်းအလိုရှိသည်

| | | |
|---|---|---|
| အိမ်အကူ | ကျား/မ | – 2 ဦး |
| ခြံစောင့်+သန့်ရှင်းရေး | ကျား | – 1 ဦး |
| အိမ်အကူ+ခြံစောင့် | လင်မယား | – 1 တွဲ |

နေစားငြိမ်းလုပ်နိုင်ရမည်။
မန္တလေး၊ အောင်ပင်လယ်၊ 56 လမ်းတွင် လုပ်ရမည်။
09-797780219, 09-970970832


## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။
- မကြာခဏ ထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

**ကိုဗစ်–၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူပြုစေရန်**



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ် အတွက် အထူးကောင်းမွန်သည်။

"အဂတိပယ်ရှား ပြည်သာယာ"
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မှုက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇–၈၁၀၃၃၄၇၊
၀၆၇–၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

ခြင်ဆေးခွေ
သုံးလျှင်
သတိယှဉ်
အောက်တွင်
ခံခွက်
မမေ့နှင့်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး"မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း(MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

❖ မိမိတို့နိုင်ငံ၏ စီးပွားရေးသည် လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးကို အဓိကထားဆောင်ရွက်ခြင်းဖြစ်…

❖ ဖွံ့ဖြိုးပြီးနိုင်ငံဖြစ်စေ၊ ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်စေ SME လုပ်ငန်းများကို အဓိကထားဆောင်ရွက်ကြ…

❖ ထို့ကြောင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME)လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေခြင်းဖြစ်ပြီး နိုင်ငံ့စီးပွားရေး ပြန်လည်ဦးမော့လာစေရန် ရည်ရွယ်ဆောင်ရွက်နေခြင်းဖြစ်…

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၃ ရက်တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)နှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အသေးစား၊အငယ်စားနှင့်အလတ်စားစီးပွားရေး(MSME)လုပ်ငန်းရှင်များအား တွေ့ဆုံ၍ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း

## (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားအောင်မြင်စွာကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများ ကြည့်ရှုစစ်ဆေး





**(၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ နေပြည်တော် မြို့တော်ခန်းမဥပစာရင်ပြင်၌ ကျင်းပမည့် ၂၀၂၃ ခုနှစ် (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ နံနက်ပိုင်းအခမ်းအနားအစီအစဉ်များကို ကြည့်ရှုစစ်ဆေးစဉ်။**

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ယနေ့တွင် ၂၀၂၃ ခုနှစ် (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော် မြို့တော်ခန်းမဥပစာရင်ပြင်၌ ကျင်းပမည့် **စာမျက်နှာ ၁၉ ကော်လံ ၁ ☆**

## ၂၀၂၃ ခုနှစ် (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြုအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

၂၀၂၃ ခုနှစ် (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြုအခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက်တွင် နေပြည်တော် မြို့တော်ခန်းမရှေ့ရင်ပြင်၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါအခမ်းအနားကျင်းပပုံများကို ယင်းနေ့နံနက် ၆ နာရီ မိနစ် ၄၀ မှစတင်ပြီး မြန်မာ့အသံနှင့်ရုပ်မြင်သံကြား MRTV-HD၊ MRTV News၊ MRTV-NRC တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း၊ MITV၊ MWD-HD၊ MWD Variety-HD၊ Reader's Channel၊ 5 Plus၊ Channel-9၊ MNTV၊ Sky Net တိုင်းရင်းသား Channel၊ MOI Website၊ MOI Youtube၊ MRTV Website နှင့် မြန်မာ့အသံရေဒီယို၊ သဇင် FM၊ မန္တလေး FM၊ ပဒ္မတီ FM၊ ရွှေ FM၊ ပတ္တမြား FM၊ FM ပုင့်၊ ချယ်ရီ FM နှင့် Star FM တို့မှ တိုက်ရိုက်(Live)ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

